ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက် လိမ့်မည်မဟုတ်ဟု မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေ ပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်တိ သကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှု ဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 8 April 2021 ၁၀၃၄၁

သင်္ကြန်ရုံးပိတ်ရက်မတိုင်မီ အောင်မင်္ဂလာအဝေးပြေးနှင့် ဒဂုံဧရာအဝေးပြေး ယာဉ်ရပ်နားစခန်းတို့မှ ယာဉ်လိုင်းဂိတ် စုစုပေါင်း ၃၅၀ ကျော် နေ့စဉ်ပုံမှန် ပြေးဆွဲပေးမည်

ရန်ကုန် ဧပြီ ၇

မြန်မာ့နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကာလ အတွင်း ရန်ကုန်မြို့မှ မြန်မာနိုင်ငံ အရပ်ရပ်သို့ သွားရောက်ကြမည့် ခရီးသွား ပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူ စေရန်အတွက် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီအခွန်ဌာနအောက် ရှိ မြောက်ဥက္ကလာပမြို့နယ် အောင်မင်္ဂလာ အဝေးပြေး ယာဉ်ရပ်နားစခန်းနှင့် လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေး ယာဉ်ရပ်နားစခန်းတို့မှ ခရီးသည်တင် ယာဉ်လိုင်းဂိတ် စုစုပေါင်း ၃၅၀ ကျော် တို့သည် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့် အညီ ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နား စခန်း တာဝန်ရှိသူတစ်ဦး၏ ပြောကြား ချက်အရ သိရသည်။

"အောင်မင်္ဂလာ အဝေးပြေးယာဉ် ရပ်နားစခန်းမှာ ကိုဗစ်-၁၉ ရောဂါ မတိုင် ခင်က ခရီးသည်တင်ယာဉ်လိုင်းဂိတ်ပေါင်း ၂၆၀ ကျော်ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကြောင့် ခရီးသွားလာမှုနည်းပါးတာကြောင့် အချို့ဂိတ်တွေ ရပ်နားထားပါတယ်။ ဒါပေမယ့် ခရီးသွားပြည်သူတွေ အဆင် ပြေစေရန်အတွက် ပြေးဆွဲနေတဲ့

စာမျက်နှာ ၄ ကော်လံ ၁ သို့ ➲

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၂၁) ကျင်းပမည်

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၄/၂၀၂၁)ကို ဧပြီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၂၁)ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဧပြီ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၄/၂၀၂၁)ကို ဧပြီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်း အဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းသတင်းစာရှင်းလင်းပွဲပြုလုပ်မှုကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရ သည်။

သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ

ဒီမိုကရေစီအရေခြုံ မျက်လှည့်ပွဲ — ဆောင်းပါး စာမျက်နှာ » ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒုတိယတစ်လတာခရီး — စာမျက်နှာ » ၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် — စာမျက်နှာ » ၁၈

ကြေးမုံ

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လူသားအရင်းအမြစ်အရေးကြီး

လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်ရေးနှင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေရေးတို့သည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသည့် အဓိကလိုအပ်ချက် ၄ ချက်ဖြစ်ကြောင်း ဧပြီလ ၆ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား ပြောကြားခဲ့သည်။

ဖွံ့ဖြိုးရေးအချက် ၄ တွင် လူသားအရင်းအမြစ် တိုးတက်ကောင်းမွန်ရေးသည် နိုင်ငံ၏အနာဂတ်အတွက် အဓိကကျသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်၍ ကျောင်းနေအရွယ် ကလေးသူငယ် လူငယ်လူရွယ်များ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးရေးကို စနစ်တကျပြုလုပ်ပေးရန်လိုအပ်သည်။ မျိုးဆက်သစ်ကလေးသူငယ် လူငယ်လူရွယ်များ ပြုစုပျိုးထောင်ပေးရေးမှာ လက်ရှိအချိန်အထိ စိတ်မအေးဖွယ်ရှိနေသေးသည်။ ထို့ကြောင့် စာသင်ကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးကို ကြိုးစားဆောင်ရွက်နေရသည်။ စာသင်ကျောင်းများဖွင့်လှစ်နိုင်ရေးကို ကြိုးစားဆောင်ရွက်ရာတွင် အနှောင့်အယှက်များရှိနေပြီး စာသင်ကျောင်းများ ပြန်လည်မဖွင့်လှစ်နိုင်ပါက နိုင်ငံနှင့်လူငယ်များအတွက် များစွာနစ်နာမှုဖြစ်စေနိုင်သည်။

မြန်မာနိုင်ငံ၏ ပညာရေးသမိုင်း ၁၉၉၇ ခုနှစ် တန်းစဉ်ကူးပြောင်းမှုများကို ကြည့်မည်ဆိုလျှင် ကျောင်းနေအရွယ်ကလေး တစ်သန်းခွဲကျော် ကျောင်းနေခဲ့သော်လည်း မူလတန်းပြီးမြောက်သောအခါတွင် အလယ်တန်းကူးပြောင်းမှု ၃၄ ဒသမ ၇၁ ရာခိုင်နှုန်းသာ တက်ရောက်နိုင်သည်ကို တွေ့ရပေသည်။ ၆၅ ရာခိုင်နှုန်းမှာ ပဉ္စမတန်းတွင် ရပ်တန့်သွားပြီး တက္ကသိုလ်ဝင်တန်းရောက်သည့်အချိန်တွင် ၁၇ ရာခိုင်နှုန်းကျော်သာ ကျန်ရှိတော့သည်ကို တွေ့ရပေသည်။ ၂၀၁၉ ခုနှစ်ကောက်ခံထားသည့်စာရင်းများအရ လုံးဝကျောင်းမနေဖူးသူ ၃ ဒသမ ၇ သန်းရှိပြီး ၎င်းတို့မှာ ပြည်နယ်များမှ အများဆုံးဖြစ်သည်ကို တွေ့ရသည်။ အထက်တန်းအဆင့်ပြီးမြောက်မှုမှာ နည်းပါးသွားပြီး နည်းပါးရခြင်းမှာ နဝမတန်းပညာတတ်မြောက်မှုအားနည်းနေသောကြောင့်ဖြစ်နိုင်သည်။

ယခင်ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်သည့် စဉ်ဆက်မပြတ် လေ့လာအကဲဖြတ်အတန်းတင်ပေးသည့် စနစ်အပေါ် ပြန်လည်ဆန်းစစ်ရန် လိုအပ်နိုင်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြောကြားထားသည်။ ယခုလက်ရှိတွင် ကျောင်းများပိတ်ထားရသည်မှာ စာသင်နှစ်တစ်နှစ်မက ကျော်လွန်လာပြီဖြစ်၍ ကျောင်းသား ကျောင်းသူများ အနာဂတ်အတွက် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်နေရသည်။ ထို့အပြင် ပြည်နယ်များရှိ လုံးဝကျောင်းမနေဖူးသူ တိုင်းရင်းသားကလေးငယ်များ၏အရေးကို ဦးစားပေးစဉ်းစားကြရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းရှိ ပြည်သူပြည်သားများ ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးဖို့လိုသည်။

ပညာသင်ကြားရေးသည် လူမှုဘဝဖွံ့ဖြိုးရေးအတွက် အရေးပါသည့်ကိစ္စဖြစ်ပြီး ထိုဒေသများတွင် ပြည်သူများ စာတတ်မြောက်ရေးအတွက် စာဖတ်ဝိုင်းများ ပြုလုပ်ပေးရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် ပညာသင်ကြားရေးကိုအခြေခံသည့် မျိုးဆက်သစ်လူငယ်များ အသိဉာဏ်ဖွံ့ဖြိုးမှုအခြေအနေကို ပြီးခဲ့သည့် ငါးနှစ်တာကာလ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပျိုးထောင်ပေးခဲ့မှုများကို ဆန်းစစ်လေ့လာသုံးသပ်ကြည့်နိုင်ပေသည်။ ပညာရေးသာမက စာရိတ္တပိုင်းဆိုင်ရာ ယိုင်နဲ့လာမှုများကို သတိပြုမိကြရမည်ဖြစ်သည်။ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများတွင်ပါ လျော့ရဲလာသည်ကို လက်တွေ့မြင်တွေ့ရမည်ဖြစ်သည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများအပေါ် လေးစားရိုသေကိုင်းရှိုင်းမှုများပါ ပျောက်ကွယ်လာသည်ကို တွေ့ရမည်ဖြစ်သည်။

ယင်းအချက်များသည် နိုင်ငံနှင့်လူမျိုးအတွက် လက်ရှိအခြေအနေ အချိန်အခါနှင့် အနာဂတ်အတွက်ပါ စိုးရိမ်ပူပန်စရာအချက်များဖြစ်၍ အချိန်မီ ပြန်လည်တည့်မတ်နိုင်ရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ ကလေးသူငယ်များအပါအဝင် လူငယ်လူရွယ်များ ပညာသင်ကြားနိုင်ရေး၊ ပညာတတ်မြောက်လာရေးသာမက ယဉ်ကျေးမှုနှင့် ဘာသာစာရိတ္တပိုင်းဆိုင်ရာများပါ မြင့်မားခိုင်ကျည်လာအောင် တည့်မတ်ပြုပြင် ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်၏အနာဂတ်နှင့် ကလေးသူငယ် မျိုးဆက်သစ်လူငယ်လူရွယ်များ အနာဂတ် မြင့်မားခိုင်ကျည်တောက်ပြောင်လာရေးအတွက် လူသားအရင်းအမြစ် တိုးတက်ကောင်းမွန်ရေး အစီအစဉ်များကို နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပါရဂူဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့ကြိုသင်တန်းလျှောက်လွှာများ ၁၂-၄-၂၀၂၁ ရက်နေ့အထိ လျှောက်ထားနိုင်

နေပြည်တော် ဧပြီ ၇

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သော ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ပါရဂူဘွဲ့ကြို (Ph.D Prelim) သင်တန်းတက်ရောက်ရန်အတွက် သက်ဆိုင်ရာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ပုံစံဖြင့် ၆-၄-၂၀၂၁ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းစာများတွင် ကြော်ငြာခေါ်ယူထားပြီးဖြစ်သော်လည်း အဆိုပါ နောက်ဆုံးလျှောက်ထားရမည့် ၆-၄-၂၀၂၁ ရက်အစား ရက်တိုးမြှင့်၍ ၁၂-၄-၂၀၂၁ ရက် (တနင်္လာနေ့)အထိ လျှောက်ထားနိုင်ကြောင်း ပညာရေးဝန်ကြီးဌာနက ထပ်မံကြေညာထားကြောင်း သိရှိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇-၄-၂၀၂၁)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၂၀၀	၉,၃၀၀	၅၁	၄၇၁,၃၀၀
MTSH	၃,၅၀၀	၃,၅၅၀	၂၆၆	၉၃၆,၀၀၀
MCB	၇,၉၀၀	၇,၉၀၀	၀	၀
FPB	၂၁,၅၀၀	၂၁,၅၀၀	၅၃	၁,၁၃၉,၅၀၀
TMH	၂,၆၅၀	၂,၇၅၀	၉၁	၂၄၂,၆၅၀
EFR	၃,၁၅၀	၃,၂၀၀	၂၁	၆၆,၂၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၇

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က)အမေရိကန်	တစ်ဒေါ်လာ	=	၁၅၁၀.၁
(ခ) ဥရောပ	တစ်ယူရို	=	၁၇၉၃.၃
(ဂ) တရုတ်	တစ်ယွမ်	=	၂၃၀.၈၁
(ဃ)ထိုင်း	တစ်ဘတ်	=	၄၈.၂၀၀
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၆၅.၄၆
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၀.၃၂၆
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၁၅၂.၃
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၁၂၇.၈
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၃၇၄.၃
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၃၅.၀၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်သည် COVID-19 ရောဂါဖြစ်ပွားနေချိန်ဖြစ်ပြီး social distancing နှင့် အညီ မဲပေးမှုများဆောင်ရွက်ခဲ့ရကြောင်း၊ မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ မဲစာရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာတွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထိုသို့ မဲစာရင်းလွဲမှားနေမှုများကို ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ်ပြောဆိုခဲ့ကြောင်း၊ မြိတ်မြို့နယ်တွင် မဲမသမာမှုပေါင်း ၅ သောင်းကျော်နှင့် ကျွန်းစုမြို့နယ်တွင် မဲမသမာမှုပေါင်း ၃ သောင်းကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုပါက ၁၀ သန်းကျော်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့်စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်၏တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီ ဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၇

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် အဆောက်အအုံ ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဦးအေးကြွယ်၊ ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူတို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် အဆောက်အအုံ ဆောက်လုပ်မည့် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး ပန္နက်တင်ပေးကာ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

စီစဉ်ဆောင်ရွက်သွားမည်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် အဆောက်အအုံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှေ့ ယာဘက် မျက်နှာစာ၌ သီးခြားဆောက်လုပ်ပြီး ခမ်းနားထည်ဝါစွာဖြင့် ဖွင့်လှစ် ပြသနိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ယနေ့တွင် ပန္နက်တင် မင်္ဂလာ အခမ်းအနား ပြုလုပ်ခြင်းဖြစ်သည်။ အဆောက်အအုံအရွယ် အစားမှာ အလျား ပေ ၁၀၀၊ အနံ ၇၅ ပေ၊ အမြင့် ၂၆ ပေ ၊ RCC နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ပြတိုက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တူရိယာများ၊ အသုံးအဆောင် ပစ္စည်းများ၊ ပုံစံငယ်များ၊ စတူဒီယိုများဖြင့် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရေးအတွက် ဗဟုသုတဖြစ်ဖွယ် ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် Auditorium ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မိမိအလုပ်အပေါ် အလေးထား တန်ဖိုးထားရေးနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးမှာကြားခဲ့သည်။

သတင်းစဉ်

(၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ တတိယနေ့အခမ်းအနား ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၇

(၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲ တတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်-၅၀၀ နှင့် နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ တို့၌ Online စနစ် Virtual Conference ဖြင့် တစ်ပြိုင်နက်တည်း ဆက်လက်ပြုလုပ်ရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ကိုကိုလွင်၊ ဆေးဝန်ထမ်း တပ်ဖွဲ့မှ တပ်မှူးများ၊ တပ်ရင်းမှူးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုများ၊ စင်ကာပူ၊ လာအို၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများမှ ဆေးပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ ထို့အပြင် အခြားတပ်မတော် ဆေးရုံ/ ဆေးတပ်အသီးသီးသည် Internet မှတစ်ဆင့် နေရာ ၁၆၂ ခုမှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ ကျန်းမာရေးလက်ထောက်... စုစုပေါင်း ၆၇၄ ဦး တက်ရောက်ကြသည်။

ယင်းနေ့တွင် "Clinicopathological Conference"၊ "Special Talk" ခြောက်ခု၊ "Debate Session" နှင့် Symposium အဖြစ် "Update on Management of Cervical Cancer"၊ "Digital Dentistry"၊ "Brain and Cognition"၊ "E-learning: Meeting the Challenges"၊ "Therapy of Hepatitis B: Today and Tomorrow"၊ "Septicaemia: Challenges for Physician" နှင့် "Better Balance for Secure Movement" တို့အား ဆွေးနွေးပြုလုပ်ခဲ့သည်။

၎င်းအပြင် သုတေသနစာတမ်းများအဖြစ် ဆေးပညာ၊ ပြည်သူ့ကျန်းမာရေးဆေးပညာ၊ စိတ်ကျန်းမာရေးပညာနှင့် ဇီဝဓာတုဗေဒ စသည့် ဘာသာရပ်ဆိုင်ရာ စုစုပေါင်း သုတေသနစာတမ်း ၁၅ စောင်တို့ကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။

ထို့နောက် ဆုရွေးချယ်ရေးအဖွဲ့မှ အကောင်းဆုံး သုတေသနစာတမ်းနှင့် ပိုစတာဆုများအတွက် ပထမ၊ ဒုတိယ၊ တတိယရရှိသူများနှင့် Young Researcher Award ရရှိခဲ့သည့် သုတေသနစာတမ်း၊ ပိုစတာဆုရှင်များအား ကြေညာပြီးနောက် တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ကိုကိုလွင်က အမှာစကားပြောကြားကာ (၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး မလေးရှားသံအမတ်ကြီး Mr. Zahairi Baharim နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၇

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Mr. Zahairi Baharim နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် မလေးရှားနိုင်ငံ Petronas Carigali Myanmar Limited (PCML) က Operator အဖြစ် ဆောင်ရွက်နေသည့် ရဲတံခွန်ကမ်းလွန်စီမံကိန်းတွင် Acid Gas Removal Unit (AGRU) တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်မှုများ၊ Rooftop Solar စီမံကိန်းအတွက် Capacity Development ဆောင်ရွက်မှု၊ ကုမ္ပဏီတွင် မြန်မာဝန်ထမ်းများ ပိုမိုခန့်ထားနိုင်ရေးနှင့် လေ့ကျင့်သင်ကြားပေးရေး၊ ဝန်ထမ်းများကို မလေးရှားနိုင်ငံ တက္ကသိုလ်များတွင် ဘွဲ့လွန်နှင့် သင်တန်းများ ပို့ချပေးရေး ကုမ္ပဏီအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေသည့် စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Development) သင်တန်းများဆိုင်ရာ အစီအစဉ်များ၊ မြန်မာ-မလေးရှား နှစ်နိုင်ငံအကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ရေ့ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မလေးရှားနိုင်ငံ သံရုံးမှ ကိုယ်စားလှယ်များနှင့် Petronas Carigali Myanmar Limited (PCML) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပထမအကြိမ် ADGSOM-ATRC Leaders' Retreat အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် မေ ၇

ပထမအကြိမ် ADGSOM–ATRC Leaders' Retreat (1st ASEAN Digital Senior Officials' Meeting and ASEAN Telecommunications Regulators' Council Leaders' Retreat) အစည်းအဝေးကို ယနေ့တွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် Virtual စနစ်ဖြင့် ကျင်းပသည်။

ပါဝင်တက်ရောက်ခဲ့

အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေနှင့် ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးကို ADGSOM အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံက အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံများမှ ဒစ်ဂျစ်တယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ Regulator အဖွဲ့အစည်းအကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံဒိုင်ယာလော့စီဘတ်နဂ်တို့မှ ဒါရိုက်တာနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံဒိုင်ယာလော့စီဘတ်နဂ် ရန်ပုံငွေဆိုင်ရာ ကိစ္စရပ်များနှင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၃၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်နိုင်ရေးအတွက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများသို့ တင်ပြအတည်ပြုချက်ရယူရန် လိုအပ်သည့် "Leaders' Statement on Advancing the Digital Transformation of ASEAN" ပြုစုထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအချိန်ဇယားတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် အာဆီယံဒိုင်ယာလော့စီဘတ်နဂ် Work plan ၂၀၂၁ အရ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ အာဆီယံဒိုင်ယာလော့စီဘတ်နဂ် Work plan ၂၀၂၂ ခုနှစ်အတွက် အဖွဲ့ဝင်နိုင်ငံများမှ လျာထားတင်ပြလာသည့် စီမံကိန်းများကို ဦးစားပေးလိုအပ်ချက်များနှင့် ရန်ပုံငွေအခြေအနေအပေါ်မူတည်၍ အတည်ပြုဆောင်ရွက်နိုင်ရေးကိစ္စများ၊ ပြင်ပအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်မည့် စီမံကိန်းများနှင့် အခြားဆက်သွယ်ရေးနှင့် ဒိုင်ယာလော့စီဘတ်နဂ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

၀ ရှေ့ဖုံးမှ

ယာဉ်လိုင်းတွေကို ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်နဲ့အညီ ထိုင်ခုံတွေကို နှစ်ခုံတစ်ယောက်နှုန်းနဲ့ သတ်မှတ်ပြေးဆွဲပေးပါတယ်။ ယာဉ်လိုင်းပိုင်ရှင်တွေ နစ်နာမှုမရှိစေဖို့အတွက် ခရီးသည်နဲ့ ကုန်ပစ္စည်းတွေကိုလည်း ပူးတွဲတင်ဆောင်ခွင့်ပြုပေးပါတယ်။ မကြာမီရောက်ရှိတော့မယ့် သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူတွေ အဆင်ပြေစေဖို့အတွက် ရပ်နားထားတဲ့ယာဉ်လိုင်းတွေလည်း ဒီရက်ပိုင်းအတွင်း ပြန်လည်ဖွင့်လှစ်လာတာကို တွေ့ရတာ မြန်မာနိုင်ငံအရပ်ရပ်ကို ပြန်ကြမယ့် ခရီးသည်တွေအဆင်ပြေပါတယ်"ဟု အဆိုပါ တာဝန်ခံက ပြောသည်။

အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ ယာဉ်လိုင်းများသည် မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းတို့ကို နေ့စဉ် ပုံမှန်ပြေးဆွဲလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့သို့ ခရီးသွားပြည်သူများ သွားလာမှုအပေါ်မူတည်၍ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ ထို့အတူ ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်မြို့များသို့ လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းမှ ယာဉ်လိုင်းဂိတ်ပေါင်း ၉၀ ကျော်တို့ကလည်း ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

စောရွှေဝှန်း

ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၇

၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ သတ္တမနေ့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ရောင်းချနိုင်ခဲ့

ယနေ့တွင် ရောင်းချပွဲ ဆဋ္ဌမနေ့က အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့သည့် ကျောက်စိမ်းအတွဲအမှတ် (၄၅၁)မှ အတွဲအမှတ်(၉၀၀)အထိ ကျောက်စိမ်းအတွဲပေါင်း ၄၅၀ တွင် အတွဲပေါင်း ၄၀၇ တွဲကို မြန်မာငွေကျပ် ၃၅၁၀၁၉၉၇၀၈ ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ရောင်းချပွဲသတ္တမနေ့တွင် နံနက် ၈ နာရီမှစ၍ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ်(၉၀၁)မှ အတွဲအမှတ်(၁၃၅၀)အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၈ ရက် နံနက်ပိုင်းတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ဖောက်စစ်ဆေး

အလားတူ မေ ၈ ရက်တွင် ကျောက်စိမ်းအတွဲ (၁၃၅၁)မှ အတွဲအမှတ်(၁၈၀၀)အထိ တင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၉ ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ မေ ၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၁၈၀၁)မှ အတွဲအမှတ်(၂၁၄၈)အထိ တင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၁၀ ရက် နံနက်ပိုင်းတွင်လည်းကောင်း ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၇

နှစ်စဉ် ဧပြီ ၇ ရက်တွင် ကျရောက်သော ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန COVID-19 Command Centre ၌ ကျင်းပသည်။

ဆက်လက်လိုက်နာ

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ၂၀၂၁ ခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်မှာ Building a fairer, healthier world ဖြစ်ပြီး "တို့ရဲ့ကမ္ဘာ ပိုမိုကျန်းမာဖို့ ကျန်းမာရေးစောင့်ရှောက်မှု သာတူညီမျှပေးကြစို့" ဟု ဘာသာပြန်ဆိုထားပါကြောင်း၊ ကိုဗစ်-၁၉ရောဂါ ကူးစက်မှုများ ပြန်လည်မြင့်တက်ခြင်း မရှိစေရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းများကို မူလအစီအစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးသူများအနေဖြင့်လည်း အခြားသူများနည်းတူ အခြေခံကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများကို အထူးသတိပြု၍ ဆက်လက်လိုက်နာကြရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မညီမျှမှုများဖြစ်ပေါ်နေသည့် အခြေအနေများကို ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများစွာအနက် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများအနေဖြင့် မိဘပြည်သူများ၏ ကျန်းမာရေးကို မိမိတို့၏ကိုယ်ပိုင်အရေးကိစ္စကဲ့သို့ သဘောထား၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ပြည်သူများနှင့်အတူတကွ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ခိုင်မာတိကျ၍ ရည်ညွှန်းအသုံးပြုနိုင်သည့် ကျန်းမာရေးဆိုင်ရာ စာရင်းဇယားကိန်းဂဏန်းအချက်အလက်များကို စနစ်တကျ မှတ်တမ်းတင်ထားရှိခြင်း စသည့်လုပ်ငန်းစဉ်များကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု သာတူညီမျှစွာရရှိမှု အားနည်းနေသေးပြီး အခြားကျန်းမာရေးစောင့်ရှောက်ပေးမည့်သူမရှိသည့် ဝေးလံခက်ခဲဒေသများတွင် မှီတင်းနေထိုင်ကြသော ပြည်သူများကို အခြေခံကျသည့် မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရေး ဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏တာဝန်မှာ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဖြစ်သည်နှင့်အညီ ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပုဂ္ဂိုလ်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများသည် လူနာများ၊ ပြည်သူလူထုများ၊ ဌာနများကိုစွန့်ခွာ၍ အလုပ်တာဝန်များ မထမ်းဆောင်ဘဲ လျစ်လျူရှုထားခြင်းကို သင့်လျော်မှု ရှိ/မရှိ စဉ်းစားချင့်ချိန်ပြီး တာဝန်ကျရာလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်သင့်သော အချိန်အခါ ဖြစ်ပါကြောင်း။

ယနေ့ကျရောက်သည့် ကမ္ဘာ့ကျန်းမာရေးနေ့အခါသမယမှစတင်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် သာတူညီမျှမှု မရရှိသေးသည့် အခြေအနေများနှင့်ပတ်သက်၍ ယခုနှစ် ဆောင်ပုဒ်နှင့်အညီ မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်၍ မိဘပြည်သူအားလုံးအတွက် လိုအပ်သော အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှုများ သာတူညီမျှ လက်လှမ်းမီစွာရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် Building a fairer, healthier world "တို့ရဲ့ကမ္ဘာ ပိုမိုကျန်းမာဖို့ ကျန်းမာရေး စောင့်ရှောက်မှု သာတူညီမျှပေးကြစို့" ခေါင်းစဉ်ဖြင့် မှတ်တမ်းတင်ဗီဒီယိုကို ပြသသည်။

အခမ်းအနားအပြီးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများသည် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

သတင်းစဉ်

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းလွှမ်းခြုံမှုမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၇

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းလွှမ်းခြုံမှုမြင့်မားစေရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ တက်ရောက်ကြသည်။

အရေးကြီးသည့်လုပ်ငန်းဖြစ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP) နှင့်အညီ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ပဋိသန္ဓေတည်သည့်အချိန်မှစ၍ သက်ကြီးဘဝအထိ အရွယ်စုံ ဦးတည်အုပ်စုအလိုက် လိုအပ်သော မူဝါဒများ၊ မဟာဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းရပ်မှာ ဌာန၏ ဇဟိုချက်လုပ်ငန်းကြီးဖြစ်ပြီး အရေးကြီးသည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြီးဖြစ်ပွားမှုသည် မူကြိုကဏ္ဍကိုလည်း အကျိုးသက်ရောက်ပါကြောင်း၊ မူကြိုကျောင်းများပိတ်ထားရသဖြင့် ကလေးများကို စနစ်တကျ ပြုစုပျိုးထောင်မှုအခွင့်အလမ်း မရရှိတော့ပါကြောင်း၊ မူကြိုကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်မှုများ စနစ်တကျဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးနည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့်ချိတ်ဆက်ပြီး ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးကြီးပါကြောင်း၊ မူကြိုပညာရေးလွှမ်းခြုံမှုမှာ ရာခိုင်နှုန်းအားဖြင့် နည်းနေ၍ လွှမ်းခြုံမှုမြင့်မားလာရေးအတွက် ဆွေးနွေးပေးကြစေလိုကြောင်း၊ လွှမ်းခြုံမှုများ ဆောင်ရွက်ရမည့်နည်းတူ အရည်အသွေး ပြည့်ဝသော မူကြိုပညာရေး ရရှိရန်အတွက်လည်း အရေးကြီးပါကြောင်း၊ ထို့အပြင် အထူးအခြေအနေတွင်ရှိသော ကလေးများ မူကြိုပညာရရှိရေးကိုလည်း အလေးထားဆွေးနွေးလိုပါကြောင်း၊ ဆွေးနွေးချက်များအပေါ်မူတည်၍ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ရမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံ၏အနာဂတ် မျိုးဆက်သစ်များဖြစ်သည့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြရန် ဖြစ်သည့်အတွက် အရေးကြီးပါကြောင်း၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ ရင်းနှီးမြှုပ်နှံပေးရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲရလဒ်များကိုလည်း များစွာမျှော်လင့်ပါကြောင်း၊ ကလေးသူငယ်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မူလတန်းကြိုတက်ရောက်မှုနှုန်းမြင့်မားစေရန်မှာ မူဝါဒချမှတ်သူများနှင့် လုပ်ငန်းအကောင်အထည်ဖော်နေသူများအကြား ညှိနှိုင်းအဖြေရှာမှု၊ ပေါင်းစပ်အားထုတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကသာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများသို့ မရောက်ခင် ကလေးများအား လေ့ကျင့်ပေးရန်မှာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးသူများအနေဖြင့် မူကြိုကျောင်းများ၏ အရည်အသွေးမြင့်မားလာစေရေး၊ မူကြိုကျောင်းများတက်ရောက်မှု လွှမ်းခြုံမှုမြင့်မားလာစေရေး၊ ECCD လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အစိုးရဌာနအဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများအကြား အချင်းချင်းချိတ်ဆက်မှုစနစ် အားကောင်းစေရေး စသည့် အချက်(၃)ချက်အပေါ်တွင် အဓိကထား၍ ဆွေးနွေးရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များက အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် ခေါင်းစဉ်များနှင့် လုပ်ငန်းစဉ်များအပေါ် ရှင်းလင်းခြင်း၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများနှင့် အစည်းအဝေးတက်ရောက်လာသူများက အုပ်စုလေးစုခွဲ၍ မူကြိုပညာရေးအရည်အသွေးမြင့်မားမှု၊ မူကြိုပညာရရှိမှု မြင့်မားရေး၊ ECCD ရန်ပုံငွေ (ရရှိ/ ထိန်းသိမ်း/ သုံးစွဲမှု)(Budget)နှင့် ECCD ဆိုင်ရာ ဆောင်ရွက်ချက်များ(Collaboration & Inclusive ECCD)ကို အုပ်စုလိုက်ဆွေးနွေးခြင်း၊ ပြန်လည်တင်ပြခြင်းနှင့် ဆွေးနွေးချက်များအပေါ် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဒီမိုကရေစီအရေခြုံ မျက်လှည့်ပွဲ

ငြိမ်းချမ်းမောင်

ယနေ့ ဒီမိုကရေစီအခင်းအကျင်းတိုက်ပွဲ သူတို့အဆိုအရ နွေဦးတော်လှန်ရေးမှာ အစုအဖွဲ့လေးမျိုးဟာ ပါဝင်ကစားနေကြပါတယ်။ အဓိကစပွန်ဆာ(sponsor) က နောက်ကွယ်က လက်မည်းကြီးနဲ့ ဇာတ်ညွှန်းရေးသူ NLD ရယ်၊ အရောင်အသွေးမပါဘဲ ဆန်းသစ်တီထွင်တက်ကြွလှုပ်ရှားလိုကြတဲ့ မျိုးဆက်သစ်လူငယ်တွေနဲ့ ရှေ့တန်းမထွက်ဘဲ နောက်ကွယ်က သံပုံးတီး၊ လက်ခုပ်တီး၊ အမျိုးမျိုးအဖုံဖုံ မြှောက်ပင့်ပေးနေကြတဲ့သူတွေအပြင် ပြည်တွင်းက ပုဆိန်ရိုးတွေနဲ့ ပြည်ပကအဖျက်သမားတွေ၊ နောက်ပြီး တောမီးလောင်ချိန်မှာ တောကြောင်လက်ခမောင်းခတ်သူတွေ ပါဝင်။

ယနေ့အချိန်အခါမှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ဟာ နှစ်လတာကာလကို ကျော်လွန်ရောက်ရှိလာပါပြီ။ ဒီမိုကရေစီအရေခြုံတွေက ပြည်သူလူထုကို အချိန်ကာလကြာရှည်စွာ လှည့်စားထားတာကြောင့် စိန်ခေါ်မှု အကြီးအသေးမျိုးစုံတွေနဲ့ ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ တကယ်တော့ အမှန်တရားကိုဖုံးကွယ်ပြီး အာဏာရှင်ဆန့်ကျင်ရေးလမ်းကြောင်းကို တစိုက်မတ်မတ်ပုံဖော်ခဲ့တာဟာ တစ်ပါတီကြီးစိုးတဲ့ ဒီမိုကရေစီအာဏာရှင်ဘဝကို မရမက ပြန်လည်တည်ဆောက်ချင်လို့ ဖြစ်ပါတယ်။ အင်အားကြီးပါတီကြီး နိုင်ငံ့တာဝန်ယူစဉ်က ဒီမိုကရေစီအာဏာရှင်လို့ နိုင်ငံရေးလေ့လာသုံးသပ်သူတွေက မှတ်ချက်ချခဲ့ကြတာ မှတ်မိကြဦးမှာဖြစ်ပါတယ်။ တကယ်လည်း ဒီမိုကရေစီလို့ ကြွေးကြော်ပြီး မိမိကိုယ်တိုင် အာဏာရှင်ဖြစ်မှန်းမသိဖြစ်နေခဲ့တာကို မတွေးမိကြဘူးထင်ပါတယ်။ အာဏာကို လက်လွှတ်လိုက်ရတဲ့အခါမှာတော့ အာဏာရှင်ဆန့်ကျင်ရေး၊ အာဏာရှင်တော်လှန်ရေးလမ်းကြောင်းကို လူထုဘက်ကို လှည့်ပြောင်းပေးလိုက်တာ တွေ့ရမှာဖြစ်ပါတယ်။ ကိုယ်တိုင်မတော်လှန်၊ မဖယ်ရှားနိုင်ဘဲ ပြည်သူလူထုကို လမ်းကြောင်းလွှဲပေးလိုက်တာကတော့ မိုက်ချက်ကအကုန်ပါပဲ။

မျက်လှည့်ပွဲနဲ့တူနေ

လူထုအရှိန်အဟုန် မကျစေဖို့အတွက် နောက်ကနေ မီးထိုးပေးတာလည်း တော်ရှာပါတယ်။ ပြည်ပကို အားကိုးတာ ထင်သလိုဖြစ်မလာတော့ ပြည်တွင်းက လူထုဘက်ကိုပဲ လှည့်ရပါတယ်။ CDM မလုပ်တဲ့သူတွေ ဘယ်နေ့နောက်ဆုံးပဲ၊ လူထုကို ထောက်ပံ့ပေးဖို့ ဒေါ်လာတွေ ဘယ်လောက်ရနေပြီ၊ ပြည်သူ့အစိုးရ မကြာမီဖွဲ့တော့မယ်၊ ပြည်သူ့အုပ်ချုပ်ရေးတွေလည်း မကြာမီပေါ်တော့မယ်၊ ဖက်ဒရယ်တပ်မတော်ကြီးလည်း မကြာမီရောက်လာတော့မယ်၊ မကြာခင်အောင်မြင်မှုရပါတော့မယ်စတဲ့ "မကြာမီလာမည် . . . မျှော်" ဆိုတဲ့ မပြသေးတဲ့ ရုပ်ရှင်ကား ကြော်ငြာသလိုပါပဲ။ ပရိသတ်ကို မက်လုံးတွေပေးထားပြီးတဲ့နောက် လာနိုးလာနိုးနဲ့ အလံရှူးတွေနဲ့ ပေါင်းရိုက်တဲ့ မျက်လှည့်ပွဲနဲ့ တူနေပါတယ်။

ဒီမိုကရေစီအရေခြုံဇာတ်လမ်းဟာ အချိန်တန်ရင်တော့ ပြီးသွားမှာတော့ မှန်ပါတယ်။ ဒါပေမယ့် အာဏာဗီဆန်ရေးလမ်းကြောင်းပေါ်ကို ပြည်သူတွေကို တွန်းထုတ်နေတာ၊ မျိုးဆက်သစ်လူငယ်တွေကို သွေးကြွအောင် မြှောက်ပင့်ပေးနေတာ၊ ပြည်သူတွေ သေကျေပျက်စီးမယ့်လမ်းကို တွန်းပို့ပေးတာ၊ လူထုကို ဥပဒေအပြင်ဘက်ရောက်အောင်လုပ်တာ၊ တပ်မတော်နဲ့ လူထုကို ရန်တိုက်ပေးတာ စတာတွေဟာ တိုင်းပြည်ပျက်စီးစေမယ့် လုပ်ရပ်တွေဖြစ်လို့ စိုးရိမ်ပူပန်မိပါတယ်။ အဲဒါတွေကို ဘယ်သူတွေလုပ်နေပါလဲ။ နောက်ကွယ်ကလူတွေကကော ဘယ်သူတွေပါလဲ။ ပွဲလန့်တုန်းဖျာခင်းကြတာ ဘယ်သူတွေပါလဲ။ သေသေချာချာ လေ့လာဆန်းစစ်ကြမယ်ဆိုရင် အမှန်အတိုင်းသိနိုင်မှာ ဖြစ်ပါတယ်။

မြှောက်ပင့်သွေးထိုးနေ

ယနေ့ နိုင်ငံရေးကစားပွဲမှာ အဓိက ကစားနေကြတဲ့သူတွေကတော့ နောက်ကွယ်က လက်မည်းကြီးနဲ့ ပြည်တွင်းက ပုဆိန်ရိုးတွေပါပဲ။ အာဏာကို ပြန်လိုချင်ကြတဲ့ ပုဆိန်ရိုးတွေ၊ တိုင်းပြည်ကို ပျက်စီးစေလိုတဲ့ ပြည်ပက လက်မည်းကြီးတွေနဲ့ ၎င်းတို့ရဲ့ လက်ဝေခံတွေပဲဖြစ်ပါတယ်။ ပြည်ပက လက်မည်းကြီးတွေရော ပြည်တွင်းက ပုဆိန်ရိုးတွေဟာ အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးကို အကြောင်းပြပြီး ခေတ်အဆက်ဆက်မှာ အာဏာဗီဆန်ရေးလမ်းကြောင်းပေါ်တက်ပြီး တိုင်းပြည်ကို ပျက်စီးရာပျက်စီးကြောင်းလုပ်ခဲ့ကြတာဟာ ယနေ့ထက်တိုင်ပါပဲ။ ယနေ့ကာလမှာတော့ နဂိုကတည်းက စိတ်အခံနဲ့ ပြည်သူတွေနဲ့ တက်ကြွနေတဲ့ မျိုးဆက်သစ်လူငယ်တွေကို လမ်းမှားပေါ်ကိုရောက်အောင် မြှောက်ပင့်သွေးထိုးပေးနေတာ အထင်အရှား တွေ့မြင်နေရပါတယ်။

ပြည်ပက လက်မည်းကြီးတွေဟာ ကျွန်တော်တို့ တိုင်းပြည်ကို လွယ်လွယ်ကူကူ ဖျက်ဆီးလို့မရပါဘူး။ အခွင့်အခါ ပေါ်လာတိုင်းမှာ မူရင်းလုပ်နည်းအတိုင်း ဝိတ်ဆို့ရေး၊ ဖိအားပေးရေး၊ အကျပ်ကိုင်ရေးတွေကိုသာ လုပ်နိုင်ကြပါတယ်။ အခွင့်အခါ မပေါ်သေးရင်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို တံဆိပ်ကပ်ပြီး ဆုကြေးဒေါ်လာငွေတွေ ပေးကာ ပိုးမွေးသလို မွေးမြူထားကြတာကို ပြည်သူတွေ မသိနိုင်ကြပါဘူး။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှု စတင်ပြီးတဲ့ ၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံက နိုင်ငံရေးနဲ့အရပ်ဘက်လူ့အဖွဲ့အစည်းက ပုဂ္ဂိုလ်ငါးယောက်ကို ဆုလာဘ်ကောင်းတွေချထားပြီး အဲဒီပုဂ္ဂိုလ်တွေဟာ သူတို့မဟုတ်သလို ယနေ့ထက်တိုင် ကြောင်သူတော်လို သိုသိုသိပ်သိပ်နေခဲ့ပါတယ်။

လမ်းမပေါ်တွန်းထုတ်ပေး

မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်လိုက်တာနဲ့ ဘယ်သူတွေဟာ ပထမဆုံး စတင်လှုပ်ရှားကြတယ်ဆိုတာကို သေသေချာချာ လေ့လာကြည့်ရင် သိနိုင်မှာပါ။ ပြည်တွင်းက ပုဆိန်ရိုးတွေက ပြည်တွင်းမှာ လှုပ်ရှားရင် အဖမ်းခံရမှာကိုကြောက်တော့ ပြည်ပကို ထွက်ပြေးပြီး မြေအောက်တော်လှန်ရေးလုပ်ကြပါတယ်။ NCA ကို ချိုးဖောက်တဲ့ နယ်စပ်က လက်နက်ကိုင်အဖွဲ့တွေဆီမှာ ခိုလှုံတဲ့သူက ခိုလှုံ၊ ပြည်ပကို သွားတဲ့သူကသွားပြီး နောက်ကွယ်က လက်မည်းကြီးရဲ့ အကူအညီနဲ့ ပြည်ဖျက်စီမံကိန်းတွေ စတင်လုပ်ဆောင်ကြပါတယ်။ "မတရားမှုကို ခံရဖို့" လို့ ကြွေးကြော်ပြီးတဲ့နောက်မှာ ပြည်သူနဲ့ မျိုးဆက်သစ်လူငယ်တွေကို မြှောက်ပင့်သွေးထိုးပေးပြီး လမ်းပေါ်ကို တွန်းထုတ်ပေးလိုက်နိုင်ပါတယ်။

မြန်မာပြည်မှာ ဒီအလုပ်ကိုလုပ်ရတာ သိပ်မခက်လှပါဘူး။ ရှေးရှေးတုန်းက မြင်ဖူး၊ တွေ့ဖူးတဲ့ လမ်းဆုံ၊ လမ်းခွ လူစည်ကားတဲ့နေရာတွေမှာ မျက်လှည့်ပွဲပြသလိုပါပဲ။ လူသွားလူလာများတဲ့ လမ်းဘေးကွက်လပ်တစ်နေရာမှာ သေတ္တာတစ်လုံးနဲ့ ဝိတ်စတစ်ခုကိုခင်း "ဒုံ . . ဂွမ် . . ဒုံ . . ဂွမ်" နဲ့ စည်နဲ့လင်းကွင်းကြီးကို တီးပြီး လမ်းသွားလမ်းလာတွေကို အချက်ပေးလိုက်ပါတယ်။

လမ်းသွားလမ်းလာတွေ တစ်ယောက်စ နှစ်ယောက်စ ဝိုင်းအုံလာတဲ့အခါမှာ ကြိုတင်စီစဉ်ထားတဲ့ အလံရှူး သုံးလေးယောက်နဲ့ ပွဲခင်းလိုက်သလိုပါပဲ။ နောက်ဆုံးကျတော့ မျက်လှည့်ကို ဘယ်လိုပြလိုက်တယ်ဆိုတာတောင် မသိလိုက်ရဘဲ ဆေးရောင်းပြီး ပွဲသိမ်းသွားသလိုအဖြစ်နဲ့တူပါတယ်။ ယခုလည်း ဒီမိုကရေစီ မျက်လှည့်ပွဲ စလိုက်တာ နဂိုကတည်းက စိတ်ဝင်စားနေကြတဲ့ ပရိသတ်ကို လွယ်လွယ်ကူကူ ဆွဲယူနိုင်ခဲ့ပါတယ်။

ဒီမိုကရေစီပွဲခင်းထဲ

ယနေ့နိုင်ငံရေး မျက်လှည့်ပြပွဲမှာ အားပေးကြတဲ့သူတွေက ပြည်တွင်းပြည်ပက ဆရာကြီးနဲ့ အလိုတော်ရိတွေ၊ လူထုနဲ့ မျိုးဆက်သစ်လူငယ်တွေပါပဲ။ အားလုံးဟာ တစ်ခဲနက် အုန်းအုန်းကျွက်ကျွက်ပါဝင်ခဲ့ကြပါတယ်။ ယနေ့ မျိုးဆက်သစ်လူငယ်တွေဟာ Generation X, Y, Z လို့ ဆိုတဲ့အတိုင်း ခေတ်ကိုကျော်လွန်တဲ့ ပါဖောင်းမန့် (performance) တွေနဲ့ ပါဝင်ခဲ့ကြပါတယ်။ လူငယ်တွေရဲ့ သဘာဝအတိုင်း လွတ်လပ်မှုအတွက် ပိတ်မိနေတဲ့ ထောင်ချောက်ထဲက ရုန်းထွက်ချင်နေတဲ့အချိန်မှာ ဒီမိုကရေစီမျက်လှည့်ပွဲနဲ့တိုးတော့ ချက်ချင်းဝိုင်းအုံအားပေးလာကြပါတယ်။ တကယ်တော့ မျိုးဆက်သစ်လူငယ်တွေဟာ လက်မည်းကြီးနဲ့လည်း မဆိုင်ပါဘူး။ ပုဆိန်ရိုးတွေနဲ့လည်း မပတ်သက်ပါဘူး။ ထွက်ပေါက်ရှာချင်နေတဲ့အချိန်မှာ ဒီမိုကရေစီပွဲခင်းထဲကို သူတို့ဘာသာသူတို့ အလိုလိုရောက်သွားကြတာ ဖြစ်ပါတယ်။

အမျိုးမျိုးမြှောက်ပင့်

ယနေ့ ဒီမိုကရေစီအခင်းအကျင်းတိုက်ပွဲ သူတို့အဆိုအရ နွေဦးတော်လှန်ရေးမှာ အစုအဖွဲ့ လေးမျိုးဟာ ပါဝင်ကစားနေကြပါတယ်။ အဓိကစပွန်ဆာ(sponsor) က နောက်ကွယ်က လက်မည်းကြီးနဲ့ ဇာတ်ညွှန်းရေးသူ NLD ရယ်၊ အရောင်အသွေးမပါဘဲ ဆန်းသစ်တီထွင်တက်ကြွလှုပ်ရှားလိုကြတဲ့ မျိုးဆက်သစ်လူငယ်တွေနဲ့ ရှေ့တန်းမထွက်ဘဲ နောက်ကွယ်က သံပုံးတီး၊ လက်ခုပ်တီး၊ အမျိုးမျိုးအဖုံဖုံ မြှောက်ပင့်ပေးနေကြတဲ့သူတွေအပြင် ပြည်တွင်းက ပုဆိန်ရိုးတွေနဲ့ ပြည်ပကအဖျက်သမားတွေ၊ နောက်ပြီး တောမီးလောင်ချိန်မှာ တောကြောင်လက်ခမောင်းခတ်သူတွေ ပါဝင်ကြပါတယ်။

ယနေ့အချိန်မှာ NLD ဟာ အာဏာလက်လွှတ်လိုက်ရပေမယ့် NLD မိခင်ကြီး ပြောနေကျ ပြည်တွင်းအား၊ ပြည်သူလူထုအားကို အဓိကအသုံးချလိုက်နိုင်ခဲ့ပါတယ်။ တကယ်တော့ ပြည်သူသာလျှင် အဓိကလို့ ကြွေးကြော်ပြီး အလုံးစုံပျက်သုဉ်းရေးလမ်းကို တွန်းပို့နေတာ အထင်အရှားတွေ့ရပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲအပြီးမှာ ဖြစ်ပေါ်လာတဲ့ အခြေအနေအရပ်ရပ်ပေါ်မူတည်လို့ တွေ့ဆုံဆွေးနွေး ဖြေရှင်းရေး အကြိမ်ကြိမ်ပြုလုပ်ခဲ့တာကို လက်မခံတာဟာ ပြည်သူနဲ့ တပ်မတော်ကို ထိပ်တိုက်တွေ့စေရမယ်ဆိုတဲ့ မကောင်းတဲ့အကြံအစည် နဂိုကတည်းက ရှိနေပြီးသားဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ တပ်မတော်ကို နိုင်ငံရေးက ဖယ်ရှားရေးအတွက် NLD က လုပ်စရာမလိုဘဲ လူထုဘက်ကို လှည့်ထုတ်လိုက်တာပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အမှန်တရားကို မျက်လှည့်ဆရာရဲ့ ဖုံးကွယ်လှည့်စားထားမှုဟာ ကြာကြာတော့မခံပါဘူး။ ပွဲပြီးသွားတော့ ဘာမှအရည်မရ၊ အဖတ်မရနဲ့ ရောင်းတဲ့ဆေးကို ဝယ်ချင်တဲ့သူကဝယ်ပြီး ပရိသတ်တွေ ကိုယ့်အိမ်ကိုယ်ပြန်၊ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ့်အလုပ်ကိုပဲ ကိုယ်လုပ်ကြသလိုပါပဲ။ ဒီမိုကရေစီမျက်လှည့်ပွဲဟာ ပြီးတော့ဘာမှ ဟုတ်တိပတ်တိ မကြည့်လိုက်ရဘဲ နောက်ဆုံးမှာ ဆေးရောင်းမှန်းသိလိုက်ရလို့ ပရိသတ်တွေ မျက်လှည့်ပွဲကနေ လှည့်ပြန်သွားကြသလို သုံးသပ်မိပါတယ်။ ။

မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်လိုက်တာနဲ့ ဘယ်သူတွေဟာ ပထမဆုံး စတင်လှုပ်ရှားကြတယ်ဆိုတာကို သေသေချာချာ လေ့လာကြည့်ရင် သိနိုင်မှာပါ။ ပြည်တွင်းက ပုဆိန်ရိုးတွေက ပြည်တွင်းမှာလှုပ်ရှားရင် အဖမ်းခံရမှာကို ကြောက်တော့ ပြည်ပကို ထွက်ပြေးပြီး မြေအောက်တော်လှန်ရေးလုပ်ကြပါတယ်။ NCA ကို ချိုးဖောက်တဲ့ နယ်စပ်က လက်နက်ကိုင်အဖွဲ့တွေဆီမှာ ခိုလှုံတဲ့သူက ခိုလှုံ၊ ပြည်ပကို သွားတဲ့သူကသွားပြီး နောက်ကွယ်က လက်မည်းကြီးရဲ့ အကူအညီနဲ့ ပြည်ဖျက်စီမံကိန်းတွေ စတင်လုပ်ဆောင်ကြပါတယ်။ "မတရားမှုကိုခံရဖို့" လို့ ကြွေးကြော်ပြီးတဲ့နောက်မှာ ပြည်သူနဲ့ မျိုးဆက်သစ်လူငယ်တွေကို မြှောက်ပင့်သွေးထိုးပေးပြီး လမ်းပေါ်ကို တွန်းထုတ်ပေးလိုက်နိုင်ပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်သည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်စာရင်းစစ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခုအစိုးရလက်ထက် လုပ်ငန်းချောချောမွေ့မွေ့ ပျော်ပျော်ရွှင်ရွှင် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ၏ တာဝန်များထမ်းဆောင်နေခြင်းဖြစ်ကြောင်း။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်များကို ဝန်ထမ်းများသို့ ရှင်းလင်းခဲ့ပြီးဖြစ်ပါကြောင်း။

အဆိုပါ ရှင်းလင်းချက်ကို မိမိရုံးတွင်ရှိသော အရာထမ်း၊ အမှုထမ်းများအား ပြန်လည်ရှင်းလင်းရန် လိုအပ်ကြောင်း၊ ထိုသို့ ရှင်းလင်းပြမှသာလျှင် နိုင်ငံတော်၏ ဖြစ်စဉ်အမှန်ကိုသိရှိပြီး ဒီမိုကရေစီ၏ သဘောတရားနှင့် လုပ်ငန်းစဉ်များကို စနစ်တကျ နားလည်မည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်နေခြင်းများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (Road Map) (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်တို့ကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရန် ဝန်ထမ်းများအားလုံးတွင် တာဝန်ရှိကြောင်း၊ CDM လှုပ်ရှားမှုတွင် မိမိကိုယ်တိုင်၊ မိမိလုပ်ဖော်ကိုင်ဖက်၊ မိမိ မိသားစုမပါစေရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာမှု ရှိ/ မရှိ စစ်ဆေးခြင်း သာမက နိုင်ငံတော်ကို အမှန်တကယ် အကျိုးပြုနိုင်စေရန် လုပ်ငန်းအကောင်အထည်ဖော်မှုစစ်ဆေးခြင်းကိုပါ စစ်ဆေးရန်လိုကြောင်း၊ စာရင်းစစ်များ၏ တာဝန်များမှာ ပြည်သူ့ဘဏ္ဍာငွေများကို စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျသုံးစွဲကာ ပြည်သူ့အကျိုးစီးပွားရရှိစေရန် အဓိကထားဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သဖြင့် မွန်မြတ်သည့်လုပ်ငန်းဖြစ်ကြောင်း၊ ဝန်ထမ်းများအတွက် ဝန်ထမ်းသက်သာချောင်ချိရေးကို စနစ်တကျဆောင်ရွက်ပေးရန်၊ နိုင်ငံ၏ အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ဤရုံးမှ သင်တန်းများကို မကြာမီ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဝန်ထမ်းအားလုံး ထိုးနှံနိုင်ရေး စီစဉ်ပေးမည်ဖြစ်ကြောင်း။

ဖြည့်ဆည်းဆောင်ရွက်ပေးမည်

အချိန်နှင့် ပြိုင်ရမည့် စစ်ဆေးရေးလုပ်ငန်းများကို အချိန်မီပြီးစီးစေရေး ဆောင်ရွက်သွားကြရန်နှင့် သမာသမတ်ကျကျဆောင်ရွက်ရန်၊ စစ်ဆေးရေးအစီအစဉ်ကို စနစ်တကျရေးဆွဲဆောင်ရွက်ရန်၊ အရည်အသွေးရှိသော စာရင်းစစ်အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးနှင့် မျက်မြင်စစ်ဆေးမှုများ ဆောင်ရွက်ကြရန် မှာကြား၍ ရုံးများ၏ လိုအပ်ချက်များအတွက် တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းအဆင့်၊ ခရိုင်အဆင့်စာရင်းစစ်ရုံး၊ မြို့နယ်စာရင်းစစ်ရုံးများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။ သတင်းစဉ်

တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်လိုသူများ၏လုပ်ရပ်ကြောင့် လမ်းများပိတ်ဆို့ထားခြင်းနှင့် အစိုးရဆန့်ကျင်စာသားများရှင်းလင်း

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့အတွင်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများက အများပြည်သူ သွားလမ်းများပေါ်တွင် လမ်းပိတ်အတားအဆီးများ ပြုလုပ်ထားခြင်းအား၊ ပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေးအတွက် ယန္တရားများ၊ မြေသယ်ယာဉ်များအသုံးပြုကာ ဖယ်ရှားရှင်းလင်းခြင်းနှင့် လမ်းများနှင့် ကားမှတ်တိုင်များတွင် အစိုးရဆန့်ကျင်စာတန်းများ ဆေးဖြင့်ရေးဆွဲထားခြင်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများပူးပေါင်း၍ ဖယ်ရှားရှင်းလင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှင်းလင်းရာတွင် ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ၉၄ ရပ်ကွက်၊ ယုဇနဥယျာဉ် မြို့တော်အိမ်ရာ၊ အေ (၁၀) (၁၁) (၁၂) (၁၃) (၁၄) (၁၅)လမ်းများရှိ သံအိတ်များ၊ ဝါးကတ်များ၊ ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ သံအိတ်များ၊ တာယာအဟောင်းများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်လှော်ကားလမ်း၊ ပုဂံလမ်း၊ အမှတ်(၅၆) ရပ်ကွက်နှင့် (၁၀၄)ရပ်ကွက်အတွင်း လမ်းများရှိ ဝါးလုံးများ၊ ဝါးကတ်များ၊ သံအိတ်များ၊ တာယာအဟောင်းများ၊ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း၊ သုမင်္ဂလာလမ်းရှိ သစ်ကိုင်းများ၊ သစ်ရွက်အမှိုက်များ၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ တာယာအဟောင်းများကို သိမ်းဆည်းရှင်းလင်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်း၊ ဂျိုးဖြူလမ်း၊ မြယာကုန်းလမ်း၊ အထက်ပုဇွန်တောင်လမ်း၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ဒေါ်သိန်းတင်လမ်းတို့တွင် ဆေးဖြင့်ရေးဆွဲထားသည့် အစိုးရဆန့်ကျင်သည့် စာတန်းများကိုလည်းကောင်း၊ ဒဂုံမြို့နယ် ကမ္ဘာအေးဘုရားလမ်း ကျောက်တိုင်မှတ်တိုင်အနီးတွင် ဆေးမှုတ်ရေးဆွဲထားသည့် သွေးမတိတ်ဆေးသပိတ် လှုပ်ရှားမှုစာတန်းအား လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လှော်ကားလမ်း၊ မောင်းမကန်ကမ်းသာလမ်း၊ စည်ပင်လမ်း၊ ပုဂံလမ်း၊ မြိတ်လမ်း၊ ပြည်ထောင်စုလမ်းနှင့် လမ်းသွယ်များပေါ်တွင် ရေးဆွဲထားသည့် ဆန့်ကျင်စာတန်းများအားလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်း၊ ပုဂံလမ်း၊ အင်းဝလမ်းမများပေါ်တွင် ရေးဆွဲထားသည့် ဆန့်ကျင်စာတန်းများ၊ လမ်းညွှန်ဆိုင်းဘုတ်များပေါ်တွင် ဆေးမှုတ်ဖျက်ဆီးထားမှုများနှင့် ဗိုလ်တထောင်မြို့နယ် ကားမှတ်တိုင်များတွင် ဆေးမှုတ်ရေးသားထားမှုများအား စည်ပင်သာယာဝန်ထမ်းများက ဖျက်သိမ်းရှင်းလင်းခဲ့ကြောင်း သိရသည်။ သတင်းစဉ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာနေရာများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ဧပြီ ၆ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း အသီးသီးသွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးကြပါစို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒုတိယတစ်လတာခရီး

ကနောင်

စစ်တီးဝိုင်းအဖွဲ့သားများ တီးခတ်လိုက်သည့် စစ်ချီသီချင်းသံက ကောင်းကင်ယံသို့ ပျံ့လွင့်လျက်ရှိသည်။ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းကြီးများက စစ်ရေးပြကွင်းအတွင်းသို့ အစဉ်လိုက်ဝင်ရောက်နေရာယူကြသည်။ အစဉ်အလာကြီးမားသည့် တပ်မတော်အတွက် သမိုင်းဝင် အထိမ်းအမှတ် (၇၆) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားမြင်ကွင်းမှာ ပြည်သူတစ်ဦးအနေဖြင့် မမေ့ပျောက်နိုင်မည့် ဂုဏ်ယူဖွယ်ရာမြင်ကွင်းတစ်ရပ်ပင်ဖြစ်ပါသည်။

ဝင့်ကြွားသည့်စိတ်ဓာတ်များ ပေါ်ပေါက်လာစေ

နိုင်ငံတော်အတွက် အသက်ကိုအပ်နှင်းထားသည့် တပ်မတော်ကြီးကို ကိုယ်စားပြုထားသည့် ကြည်း၊ ရေ၊ လေ စစ်ကြောင်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အရာရှိစစ်သည်များ၊ ရေတပ်အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များ၊ ကြည်း၊ ရေ၊ လေ ယန္တရားတပ်ဖွဲ့၊ လေယာဉ်၊ ရဟတ်ယာဉ်တပ်ဖွဲ့တို့သည် တပ်မတော်စတင်ဖွဲ့စည်းခဲ့သည့် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ငွေရတု၊ ရွှေရတု၊ စိန်ရတုကာလ အဆက်ဆက်ဖြတ်သန်းခဲ့ရသည့် အတိတ်၊ ပစ္စုပ္ပန်တို့ကို ထင်ဟပ်စေလျက် စစ်ရေးပြကွင်းအတွင်း မြင်တွေ့ရသည်မှာ အလွန်ပင်ကျက်သရေရှိလှပေစွ။ ခမ်းနားကြီးကျယ်လှပေစွ။ မြန်မာ့တပ်မတော်...။ ဤလူတို့သည် မြန်မာနိုင်ငံတော်ကြီးအတွက်၊ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် အသက်စွန့်၍ ကာကွယ်ပေးတတ်ကြသော တပ်မတော်သားများ ပါပေတကားဟု ဝင့်ကြွားသည့်စိတ်ဓာတ်များ ပေါ်ပေါက်လာစေပါသည်။

ယခုနှစ် မတ်လသည် မြန်မာ့တပ်မတော်၏ အထိမ်းအမှတ် တပ်မတော်နေ့အခမ်းအနားကို ကျင်းပသည့်လဖြစ်သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် နှစ်လတာပြည့်မြောက်သည့်ကာလလည်းဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရှေ့လုပ်ငန်းစဉ် ငါးရပ်၊ ဦးတည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူမင်းအောင်လှိုင် (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးစဉ်။

ချက်ကိုးရပ်တို့ဖြင့် မဟိတ်မသုန် ဆောင်ရွက်လျက်ရှိပါသည်။ များပြားလှသည့် နိုင်ငံတော်၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်ရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ရည်မှန်းချက်များ၊ ဦးတည်ချက်များကို အထိရောက်ဆုံးအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို မတ်လအတွင်း ဆောင်ရွက်ချက်များကို ကြည့်၍ သိရှိရမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
မတ်လ၏ နေ့စွဲများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မတ်လ ၁ ရက်နေ့တွင် ကျင်းပသည့် (၄/၂၀၂၁) အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သွေးထိုးဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး၊ အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် ကြိုက်နှစ်သက်သည်၊ မကြိုက်နှစ်သက်သည်ရှိနိုင်ကြောင်း၊ ဒီမိုကရေစီရင့်ကျက်သည့်နိုင်ငံများတွင် စည်းကမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်မှုကို လက်ခံကြကြောင်း၊ ရပ်ကွက်၊ ကျေးရွာများနှင့် အနီးစပ်ဆုံးဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများသည် နိုင်ငံရေးအရောင်အသွေးကင်းရှင်းရန် လိုအပ်ကြောင်း စသည်ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်၏ ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်ငါးရပ်အနက် စီးပွားရေးကဏ္ဍတွင် ဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးရေးကဏ္ဍမြင့်မားလာစေရန်၊ ကျန်းမာရေးအထောက်အကူဖြစ်စေရန် အတွက် တစ်နိုင်ငံလုံးအနေအထားဖြင့် ပြင်ပတွင် ကစားရသည့် အားကစားပွဲများကို ပြန်လည်ကျင်းပရန်နှင့် မြန်မာ့ရိုးရာအားကစားနည်းကို ထည့်သွင်းရန်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးနည်းလမ်းများအတိုင်း စနစ်တကျပြန်လည်လည်ပတ်နိုင်စေရန်အတွက် အဓိကထား ဆွေးနွေးပြောကြားခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

ဖြေရှင်းဆောင်ရွက်ခဲ့

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ (၅/၂၀၂၁)အစည်းအဝေးကိုမတ်လ ၈ ရက်နေ့က ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်လ ၂၈ ရက်မှစတင်၍ အကြမ်းဖက်လုပ်ရပ်များ စတင်လာသည်ကိုတွေ့ရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်ခြင်းများ ကြုံတွေ့ရလာပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆောင်ရွက်ရာတွင် အသက်သာဆုံးနှင့် အညင်သာဆုံး ဆောင်ရွက်ခဲ့ပါကြောင်း၊ CDM သည် နိုင်ငံတော်၏ စီးပွားရေးကို ထိခိုက်စေရန် ရည်ရွယ်ချက်ရှိရှိကြိုတင်ကြံစည်ထားခြင်းဟု ယူဆရပြီး စက်ရုံ၊ အလုပ်ရုံများ၊ ခရီးသွားလာရေးလုပ်ငန်းများ၊ ငွေကြေးလည်ပတ်မှုများ၊ ကုန်ထုတ်လုပ်မှုများ ထိခိုက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆရာဝန်များ ဆေးကုသမှုမပြုလုပ်ကြသဖြင့် ပြည်သူလူထု ထိခိုက်နစ်နာရပါကြောင်း၊ ဘဏ်များ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ မီဒီယာများက ဘက်မလိုက် မျှတစွာဖော်ထုတ်ရေးသားနိုင်ရေးတို့ လိုအပ်ပါကြောင်း ထည့်သွင်းဆွေးနွေးပြောကြားသည်။

ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အင်အားရှိရန်နှင့် အသင့်အနေအထားဖြစ်အောင် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်တည်ငြိမ်ငြိမ်ဖြစ်သွားလျှင် ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ရေး စဉ်းစားရမည်ဖြစ်၍ ကောင်စီဝင်များ လေ့လာကြစေလိုကြောင်း အသိပေးပြောကြားပြီး ကောင်စီဝင်များ၏ ဆွေးနွေးတင်ပြချက်များဖြစ်သည့် တရားမဝင်ဖွဲ့စည်းထားသော CRPH နှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်နေသူများအား စိစစ်ဖော်ထုတ်အရေးယူသွားရန်၊ နိုင်ငံရေးပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်သွားရန်၊ မဲမသမာမှုကဲ့သို့သော ဥပဒေနှင့် မညီညွတ်သည့် ကိစ္စရပ်များကို အများပြည်သူများ သိရှိနိုင်ရေးဆောင်ရွက်ရန်၊ သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်များ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ပေးနိုင်ရန်၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရန်၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

စာမျက်နှာ ၉ သို့ ❒

❖ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် သွေးထိုးဆောင်ရွက်နေသည်ကို တွေ့ရှိရ

❖ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး၊ အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်း ဆောင်ရွက်လျက်ရှိ

❖ ဒီမိုကရေစီစနစ်တွင် ကြိုက်နှစ်သက်သည်၊ မကြိုက်နှစ်သက်သည်ရှိနိုင်

❖ ဒီမိုကရေစီရင့်ကျက်သည့် နိုင်ငံများတွင် စည်းကမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်မှုကို လက်ခံကြ

❖ ရပ်ကွက်၊ ကျေးရွာများနှင့် အနီးစပ်ဆုံးဖြစ်သည့် မြို့နယ် အုပ်ချုပ်ရေးတာဝန်ရှိသူများသည် နိုင်ငံရေးအရောင်အသွေး ကင်းရှင်းရန်လိုအပ်

ပြည်သူ့အကျိုးပြု ဒုတိယတစ်လတာ

❐ စာမျက်နှာ ၈ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆/၂၀၂၁) အစည်းအဝေးကို မတ်လ ၁၅ ရက်နေ့တွင် ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားမှုများအပြီးတွင် ကောင်စီအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးအတွင်း ဘဏ်များအားလုံး ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးအစီအမံများ ဆောင်ရွက်၍ ဖွင့်လှစ်ရန်၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပိတ်ထားရသည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် မိဘများအပြင် နိုင်ငံတော်အတွက်ပါ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ရသဖြင့် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန်နှင့် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေး အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်၊ တိုင်းရင်းသားစာပေသင်ကြားရေး ဆရာများအား ပိုမိုထောက်ပံ့မှုများ ပေးအပ်နိုင်ရန်၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်တို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ကြပါသည်။

မျှော်မှန်းဆောင်ရွက်သွားမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၁) ကို မတ်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ အမြန်ဆုံးလွတ်မြောက်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍ ကန့်သတ်ချက်များကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို ပြန်လည်စိစစ်နိုင်ရေး ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘုရားသုံးဆူဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ရေရှည်မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်၍ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံသားမှတ်ပုံတင် ရပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်းနှင့် တိုင်းရင်းသားတိုင်း နိုင်ငံသားမှတ်ပုံတင်ရရှိရေး မဖြစ်မနေ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် လမ်းညွှန်မှာကြားဆွေးနွေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၃/၂၀၂၁) ကို မတ်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဝန်ကြီးဌာနများတွင် ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ မိမိတို့သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားနေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်သည် ဝါဒမဟုတ်ဘဲ ကျင့်စဉ်တစ်ခုသာဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများအား နားလည်အောင် ရှင်းလင်းပြောကြားစေလိုကြောင်း အမှာစကားအတွင်း ထည့်သွင်းပြောကြားသည်။ အဆိုပါ အစည်းအဝေးအတွင်း ဘဏ်လုပ်ငန်းများ စည်းကမ်းတကျပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရေးနှင့် ဆေးရုံများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အစီအမံများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်ကို မြင်တွေ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ချီတက်အလေးပြုကြစဉ်။

ဖြည့်ဆည်းပေးခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မတ်လ ၂၀ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံခြင်း၊ မတ်လ ၂၈ ရက်နေ့တွင် တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မတ်လ ၂၉ ရက်နေ့တွင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို သွားရောက်တွေ့ဆုံခဲ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

တပ်နယ်များမှ တပ်မတော်သားများနှင့် တွေ့ဆုံစဉ် လက်ရှိနိုင်ငံတော်ကို တာဝန်ယူထားရသည့် အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် လက်ရှိဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှုများကိုလည်း ထည့်သွင်းပြောကြားသည်။ အဆိုပါ တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာ ပစ္စည်းများကို နယ်မြေခံတပ်ရင်းများထံ ပေးအပ်ခဲ့ပြီး တပ်မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်ကိုလည်း မြင်တွေ့ရပါသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကလည်း မတ်လ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကလော၊ အောင်ပန်း၊ ဗထူးနှင့် ပြင်ဦးလွင် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားအရာရှိ စစ်သည်ဗိုလ်လောင်းများနှင့် တွေ့ဆုံအားပေးခြင်း၊ လက်ရှိနိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ရှင်းလင်းပြောကြားခြင်းနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းများ ပြုလုပ်ခဲ့ပြီး မတ်လ ၂၉ ရက်နေ့တွင် မန္တလေးတပ်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးများသို့ သွားရောက်တွေ့ဆုံခဲ့သည်ကိုလည်း တွေ့ရပါသည်။

ဆွေးနွေးအဖြေရှာ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၈/၂၀၂၁)ကို မတ်လ ၃၀ ရက်နေ့တွင်ကျင်းပခဲ့ပြီး အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် "ပြည်သူများ ရွေးချယ်ထားသည့် ဒီမိုကရေစီစနစ်ဆီသို့ မယိမ်းမယိုင် လျှောက်လှမ်းနိုင်ရန်အတွက် ယခုအခါတွင် စုပေါင်းဦးဆောင်မှုဖြင့်သာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရပ်ဘက်အုပ်ချုပ်ရေး အဖွဲ့အစည်းများဖြင့်သာ ဆောင်ရွက်လျက်ရှိ၍ တပ်မတော်မှ ဝန်းရံပေးနေခြင်းသာဖြစ်ပါကြောင်း၊ ပြည်သူများ မျှော်မှန်းထားသည်မှာ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သော်လည်း တတိယသက်တမ်းအတွက် ရွေးကောက်ပွဲပြုလုပ်ချိန်တွင် မဲမသမာမှုများပြုလုပ်၍ ပြည်သူများရွေးချယ်ထားသည့် ဒီမိုကရေစီစနစ်ကို ပြက်ရယ်ပြုပြီး ပြည်သူလူထုကို စော်ကားခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ဖြစ်ပေါ်စေရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချထားပါကြောင်း၊ ဆက်လက်၍ နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းရေး၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရေး၊ လိုအပ်သည့်နေရာများတွင် အထူးတရားရုံးများဖွင့်လှစ်ရေး၊ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဝင်ငွေခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ရေး၊ လူမှုကွန်ရက်ပေါ်မှာ ကောလာဟလများကို ထိန်းချုပ်ရေး၊ သတင်းမီဒီယာအဖွဲ့အစည်းများ ပြန်လည်ဖွဲ့စည်းရေးအပါအဝင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ဘာသာရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး စသည့်ကိစ္စရပ်များကို ကော်မတီဝင်များက စုစည်းညီညွတ်စွာဖြင့် ဆွေးနွေးအဖြေရှာနေသည်ကိုလည်း အားရဖွယ်မြင်တွေ့ရပါသည်။

(၇၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား

မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နေပြည်တော်စစ်ရေးပြကွင်း၌ အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်က စစ်ရေးပြကွင်းရှိ အလေးပြုခံစင်မြင့်၌နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး အမြောက် ၁၉ ချက်ကို ဂုဏ်ပြုပစ်ဖောက်ခြင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများကို လိုက်လံစစ်ဆေးခြင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်အား သံပြိုင်ရွတ်ဆိုခဲ့သည်ကို ရုပ်သံ တိုက်ရိုက်ထုတ်လွှင့်မှုမှတစ်ဆင့် မြင်တွေ့ခဲ့ရပါသည်။

စာမျက်နှာ ၁၀ သို့ ❐

- ❖ **ပြည်သူများ ရွေးချယ်ထားသည့် ဒီမိုကရေစီစနစ်ဆီသို့ မယိမ်းမယိုင် လျှောက်လှမ်းနိုင်ရန်အတွက် ယခုအခါတွင် စုပေါင်းဦးဆောင်မှုဖြင့်သာ ဆောင်ရွက်လျက်ရှိ**
- ❖ **အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့်သာ ဆောင်ရွက်လျက်ရှိ၍ တပ်မတော်မှ ဝန်းရံပေးနေခြင်းသာဖြစ်**
- ❖ **ပြည်သူများ မျှော်မှန်းထားသည်မှာ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သော်လည်း တတိယသက်တမ်းအတွက် ရွေးကောက်ပွဲပြုလုပ်ချိန်တွင် မဲမသမာမှုများပြုလုပ်၍ ပြည်သူများရွေးချယ်ထားသည့် ဒီမိုကရေစီစနစ်ကို ပြက်ရယ်ပြုပြီး ပြည်သူလူထုကို စော်ကားခြင်းဖြစ်**
- ❖ **မိမိတို့နိုင်ငံတွင် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြစ်ပေါ်စေရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချထား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား) ခုနစ်ဦး၏ ပုံစံတူရုပ်တုများကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❐ စာမျက်နှာ ၉ မှ

အဆိုပါအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပြီး "စစ်ရေးပြအခမ်းအနားသည် အမိမြန်မာနိုင်ငံတော်ကြီးကို ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့သည့် သမိုင်းဂုဏ်ဒြပ်အစဉ်အလာကြီးမားသည့် မြန်မာ့တပ်မတော်၏ (၇၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသည့်စစ်ရေးပြအခမ်းအနားဖြစ်သကဲ့သို့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဂုဏ်ပြုအခမ်းအနားကို ပြန်လည်ကျင်းပသည့်စစ်ရေးပြအခမ်းအနားလည်း ဖြစ်ပါကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုကျော်လာခဲ့သည့်တိုင် ခေတ်အဆက်ဆက် ကောင်းမြတ်သည့် အစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည့် တပ်မတော်အတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပါကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါမိန့်ခွန်းအတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ မိမိတို့ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ နိုင်ငံသူ နိုင်ငံသားများအားလုံး လုံခြုံအေးချမ်းစွာဖြင့် အေးအတူ၊ ပူအမျှလက်တွဲပြီး မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်လုပ်ကိုင်နိုင်အောင် ခိုင်မာစွာ ဆက်လက်လုပ်ဆောင်သွားမည်၊ နိုင်ငံသူ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ တိုးတက်ရေး ကြိုးစားဆောင်ရွက်သွားမည်"ဟု နိုင်ငံအတွက် တပ်မတော်၏ ရပ်တည်ချက်၊ ခံယူချက်နှင့် အနာဂတ်ရည်မှန်းချက်တို့ကို ထပ်လောင်း၍ အတိအလင်း ပြောကြားခဲ့ခြင်းသည်လည်း ပြည်သူများအတွက် ကျေနပ်အားတက်ဖွယ်ဖြစ်စေမည့် မိန့်ခွန်းတစ်ရပ် ဖြစ်လာခဲ့ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက မတ်လ ၃ ရက်နေ့တွင် ပထမဆုံးအကြိမ် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးအတွင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်" ဟူသည့် လုပ်ငန်းစဉ် ချမှတ်ထားသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးဦးတည်ချက်တွင်လည်း ယင်းအချက်ကို အလေးအနက်ထားထည့်သွင်း၍ ဦးတည်ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးအတွင်း ယခင်အစိုးရလက်ထက်တွင် တပ်မတော်အနေဖြင့် အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးကောင်းမွန်စေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ခေါ်ယူရန် မိမိကိုယ်တိုင် အကြိမ်ကြိမ်တိုက်တွန်းခဲ့သော်လည်း လျစ်လျူရှုခံခဲ့ရကြောင်း၊ မဲမသမာမှုများနှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား တွေ့ဆုံညှိနှိုင်းဖြေရှင်းပေးရန်၊ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူဖြေရှင်းပေးရန်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ယူပေးရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့သော်လည်း တွေ့ဆုံဆွေးနွေးသည့် လမ်းကြောင်းကို ငြင်းပယ်ခဲ့သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက တာဝန်ပေးအပ်ထားချက်အရ တပ်မတော်က မလွှဲမရှောင်သာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းပြောကြားခဲ့ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဓိကထား ပြောကြားခဲ့သည့် အကြောင်းအရာများကို ကောက်နုတ်တင်ပြရလျှင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဒီမိုကရေစီနှင့်ပတ်သက်၍ လည်းကောင်း၊ ဖက်ဒရယ်နှင့်ပတ်သက်၍ လည်းကောင်း မည်သို့ပင် အယူအဆအမျိုးမျိုး ကွဲပြားနေပါစေ၊ မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့်စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ မိမိတို့လိုရာ အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုးဖွင့်ဆိုပြီး ပြောနေကြသော်လည်း အနှစ်သာရသည် ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူမျိုးတစ်မျိုးတည်းသာ နေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ဟူ၍ လုံးဝမရှိကြောင်း၊ လူမျိုးပေါင်းစုံ ရောယှက်နေထိုင်ကြကြောင်း၊ တိုင်းဒေသကြီးများတွင်လည်း တိုင်းရင်းသားများ ပျံ့နှံ့နေထိုင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသား လူမျိုးများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပျံ့နှံ့နေထိုင်လျက်ရှိခြင်းကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းနေထိုင်သည့် လူမျိုးအားလုံးက ပိုင်ဆိုင်ခြင်းဟူသည့် လက္ခဏာဆောင်သော ဒေသအမည်ကို အစွဲပြု၍ ပြည်နယ်အမည် ဖြစ်ပေါ်လာနိုင်ပါက အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ကြီးမားသောအထောက်အပံ့ ဖြစ်လာနိုင်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏ ရပ်တည်ချက်၊ ခံယူချက်များနှင့်ပတ်သက်၍ မိမိတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်တာဝန် လွှဲပြောင်းရယူခဲ့ပြီးနောက်တွင် လိုအပ်သော တည်ငြိမ်အေးချမ်းမှုများကို ဆောင်ရွက်ပြီး ရွေးကောက်ပွဲအနိုင်ရရှိသည့်ပါတီကို အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်သည်အထိ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်ယူစဉ်ကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အပါအဝင် နယ်မြေအသီးသီးမှ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွဲချော်နေသည့် လုပ်ငန်းစနစ်များ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားလုံခြုံရေးကို ထိခိုက်စေသည့် လုပ်ငန်းစဉ်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ပြန်လည်တည့်မတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ခြင်းမှာ တပ်မတော်သည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်သည့် အမျိုးသားနိုင်ငံရေးကို ဦးတည်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း အလေးအနက် ထည့်သွင်းပြောကြားထားခဲ့ပါသည်။

ငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်အပိုင်းလေးခု

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်း လက်ရှိရောက်ရှိနေသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအရ တွေ့ဆုံဆွေးနွေးမှုများကို အပိုင်းလေးပိုင်းခွဲပြီး စဉ်ဆက်မပြတ် ညှိနှိုင်းဆောင်ရွက်နေရန် လိုအပ်ကြောင်း၊ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ၊ တရားဝင်ဆွေးနွေးမှုများကိုလည်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာစေရေးအတွက် Bilateral ဆွေးနွေးပွဲများကို သတ်မှတ်ချက်နှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ NCA အရ တရားဝင်အစည်းအဝေးများနှင့် ငြိမ်းချမ်းရေးညီလာခံများ ကျင်းပနိုင်သည်အထိ ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့်ပတ်သက်၍

(က) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရန်၊

(ခ) တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် လိုအပ်သည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန်၊

(ဃ) ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်အတူ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စီမံချက်များချမှတ်ဆောင်ရွက်ရန်နှင့်

(င) လူ့အဖွဲ့အစည်းအတွင်းတွင် ကွဲပြားစေမည့် အခြေခံအကြောင်းအရာများကို သုတေသနပြုဖော်ထုတ်ပြီး ကာကွယ်တားဆီးဆောင်ရွက်သွားရန် စသည်ဖြင့် လမ်းညွှန်ချက်များ ချမှတ်ပေးကာ ဆက်လက်အကောင်အထည်ဖော်ရန် တိုက်တွန်းပြောကြားခဲ့သည်မှာလည်း နိုင်ငံတော်အတွက် ဒုတိယတစ်လတာ ခြေလှမ်းများပင် ဖြစ်ပါသည်။

(၇၆) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (အငြိမ်းစား) ခုနစ်ဦး၏ ပုံစံတူရုပ်တုများ ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၅ ရက်တွင် နေပြည်တော် တပ်မတော်စစ်သမိုင်းပြတိုက်ရှိ မော်ကွန်းတိုက်မှူးရုံးပြခန်း၌ ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တက်ရောက်၍ စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံအတွက် တပ်မတော်အား အင်အားတောင့်တင်းခိုင်မာစေရန် ဦးဆောင်ဦးရွက်ပြုခဲ့သည့် ပုဂ္ဂိုလ်များကို ချီးကျူးဂုဏ်ပြုပြီး နောင်လာနောက်သားမျိုးဆက်သစ်များက အမြဲအမှတ်ရနေစေရန်အတွက် ယခုကဲ့သို့ ခံ့ညားထည်ဝါစွာ ထုဆစ်ဂုဏ်ပြု၍ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ခင်းကျင်းပြသခြင်းဖြင့် အမိမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို တန်ဖိုးထားမြတ်နိုးလိုစိတ်၊ မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်ပြီး နိုင်ငံတော်ကြီး တိုးတက်ခေတ်မီအောင် ဆောင်ရွက်လိုစိတ်များ ပွားများလာကာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်လာအောင် စွမ်းဆောင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ အဆက်မပြတ်ရှင်သန်လာစေရန်အတွက် ဆန္ဒပြုပါကြောင်း အဆိုပါအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

❖ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဒီမိုကရေစီနှင့်ပတ်သက်၍ လည်းကောင်း၊ ဖက်ဒရယ်နှင့်ပတ်သက်၍ လည်းကောင်း မည်သို့ပင် အယူအဆအမျိုးမျိုး ကွဲပြားနေပါစေ၊ မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့်စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန်လိုအပ်**

❖ **ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ မိမိတို့လိုရာ အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုးဖွင့်ဆိုပြီး ပြောနေကြသော်လည်း အနှစ်သာရသည်ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင်ဖြစ်**

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ကလေးငယ်များအပေါ် ထိရောက်မှု ရှိ၊ မရှိ စမ်းသပ်မှုပြုလုပ်ခြင်းကို ယာယီရပ်ဆိုင်း

လန်ဒန် ဧပြီ ၇

ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ကလေးငယ်များအပေါ် ထိရောက်မှု ရှိ၊ မရှိ စမ်းသပ်မှုပြုလုပ်ခြင်းကိုဗြိတိန်နိုင်ငံ၏ အောက်စဖို့ဒ်တက္ကသိုလ်က ယာယီဆိုင်းငံ့ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဥရောပနိုင်ငံများ၌ အရွယ်ရောက်ပြီးသူ ပြည်သူများအကြား AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် သွေးခဲမှုပြဿနာများ ခံစားရသည့် အစီရင်ခံစာများထွက်ပေါ်လာပြီးနောက် အထက်ပါစမ်းသပ်မှုကို ယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

အသက် ၁၇ နှစ်နှင့်အောက် လူငယ်များအပေါ် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိရောက်မှု ရှိ၊ မရှိ စမ်းသပ်မှုပြုလုပ်ခြင်းကို ဖေဖော်ဝါရီလအတွင်း ဗြိတိန်နိုင်ငံ၌ စတင်ခဲ့သည်။

အောက်စဖို့ဒ်တက္ကသိုလ်က ၎င်း၏ စမ်းသပ်မှု ယာယီရပ်ဆိုင်းခြင်းကို ဧပြီ ၆ ရက်တွင် ကြေညာခဲ့ပြီး ဗြိတိန်ဆေးဝါး စောင့်ကြည့်ရေးအဖွဲ့၏ လမ်းညွှန်ချက် ရရှိမှသာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့ကလည်း သွေးခဲမှုပြဿနာများကြောင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုမှုကို ယာယီရပ်ဆိုင်းထားခဲ့သည်။

သို့သော် ဥရောပသမဂ္ဂ၏ ဆေးဝါးအာဏာပိုင်အဖွဲ့က အဆိုပါ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ဘေးကင်းလုံခြုံမှုရှိပြီး ရောဂါကာကွယ်နိုင်စွမ်းရှိကြောင်း မတ်လအတွင်း စစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံကာ ပြောကြားခဲ့သည်။ ထို့ပြင် အဆိုပါ ကာကွယ်ဆေး၏ အကျိုးရှိမှုသည် သွေးခဲမှုပြဿနာထက် ပိုမိုများပြားကြောင်း အဆိုပါအဖွဲ့က ဆိုသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

□

အိန္ဒိယ၌ တစ်ရက်အတွင်း ပြည်သူတစ်သိန်းကျော် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ

နယူးဒေလီ ဧပြီ ၇

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅၇၃၆ ဦးဖြင့် ယခုနှစ်အတွင်း နေ့စဉ်ကူးစက်မှုနှုန်းအများဆုံးအဖြစ် စံချိန်တင်ခဲ့ပြီးနောက် ထိုရောဂါကူးစက်ခံရသူပေါင်း ၁၂၈၀၁၇၈၅ ဦးရှိလာကြောင်း အိန္ဒိယဗဟိုကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အပြင် အိန္ဒိယနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၆၃၀ ထပ်မံသေဆုံးခဲ့သဖြင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၆၆၁၇၇ ဦး ရှိလာကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

သို့သော် အိန္ဒိယရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၁၇၉၂၁၃၅ ဦးသည် ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ဆေးရုံများမှ ပြန်ဆင်းခဲ့ကြသဖြင့် လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသော ကိုဗစ်လူနာ ၈၄၃၄၇၃ ဦးသာ ကျန်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် မကြာသေးမီ ရက်အနည်းငယ်မှစ၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ယခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းတွင် ပြည်သူ ၈၇ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် အိန္ဒိယဗဟိုအစိုးရက ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့် လုပ်ဆောင်လာခြင်းနှင့်အတူ လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းတွင် ပြည်သူ ၂၅၁ သန်းကျော်တို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါအဆိုးဆုံး ထိခိုက်လျက်ရှိသည့် နယူးဒေလီမြို့တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၁၀၀ တွေ့ရှိပြီး ထိုရောဂါဖြင့် ၁၄ ဦး ထပ်မံသေဆုံးခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ နယူးဒေလီမြို့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း ၁၁၀၁၃ ဦးရှိလာကြောင်း နယူးဒေလီ ဒေသန္တရကျန်းမာရေးဌာနက အတည်ပြုပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းဆေးဝါးကုမ္ပဏီများဖြစ်သည့် Serum ဆေးဝါးကုမ္ပဏီထုတ် Covishield နှင့် Bharat Biotech ဆေးဝါးကုမ္ပဏီထုတ် Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးကို ပြည်နယ်နှင့် ဒေသပေါင်း ၁၂ ခုသို့ ဖြန့်ဖြူးပေးထားပြီး ထိုကာကွယ်ဆေးများဖြင့် ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

အာဖရိက၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄ ဒသမ ၂၉ သန်းကျော်ရှိလာ

အဒစ်အဘာဘာ ဧပြီ ၇

အာဖရိကတိုက်၌ ယနေ့မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄ ဒသမ ၂၉ သန်းကျော်ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၄၃၄၄ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၈၅၈၄၆၀ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံများမှာ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၅၅၂၈၅၃ ဦး၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၉၉၀၂၅ ဦးနှင့် တူနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၆၃၀၄၃ ဦး အသီးသီးရှိကြောင်းလည်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာ၏ ပြောကြားချက်အရ သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

အိန္ဒိယနိုင်ငံထုတ် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ တစ်သိန်း နိုင်ဂျီးရီးယား လက်ခံရရှိ

လာဂေါ့စ် ဧပြီ ၇

နိုင်ဂျီးရီးယားနိုင်ငံသည် အိန္ဒိယနိုင်ငံထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေတစ်သိန်း လက်ခံရရှိခဲ့ကြောင်း နိုင်ဂျီးရီးယားအစိုးရ တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

နိုင်ဂျီးရီးယားအစိုးရအနေဖြင့် အိန္ဒိယအစိုးရထံမှ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်ခံရရှိခြင်းသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အရှိန်တိုးမြှင့်စေမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အစိုးရ၏ အတွင်းရေးမှူးဖြစ်သူ ဘော့စ်မူစတာဖာက အာဘူဂျာမြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သည်။

"Covishield" ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အောက်စဖို့ဒ်တက္ကသိုလ်နှင့် ဗြိတိန်-ဆွီဒင်ဆေးဝါး ကုမ္ပဏီဖြစ်သည့် AstraZeneca ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်ပြီး အိန္ဒိယနိုင်ငံ Serum ဆေးဝါးကုမ္ပဏီက ပြည်တွင်း၌ အဆင့်မြှင့်တင်ပြီး ပြန်လည်ထုတ်လုပ်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်သည်။

နိုင်ဂျီးရီးယားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရန် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံတစ်ဝန်းရှိ အသက် ၅၀ နှင့်အထက်ရှိ ပြည်သူများကို ဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ဂျီးရီးယားအစိုးရသည် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အကြားတွင် ပြည်သူ ၇၀ ရာခိုင်နှုန်းခန့်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားခြင်းနှင့်အတူ လက်ရှိအချိန်အထိ ပြည်သူ ၉၆၃၈၀၂ ဦးကို ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ဂျီးရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာပေါင်း ၁၆၃၃၈၈ ဦးရှိပြီး ၎င်းတို့အနက် ၂၀၅၈ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ သို့သော် နိုင်ဂျီးရီးယား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၅၃၆၃၀ သည် ထိုရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း နိုင်ဂျီးရီးယား ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးစင်တာမှ ထုတ်ပြန်သည့် နောက်ဆုံး အချက်အလက်များအရ သိရသည်။ ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ

ဗြိတိန်နိုင်ငံ၌ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်

လန်ဒန် မေ ၇
ဗြိတိန်နိုင်ငံ၌ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူပြီးနောက် သွေးခဲမှုပြဿနာဆိုင်ရာ မေးခွန်းများမြင့်တက်လျက်ရှိစဉ် အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna မှ ထုတ်လုပ်သည့် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးကို စတင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အသုံးပြုပြီးနောက် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် နိုင်ငံအတွင်းသုံးစွဲရန် တတိယမြောက် အတည်ပြုခဲ့သည့် ကာကွယ်ဆေးဖြစ်သည်။ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဝေးလ်နိုင်ငံရှိ ဆေးရုံတစ်ရုံ၌ အသက် ၂၄ နှစ်အရွယ်ပြည်သူတစ်ဦးက ပထမဆုံးထိုးနှံမှု ခံယူခဲ့သည်။ ဗြိတိန်နိုင်ငံအတွင်း Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုထိုးနှံမှုသာ သတ်မှတ်ထားသည့်ရက်အတွင်း ပြည်သူအားလုံး ကာကွယ်ဆေးထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

ထို့ပြင် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၇ သန်းကို နိုင်ငံတစ်ဝန်းသို့ လာမည့်ရက်များအတွင်း ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် ကာကွယ်ဆေးများ မဖြစ်မနေထိုးနှံမှုခံယူကြပါရန် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က တိုက်တွန်းပြောကြားခဲ့သည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ သွေးခဲမှုပြဿနာသည် နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်စေခဲ့သည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင်

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးကို အသုံးပြုလျက်ရှိပြီး လက်ရှိအချိန်အထိ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူ ၃၁ ဒသမ ၆ သန်းရှိကြောင်း သိရသည်။

ကိုးကား-စီအင်န်အေ
ဘာသာပြန်-အောင်ကျော်ကျော်

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လူ ၄၀၀၀ ကျော် စံချိန်တင်သေဆုံး

ရီယိုဒီဂျနေးရိုး မေ ၇
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လူ ၄၀၀၀ ကျော် စံချိန်တင် သေဆုံးခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ နောက်ဆုံးရ ကိန်းဂဏန်းများအရ သိရသည်။

ပျက်စီးယိုယွင်းလျက်ရှိ

နိုင်ငံအတွင်း၌ ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိသည့်အတွက် ဆေးရုံများတွင်လည်း လူနာများနှင့် ပြည့်နှက်လျက်ရှိသည်။ အချို့ပြည်နယ်များရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ပျက်စီးယိုယွင်းလျက်ရှိသည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၃၇၀၀၀ ရှိပြီး အမေရိကန်နိုင်ငံပြီးနောက် သေဆုံးမှုအရေအတွက် ဒုတိယအများဆုံးဖြစ်သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃ သန်းကျော်ရှိကြောင်းနှင့် မတ်လအတွင်း အဆိုပါရောဂါကြောင့် သေဆုံးသူ ၆၆၅၇၀ ရှိသည်။ အဆိုပါအရေအတွက်သည် ဖေဖော်ဝါရီလအတွင်း သေဆုံးသူအရေအတွက်ထက် နှစ်ဆကျော်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ ရှစ်ရာခိုင်နှုန်းသာ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက် ပျံ့နှံ့မှုများကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် နေ့စဉ်မြင့်တက်နေခြင်းဖြစ်ကြောင်း ဆေးဘက်ကျွမ်းကျင်ပညာရှင်များက သုံးသပ်ပြောကြားခဲ့သည်။

အဆိုးရွားဆုံးဖြစ်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ဘရာဇီးနိုင်ငံ၏ သမိုင်းတွင် အဆိုးရွားဆုံးဖြစ်ပြီး လူ့အသက်ပေါင်းများစွာဆုံးရှုံးရသည့် အကြီးမားဆုံးသော ဘေးဒုက္ခတစ်ခုဖြစ်ကြောင်းနှင့် ဇူလိုင်လမတိုင်မီ ပြည်သူငါးသိန်းနီးပါး သေဆုံးနိုင်ဖွယ်ရှိကြောင်း ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးအဖွဲ့ ညှိနှိုင်းရေးမှူး ဒေါက်တာ နီကိုလီလစ်က ဆိုသည်။

အလားတူ တောင်အမေရိက နိုင်ငံ အများအပြားတွင်လည်း ဘရာဇီးနိုင်ငံတွင် စတင်တွေ့ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဘီဘီစီ
ဘာသာပြန်-အောင်ကျော်ကျော်

ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများ မြင့်တက်လာခြင်းအပေါ် စိုးရိမ်မိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

မနီလာ မေ ၇
ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာခြင်းနှင့် ပတ်သက်၍ စိုးရိမ်မိပါကြောင်း အနောက်ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဌာနေကိုယ်စားလှယ်က ထုတ်ဖော်ပြောကြားခဲ့ပြီး ယင်းရောဂါ ကူးစက်မှုမြင့်တက်လာမှုသည် အနီရောင်မျဉ်းအဆင့်အထိ ရောက်ရှိနိုင်ကြောင်း သတိပေးလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာခြင်းကြောင့် နိုင်ငံအတွင်း တတ်စွမ်းနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်ကို ကျော်လွန်သွားနိုင်ကြောင်း အနောက်ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဌာနေကိုယ်စားလှယ် တာဂယ်ရှိကာဆိုင်းက ရှင်းလင်းပြောကြားသည်။

အကယ်၍ ရောဂါကူးစက်မှုနှုန်းမှာ အနီရောင်အဆင့်ကို ကျော်လွန်ခဲ့ပါက ကျန်းမာရေးဝန်ထမ်းများသည် အလွန်ခက်ခဲသော အနေအထားတွင်ရှိလာမည်ဖြစ်ကြောင်း၊ အကယ်၍ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကူးစက်ခဲ့ပါက နိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုစွမ်းရည် အလိုလိုကျဆင်းလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ချက်ချင်းထိန်းချုပ်ရန် လိုအပ်ကြောင်း ကာဆိုင်းက အွန်လိုင်းမှ တစ်ဆင့်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ရှင်းလင်းပြောကြားခဲ့သည်။

မေ ၆ ရက်အထိ ရရှိထားသည့်အချက်အလက်များအရ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၁၂၇၆၀ ခန့်ရှိပြီး ၎င်းတို့အနက် ၁၃၈၁၇ ခန့်သည် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ ထို့ပြင် မေ ၅ ရက်အထိရရှိထားခဲ့သည့် ကိန်းဂဏန်းများအရ ဖိလစ်ပိုင်နိုင်ငံတွင် အဓိကအားဖြင့် သူနာပြုများနှင့် ဆရာဝန်များအပါအဝင် ကျန်းမာရေးဝန်ထမ်း ၁၆၁၈၅ ဦးထက်မနည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရပြီး ၎င်းတို့အနက် ၈၂ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နှင့် အခြားနိုင်ငံအများအပြား၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာရခြင်းမှာ အဓိကအားဖြင့် ကူးစက်မြန် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ရာ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးအတွက် ရောဂါရှာဖွေစမ်းသပ်ရေး၊ စောင့်ကြည့်ရေး၊ ကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများကို အရှိန်မြှင့်လုပ်ဆောင်ရန် လိုအပ်ကြောင်း ၎င်းက အလေးအနက်ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ထိထိရောက်ရောက် အသုံးပြုခြင်းသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် အဓိကကျသော်လည်း ကာကွယ်ဆေးတစ်မျိုးတည်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိကြောင်း ကာဆိုင်းက အခိုင်အမာပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ

အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၈၇၀ ထပ်မံတွေ့ရှိ

ဗျူနိုအေးရိစ် မေ ၇
အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၈၇၀ ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၂၈၀၂၉ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် အဆိုပါ ရောဂါကြောင့် ၁၆၃ ဦး ထပ်မံသေဆုံးခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၆၆၃၄ ဦးရှိလာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် ပြန်လည်ကျန်းမာလာသူ ၂၁၆၄၀၄၅ ဦး ရှိခဲ့ကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဒီဇင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးစီးသူ ၃၈၁၆၂၃၆ ဦးနှင့် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူ ၆၉၉၅၉၈ ဦးရှိကြောင်း သိရသည်။ အာဂျင်တီးနားအစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခပ်ခွာခွာနေထိုင်ရေးစည်းမျဉ်းများကို မေ ၉ ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

အရွယ်ရောက်ပြီးသူ အမေရိကန်နိုင်ငံသားများအတွက် ကာကွယ်ဆေးထိုးနှံပေးမည့်ရက်ကို ဧပြီ ၁၉ ရက်သို့ ပြောင်းလဲသတ်မှတ်

ဝါရှင်တန် ဧပြီ ၇

အရွယ်ရောက်ပြီးသူ အမေရိကန်နိုင်ငံသားအားလုံးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် သတ်မှတ်ထားသည့်ရက်ကို ဧပြီ ၁၉ ရက်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယနေ့ပြောကြားခဲ့သည်။

အိမ်ဖြူတော်၌ ယမန်နေ့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတွင် သမ္မတ ဂျိုးဘိုင်ဒင်က အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့သည်။

သမ္မတ ရာထူးတာဝန်များစတင်ထမ်းဆောင်သည့် ဇန်နဝါရီလမှ စပြီး လက်ရှိအချိန်အထိ အမေရိကန်ပြည်သူ သန်း ၁၅၀ ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အသက် ၁၈ နှစ်နှင့်အထက် ပြည်သူအားလုံး ဧပြီ ၁၉ ရက်ထက် နောက်မကျစေဘဲ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူရမည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

အရွယ်ရောက်ပြီးသူများအား ကာကွယ်ဆေးထိုးနှံပေးမည့်ရက်ကို မေ ၁ ရက်အဖြစ် ကနဦးတွင် သတ်မှတ်ထားသော်လည်း ယခုအချိန်တွင် ဧပြီ ၁၉ ရက်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည့်အတွက် ယခင်ကထက် ရက်သတ္တနှစ်ပတ်ပိုမိုစောစီးစွာ ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်း၌ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို လွန်ခဲ့သောဒီဇင်ဘာလတွင် စတင်ခဲ့ပြီး ကျန်းမာရေးလုပ်သားများအား ဦးစားပေး ထိုးနှံပေးခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ဗီဇပြောင်းဗိုင်းရပ်စ်များ ကူးစက်ပျံ့နှံ့လျက်ရှိသည့်အတွက် ပြည်သူများအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာကြရန် သမ္မတဂျိုးဘိုင်ဒင်က သတိပေးပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်း၌ တစ်ရက်လျှင် ပြည်သူသုံးသန်းအား ကာကွယ်ဆေးထိုးနှံ ပေးလျက်ရှိသည်။ ပြည်သူ ၆၄ သန်းကျော်အား ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပေးပြီးဖြစ်သည်။ အဆိုပါအရေအတွက်သည် နိုင်ငံလူဦးရေ၏ ငါးပုံတစ်ပုံဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အီတီချိုင်း၊ ဘာသာပြန် - အောင်ကျော်ကျော်

နီပေါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်း ပြန်လည်စတင်

ခတ္တမန္ဒူ ဧပြီ ၇

နီပေါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ယနေ့ ပြန်လည်စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမြင့်တက်နေချိန်တွင် တရုတ်နိုင်ငံမှ လှူဒါန်းသော ကာကွယ်ဆေးများဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ Sinopharm ကုမ္ပဏီမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် နီပေါနိုင်ငံသို့ ပြီးခဲ့သောလနှောင်းပိုင်းက ရောက်ရှိခဲ့သည်။

နိုင်ငံ၏ မြို့တော် ခတ္တမန္ဒူ အပါအဝင် ခရိုင်ခုနစ်ခုရှိ ဆေးရုံ ၂၃ ရုံတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ကာကွယ်ဆေးများကို ၁၈ နှစ်မှ ၅၉ နှစ်အရွယ်အတွင်းရှိနိုင်ငံသားများအား ထိုးနှံပေးခဲ့ကြောင်း အမျိုးသားကာကွယ်ဆေးထိုးနှံရေး အစီအစဉ်မှ အကြီးအကဲ ဂျာလက်ရှာမာဂူတန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ယခုကဲ့သို့ ကာကွယ်ဆေးထိုးနှံခွင့်ရရှိသောကြောင့် တရုတ်နိုင်ငံသို့ သွားရောက်ပညာသင်ကြားခွင့် ပြန်လည်ရရှိမည်ဖြစ်သည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ကွမ်ကျိုးတက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်းတက်ရောက်နေသော နီပေါနိုင်ငံမှ ကျောင်းသား ရက်ရှ်ကူးမား ပါရာ ဂျူလီက ပြောကြားသည်။

နီပေါနိုင်ငံသည် ပထမအဆင့်ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်တွင် လူပေါင်း ၄၀၀၀၀၀ အား ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးနောက် ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။ နီပေါနိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီ ၂၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ	ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ	၁၃၃၂၀၉၁၇၈ ဦး
	သေဆုံးသူ	၂၈၈၉၈၆၄ ဦး
	ပြန်လည်ကျန်းမာလာသူ	၁၀၇၄၀၇၀၁၉ ဦး

စပိန်နိုင်ငံက ဇူလိုင်လနှောင်းပိုင်းတွင် နိုင်ငံလူဦးရေ၏ ၅၃ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးရန် စီစဉ်လျက်ရှိ

မက်ဒရစ် ဧပြီ ၇

စပိန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိပြီး ဇူလိုင်လနှောင်းပိုင်းတွင် လူဦးရေ ၂၅ သန်း(နိုင်ငံလူဦးရေ၏ ၅၃ ရာခိုင်နှုန်း) အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးရန် စီစဉ်လျက်ရှိကြောင်း စပိန်နိုင်ငံ ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က ဧပြီ ၆ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် စပိန်နိုင်ငံသည် ဩဂုတ်လကုန်တွင် စပိန်နိုင်ငံသားအားလုံး၏ ၇၀ ရာခိုင်နှုန်းအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်လျက်ရှိကြောင်းလည်း စပိန်နိုင်ငံ ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က ပြောကြားခဲ့သည်။

စပိန်နိုင်ငံသည် ဧပြီလမှစတင်ကာ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိကြောင်းလည်း ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

စပိန်နိုင်ငံသည် မေ ၉ ရက်တွင် သက်တမ်းကုန်ဆုံးမည့် နိုင်ငံတစ်ဝန်း ကြေညာထားသည့် အရေးပေါ်အခြေအနေကိုလည်း ထပ်မံသက်တမ်းတိုးရန် အစီအစဉ်မရှိကြောင်းလည်း ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က ပြောကြားခဲ့သည်။ လက်ရှိတွင် စပိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃ ဒသမ ၃ သန်းကျော်ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

စပိန်နိုင်ငံသည်ဧပြီလနှင့်စက်တင်ဘာလအကြားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၈၇ သန်းလက်ခံရရှိမည်ဖြစ်ပြီး ဧပြီ ၅ ရက်အထိ ထုတ်ပြန်သည့်အချက်အလက်များအရ စပိန်နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၅ ဒသမ ၇ သန်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၂ ဒသမ ၈ သန်းရှိကြောင်း သိရသည်။

ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - အလင်းသစ်

မေလအတွင်း AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နှစ်သန်း ယူဂန္ဓာနိုင်ငံ လက်ခံရရှိမည်

ကမ်ပါလာ ဧပြီ ၇

ယူဂန္ဓာနိုင်ငံသည် လာမည့်လအတွင်း AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နှစ်သန်း လက်ခံရရှိမည်ဖြစ်ကြောင်း ယူဂန္ဓာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဧပြီ ၆ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအစီအစဉ် COVAX ထံမှ ယူဂန္ဓာနိုင်ငံ လက်ခံရရှိမည်ဖြစ်ကြောင်း ယူဂန္ဓာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဟင်နရီအမ်ဝီဘီဆာက ပြောကြားခဲ့သည်။

ယူဂန္ဓာနိုင်ငံသည် လက်ရှိတွင် COVAX အစီအစဉ်နှင့် အိန္ဒိယအစိုးရတို့ထံမှ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၆၆၄၅၂၀ လက်ခံရရှိထားပြီးဖြစ်ကြောင်းလည်း သိရသည်။ ထို့ပြင် ယူဂန္ဓာနိုင်ငံအနေဖြင့် ဧပြီ ၄ ရက်အထိ လူဦးရေ ၁၂၉၆၃၄ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူထားပြီဖြစ်ကြောင်းနှင့် အဆိုပါကာကွယ်ဆေးထိုးနှံခဲ့သူများမှာ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံမှုခံယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူဂန္ဓာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုလျော့ကျမှုရှိခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဆိုင်ရာ စည်းကမ်းချက်များကို တိုးမြှင့်ဆောင်ရွက်ရေး ယူဂန္ဓာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းခဲ့ကြောင်း သိရသည်။

ယူဂန္ဓာနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၁၀၂၃ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၅ ဦးရှိခဲ့ကာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၄၀၄၅၂ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

မွန်ပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

နေပြည်တော် ဧပြီ ၇

မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် ဝန်ကြီးချုပ်ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကြေးများရယူသုံးစွဲခဲ့မှုများအပေါ် ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် မွန်ပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်သည့် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်ကာလအတွင်း တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်၍ ၂၀၁၈ ခုနှစ်မှစတင်၍ သံလွင်မြစ်အတွင်း သဲများစုပ်ယူထုတ်လုပ်ခဲ့ရာတွင် လုပ်ငန်းရှင်များထံမှ စုစုပေါင်း ငွေကျပ် ၅၆၉၈၀၉၀၀၀ (ကျပ်သိန်း ငါးထောင့်ခြောက်ရာကိုးဆယ်ကျော်)ကို ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း၊ သဲသောင်တူးဖော်ရေးလုပ်ငန်းတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ အမှန်တကယ်ပေးသွင်းရမည့် ဓာတ်သတ္တုခွန်အား လုပ်ပိုင်ခွင့်မရှိဘဲ လျှော့နည်းပေးသွင်းရန် ခွင့်ပြုခဲ့ခြင်းကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှရရှိမည့် ဘဏ္ဍာငွေကျပ် ၁၃၂၃၅၇၀၀၀ (ကျပ်သိန်း တစ်ထောင့်သုံးရာ နှစ်ဆယ်ကျော်) နစ်နာဆုံးရှုံးခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရန်ပုံငွေများမှ ငွေကျပ် သိန်း ၂၀၀ ကို ပုဂ္ဂိုလ်ရေးအရ အခြားသူတစ်ဦးသို့ ချေးငှားထုတ်ပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှု မရှိခြင်း၊ အခြားပုဂ္ဂိုလ်နှစ်ဦးသို့ ငွေကျပ် သိန်း ၆၅၀ ထုတ်ပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှုမရှိခြင်းတို့သည် နိုင်ငံတော်၏ ငွေကြေးပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါက်တာအေးဇံအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ မွန်ပြည်နယ် မော်လမြိုင်မြို့ မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် လွန်တောင်းကျေးရွာ၌ ဒီမိုကရက်တစ်ပါတီ စည်းရုံးရေးမှူး မီးရှို့သတ်ဖြတ်ခံရ

နေပြည်တော် ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် လွန်တောင်းကျေးရွာ၌ ဒီမိုကရက်တစ်ပါတီ စည်းရုံးရေးမှူးကို မီးရှို့သတ်ဖြတ်ခံခဲ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဧပြီ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မတ္တရာမြို့နယ် လွန်တောင်းကျေးရွာနေ ဒီမိုကရက်တစ်ပါတီ စည်းရုံးရေးမှူးသည် ၎င်း၏နေအိမ်ကို အကြမ်းဖက်သူလူတစ်စု(စီစစ်ဆဲ)မှ ဝင်ရောက်ဖျက်ဆီးနေကြောင်း ဖုန်းဆက်အကြောင်းကြား၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အခြေအနေကို ထိန်းသိမ်းနိုင်ရေး အခင်းဖြစ်နေရာသို့ သွားရောက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိချိန်တွင် အကြမ်းဖက်လူစုအား တွေ့ရှိရခြင်းမရှိဘဲ ဖုန်းဆက်အကြောင်းကြားသူ စည်းရုံးရေးမှူးကို ၎င်း၏နေအိမ်၌ အသင့်တွေ့ရှိရပြီး ၎င်းပိုင်ဆိုင်သော လယ်ထွန်စက်ရှေ့မီးသီးများ ရိုက်ခွဲဖျက်ဆီးခံရ၍ အင်ဂျင်ပိုင်ထည့်သည့်အပေါက်ကို သဲများဖြင့် ပိတ်ဆို့ထားသည်ကို တွေ့ရှိခဲ့ရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များက စည်းရုံးရေးမှူး၏ လုံခြုံရေးစိုးရိမ်ရသည့်အတွက် မတ္တရာမြို့သို့ ခေါ်ဆောင်လာခဲ့ရာ တောင်ပြုန်းကျေးရွာအရောက်၌ ၎င်းက မန္တလေးရှိ ၎င်း၏ဆွေမျိုးများနှင့်အတူ သွားရောက်နေထိုင်မည်ဖြစ်ကြောင်း အသိပေးပြောဆိုကာ တောင်ပြုန်းကျေးရွာ၌ ကျန်ရှိခဲ့ကြောင်း။

မီးရှို့သတ်ဖြတ်

ဧပြီ ၇ ရက် နံနက် ၈ နာရီခွဲတွင် လွန်တောင်းကျေးရွာ၌ အဆိုပါစည်းရုံးရေးမှူး အသတ်ခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ခဲ့ရာ အလောင်းကို နေအိမ်၌ မတွေ့ရှိဘဲ လိုက်လံရှာဖွေစဉ် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် လွန်တောင်းရွာ၏ တောင်ဘက် တစ်မိုင်ခန့်အကွာ တောင်သချိုင်းအတွင်းမှ အဆိုပါ စည်းရုံးရေးမှူးအား မီးရှို့သတ်ဖြတ်ထားသည်ကို တွေ့ရှိခဲ့ရကြောင်း။

စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်

စည်းရုံးရေးမှူးကို အုပ်စုဖွဲ့အကြမ်းဖက်ကာ ရက်စက်စွာ မီးရှို့သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ ကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၇

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ဝင်ကုန် ၆၀၈ စီး၊ သွင်းကုန် ၅၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ်သန်း ၃၃၀၀) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သော ဆင်အမှတ်တံဆိပ် တရုတ်စာတန်းပါ ဓာတ်မြေဩဇာ (1Bag x 40kg) အိတ် ၁၁၀ အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လှိုင်သာယာမြို့နယ်၌ အထည်ချုပ်စက်ရုံ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ယနေ့နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၅ နာရီ ၄ မိနစ်ခန့်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ဆိပ်ကမ်းသာလမ်းနှင့် ဖန်ချက်ဝန် ဦးရွှေအိုးလမ်းထောင့် အကွက်အမှတ်(၃၇) ပိုင်ရှင် Mr.Lin Done (တရုတ်နိုင်ငံသား)၏ JOC Galaxy (Myanmar) Apparel အထည်ချုပ်စက်ရုံ(လက်အိတ်၊ ကျောပိုးအိတ်အသေး၊ဦးထုပ်)၊ အကျယ်အဝန်း(၁၅၀x ၁၅၀)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းသုံးထပ် အဆောက်အအုံတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အခင်းဖြစ်နေရာ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အသီးသီးရှိ မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် ၅၄ စီး၊ မီးသတ်ရေသယ်ယာဉ် ၁၄ စီး၊ အထောက်အကူပြုယာဉ် ခုနစ်စီး၊ ကွပ်ကဲမှုယာဉ် ခုနစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၈၉ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၀ တို့ ထွက်ခွာ၍ မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၆ နာရီ ၂၅ မိနစ်ခန့်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၆ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းသိရပြီး မီးလောင်မှုအကြောင်းရင်း စုံစမ်းလျက်ရှိကြောင်း သိရသည်။

စိုးမြင့်အောင်

စာပေဗိမာန်စာမူဆု နှစ် ၅၀ ကျော်ခရီးတစ်ခု

မြင့်မောင်စိုး

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲ အခမ်းအနားတစ်ရပ်ကို မကြာသေးမီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တကွ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များ၊ ဆုရစာပေပညာရှင်များ တက်ရောက်ကြပါသည်။

ထိုနေ့အခမ်းအနားတွင် ၂၀၁၉ ခုနှစ်အတွင်း စာပေပညာရှင်များက ရေးသားပေးပို့ယှဉ်ပြိုင်ခဲ့သော စာမူပေါင်း ၂၈၇ စောင်ကို စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က စိစစ်ရေးမူဝါဒအတိုင်း စနစ်တကျဖတ်ရှုစိစစ်ခဲ့ပြီး ဆုရွေးချယ်ရေးအတွက် ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် အင်္ဂလိပ်စာမူဆု ဘာသာရပ်မှလွဲ၍ ကျန်ဘာသာရပ် ၁၃ မျိုးအတွက် ဆုပေါင်း ၂၉ ဆုကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

ဆုအမျိုးအစားတွင် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာပေါင်းချုပ်၊ သုတ(ဝိဇ္ဇာ)၊ သုတ(သိပ္ပံ)၊ စာပဒေသာ၊ ယဉ်ကျေးမှု၊ ကလေးစာပေ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေ၊ ဘာသာပြန် (သုတ)၊ ဘာသာပြန် (ရသ) ဟူ၍ ဖြစ်သည်။ ဆုအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယ ဟူ၍ ချီးမြှင့်ခြင်း ဖြစ်သည်။

ကလောင်သစ်စာပေပညာရှင်များ မွေးထုတ်ပေးရာနေရာ

စာပေဗိမာန်စာမူဆုသည် အမျိုးသားစာပေဆုပြီးလျှင် ဒုတိယအမြင့်ဆုံးစာပေဆု ဖြစ်ပါသည်။ အမျိုးသားစာပေဆုက ထုတ်ဝေပြီးစာအုပ်ဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး စာပေဗိမာန်စာမူဆုမှာ ရေးသားပြီးစာမူအဆင့်ဖြင့် ယှဉ်ပြိုင်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စာအုပ်ထုတ်ဝေရန်အခက်အခဲရှိနေသော စာပေကလောင်ရှင်များ၏ စာပေများကို စိစစ်ရွေးချယ်ကာ စာအုပ်အဖြစ် ထုတ်ဝေပေးရေးအတွက် ဆောင်ရွက်ချက်တစ်ခု ဖြစ်ပါသည်။ အထူးသဖြင့် ကလောင်သစ်စာပေပညာရှင်များကိုလည်း မွေးထုတ်ပေးရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

စာပေဗိမာန်စာမူဆု ပေါ်ပေါက်လာရခြင်း နောက်ခံသမိုင်းကြောင်းသည် စိတ်ဝင်စားဖွယ်ရာပင် ဖြစ်ပါသည်။ ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ စာပေဗိမာန်ကို ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် ဘာသာပြန်စာပေအသင်းအနေဖြင့် စတင်တည်ထောင်ခဲ့ကြောင်း၊ အများပြည်သူများအား မြန်မာစာပေအမြင့်၊ စာပေရှုထောင့်မှ ဗဟုသုတဖြစ်ဖွယ်ရာများ ရေးသားတင်ပြ၍ စာအုပ်စာပေများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေဖြန့်ချိသွားနိုင်ရေး စာပေဗိမာန်ဆုကို တီထွင်ဖန်တီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုသမိုင်း ပြန်ပြောင်းတင်ပြရသော် ၁၉၄၈ ခုနှစ်ကစပြီး စာပေဗိမာန် ကာလပေါ်ဝတ္ထုဆုအမည်ဖြင့် တစ်နှစ်တာကာလအတွင်း ထုတ်ဝေခဲ့သော လုံးချင်းဝတ္ထုစာအုပ်များအနက် အကောင်းဆုံးစာအုပ်တစ်အုပ်ကို ရွေးချယ်ပြီး ဆုချီးမြှင့်ခဲ့ကြောင်း၊ ပထမဆုံးဆုရစာအုပ်မှာ ဆရာမင်းအောင် ရေးသားသော မိုးအောက်မြေပြင် ဝတ္ထုစာအုပ်ဖြစ်ကြောင်း၊ ဆုချီးမြှင့်ငွေမှာ ကျပ် ၁၀၀၀ ဖြစ်ကြောင်း၊ နောင်နှစ်များတွင် ဆုချီးမြှင့်ဘာသာရပ်များတိုးမြှင့်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ဆုဘာသာရပ် ခုနစ်မျိုးအထိ တိုးမြှင့်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

၁၉၆၂ ခုနှစ်တွင် စာပေဗိမာန်ဆုကို အနုပညာဆိုင်ရာစာပေဆုဟူ၍ အမည်ပြောင်းလဲခဲ့ပြီး ဘာသာရပ် ကိုးမျိုး သတ်မှတ်ခဲ့ကြောင်း၊ ၁၉၆၃ ခုနှစ်တွင် ပုံနှိပ်ပြီးစာအုပ်နှင့် ပုံမနှိပ်ရသေးသော လက်ရေးစာမူများကို ပူးတွဲ၍ ပြိုင်ပွဲဝင်ရသောစနစ်အဖြစ် ကျင့်သုံးခဲ့ကြောင်း၊ ဆုကို ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆုဟူ၍ ချီးမြှင့်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရပါသည်။

သို့သော်လည်း ထိုဆုချီးမြှင့်ရေးစနစ်ကို ၁၉၆၉ ခုနှစ်တွင် ဖျက်သိမ်းပြီး တစ်နှစ်တာကာလအတွင်း ထုတ်ဝေခဲ့သောစာအုပ်များထဲမှ အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊ စာပေဗိမာန်စာမူများကို သီးခြားပြိုင်ပွဲခေါ်ယူပြီး ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ ထိုမှစ၍ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုတို့သည် သီးခြားစီဖြစ်သွားခဲ့သည်။

နှစ်ပေါင်း ၅၀ ကျော်ခဲ့လေပြီ

စာပေဗိမာန်စာမူဆုသည် ထိုအချိန်မှစ၍ တိုးတက်အားကောင်းလာတော့၏။ တက်သစ်စကလောင်ရှင်များကို ပိုမိုအခွင့်အလမ်းရလာတော့၏။ မြန်မာစာပေလောကတွင် စာကောင်းပေမွန်များ ထွက်ပေါ်လာရေးအတွက် ပုံနှိပ်ရန်အခက်အခဲရှိနေသော စာပေကလောင်ရှင်များ၏ စာမူများကို သီးခြားဖိတ်ခေါ်ပြီး ဆုရစာပေပညာရှင်များအား ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ခဲ့သည်။ ဆုရစာမူများကို စာပေဗိမာန်က စာအုပ်အဖြစ် ထုတ်ဝေပေးခဲ့သည်။ ထိုအချိန်မှစ၍ စာပေဗိမာန်စာမူဆုကို နှစ်စဉ်ချီးမြှင့်လာခဲ့ရာ ယနေ့အထိဆိုလျှင် နှစ်ပေါင်း ၅၀ ကျော်ခဲ့လေပြီ။ ပြည်သူများအား ဗဟုသုတတိုးပွားစေမည့် စာပေဗိမာန်စာမူဆုရစာအုပ်ပေါင်း ထောင်နှင့်ချီ၍ ထုတ်ဝေပေးနိုင်ခဲ့လေပြီ။ စာပေဗိမာန်စာမူဆု၏ စာပေကျေးဇူးသည် ကြီးမားများပြားလှပေစွ။

စာပေဗိမာန်စာမူဆုရစာပေများသည် စာဖတ်သူပြည်သူများအတွက် သုတနှင့်ရသကို အပြည့်အဝခံစားရရှိပေလိမ့်မည်။ အကြောင်းသည်ကား ဆုရစာပေများသည် ဆုရစာရေးဆရာများ၏ ဘဝနှင့်ဆက်စပ်နေသည်ကို တွေ့ရသည်။ ရုပ်သေးဇာတ်တည်ထောင်သူက ရုပ်သေးအကြောင်းရေးသည်။ ကျောင်းဆရာ ကျောင်းဆရာမလုပ်သူများက လူငယ်ပြုစုပျိုးထောင်ရေးအကြောင်းရေးသည်။

ကျေးလက်နေကျောင်းဆရာများက သဘာဝကျေးလက်ကဗျာများကို သီကုံးသည်။ ရုပ်ရှင်နယ်ပယ် ကျင်လည်သူများက ဇာတ်ညွှန်းအကြောင်း မီးမောင်းထိုးပြသည်။ ကျမ်းပြုဆရာများက ရှေးဟောင်းအကြောင်းကို တင်ပြသည်။ ရေလုပ်ငန်းလုပ်ကိုင်သူက တံငါသည်များ၏ဘဝကို ခြယ်မှုန်းသည်။ ဤသို့ဖြင့် စာပေဗိမာန်တည်းဟူသော စာပေဥယျာဉ်ကြီးအတွင်း စာပေပန်းမန်တို့သည်လည်း အရောင်အသွေးစုံလင်စွာဖြင့် ပွင့်လန်းဝေဆာနေလျက်ရှိပါသည်။

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ်များတိုးချဲ့လာသည်။ ယခုအခါ ဘာသာရပ် ၁၄ မျိုး ဆုချီးမြှင့်ပေးလျက်ရှိပါသည်။ စာမူဆုချီးမြှင့်ငွေကိုလည်း အစဉ်အဆက်တိုးတက်ချီးမြှင့်လျက်ရှိရာ ယခုအခါ ပထမဆု ကျပ်ဆယ်သိန်း၊ ဒုတိယဆုကျပ်ခုနစ်သိန်းနှင့် တတိယဆု ကျပ်ငါးသိန်းချီးမြှင့်လျက်ရှိပါသည်။

၂၉ စောင်ကို ဆုအဖြစ် ရွေးချယ်

စာပေဗိမာန်စာမူဆု ဘာသာရပ် ၁၄ မျိုးတွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲခြားပြီး စာပေပညာရှင်နှင့် ပညာရပ် ကျွမ်းကျင်ပညာရှင် ၂၇ ဦး ပါဝင်သော စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ စာမူများကို စနစ်တကျရွေးချယ်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်အတွက် စာမူပေါင်း ၂၈၇ စောင် ပေးပို့ယှဉ်ပြိုင်သည့်အနက်မှ ၂၉ စောင်ကို ဆုအဖြစ် ရွေးချယ်ပေးနိုင်ခဲ့ကြောင်း သိရပါသည်။ ဤသို့အဆင့်သုံးဆင့်ဖြင့် ရွေးချယ်ရာတွင် ဆန်ခါတင်အဆင့်ရောက်ရှိလာသောစာမူများကို ဆုအဖြစ်မရွေးနိုင်သော်လည်း ပုံနှိပ်ထုတ်ဝေသင့်သော စာကောင်းပေမွန်များ ပါကောင်းပါလိမ့်မည်။ ထိုကဲ့သို့ စာမူများကို ပုံနှိပ်ထုတ်လုပ်သူများနှင့် ချိတ်ဆက်ကာ စာအုပ်အဖြစ် ထုတ်ဝေပေးနိုင်မည်ဆိုလျှင် ပိုမိုကောင်းမွန်ပါသည်။ ရေးသားထားသော စာမူများ အဟောသိကံမဖြစ်ရေးအတွက် ကာကွယ်ပေးနိုင်ပေလိမ့်မည်။ စာရေးသူများ၏ ကြိုးပမ်းအားထုတ်မှုများအတွက် မြေတောင်မြှောက်ပေးမှုမှာ ပိုမိုအားကောင်းလာနိုင်ပါသည်။ လက်တင်စာရေးဆရာများသည် အမျိုးသားစာပေဆုရပညာရှင်များ ဖြစ်နိုင်ပါသည်။ မြန်မာစာပေလောကတွင် ထင်ရှားသောစာရေးဆရာကြီးအချို့သည် စာပေဗိမာန်စာမူဆုရစာပေကို စာအုပ်ထုတ်ဝေသောအခါ အမျိုးသားစာပေဆုပါ ထပ်မံဆွတ်ခူးနိုင်သော အလားအလာရှိသည့်အတွက် စာရေးဆရာအဖြစ် လူသိများထင်ရှားလာနိုင်ပါသည်။

ထို့ကြောင့် စာပေဗိမာန်စာမူဆုပြိုင်ပွဲသည် စာရေးဆရာများအား မွေးထုတ်ပေးရာ ဘူမိနက်သန် နေရာဆိုလျှင် မှားလိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် စာပေဝါသနာပါသူ၊ စာပေချစ်မြတ်နိုးသူ၊ စာရေးဆရာဖြစ်လိုသူများသည် စာပေများကိုဖတ်ရှုခြင်း၊ အပတ်တကုတ်ရှာဖွေရေးသားပြုစုခြင်းတို့မှ အစပြုပြီး စာရေးဆရာလမ်းကြောင်းပေါ်သို့ တဖြည်းဖြည်းရောက်ရှိလာကြသည်။

သို့ဖြစ်၍ စာပေဗိမာန်စာမူဆုပြိုင်ပွဲသည် ယခုအခါ နှစ်ပေါင်း ၅၀ ကျော် တိုင်ခဲ့လေပြီ။ စာပေပညာရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့ပြီ။ တစ်ဖက်တွင်လည်း ပြည်သူလူထုအား စာပေဖြင့် အသိပညာဗဟုသုတများတိုးပွားအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့လေပြီ။ ထိုမှဆက်လက်၍ နောင်နှစ်ပေါင်းရာချီပြီး စာပေဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။ ။

စာပေဗိမာန်စာမူဆုသည် ထိုအချိန်မှစ၍ တိုးတက်အားကောင်းလာတော့၏။ တက်သစ်စကလောင်ရှင်များကို ပိုမိုအခွင့်အလမ်းရလာတော့၏။ မြန်မာစာပေလောကတွင် စာကောင်းပေမွန်များ ထွက်ပေါ်လာရေးအတွက် ပုံနှိပ်ရန်အခက်အခဲရှိနေသော စာပေကလောင်ရှင်များ၏ စာမူများကို သီးခြားဖိတ်ခေါ်ပြီး ဆုရစာပေပညာရှင်များအား ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ခဲ့သည်။ ဆုရစာမူများကို စာပေဗိမာန်က စာအုပ်အဖြစ် ထုတ်ဝေပေးခဲ့သည်။ ထိုအချိန်မှစ၍ စာပေဗိမာန်စာမူဆုကို နှစ်စဉ်ချီးမြှင့်လာခဲ့ရာ ယနေ့အထိဆိုလျှင် နှစ်ပေါင်း ၅၀ ကျော်ခဲ့လေပြီ။ ပြည်သူများအား ဗဟုသုတတိုးပွားစေမည့် စာပေဗိမာန်စာမူဆုရစာအုပ်ပေါင်း ထောင်နှင့်ချီ၍ ထုတ်ဝေပေးနိုင်ခဲ့။

လေလှိုင်းပေါ်က မသမာသူတွေရဲ့ အားပေးအားမြှောက် သွေးထိုးလှုံ့ဆော်မှုတွေကို လိုက်လုပ်နေကြသူတွေအနေနဲ့ အမှားနဲ့အမှန်၊ အကောင်းနဲ့အဆိုးကိုတော့ ခွဲခြမ်းစိတ်ဖြာပေးကြပါ၊ အခြေခံပြည်သူတွေမှာ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကြုံတွေ့ခံစားနေကြရတယ်လို့ ပြောပါရစေရှင်

ဒေါ်ဥမ္မာအောင် (အမည်လွှဲ)

လက်ရှိအချိန်တွင် မင်းမဲ့စရိုက်ဆန်ဆန်ဆူပူအကြမ်းဖက်မှုများ အရှိန်မြင့်တက်နေဆဲဖြစ်ပါသည်။ အဆိုပါဖြစ်စဉ်များကြောင့် အခြေခံလူတန်းစားများ စားဝတ်နေရေးအခက်အခဲများ ရင်ဆိုင်ကြုံတွေ့ခံစားနေကြရပါသည်။ ထိုသို့ပြည်သူများ၏ အခက်အခဲများ၊ ကြုံတွေ့နေရသည့် ပြဿနာများနှင့်စပ်လျဉ်း၍ ၎င်းတို့၏သဘောထား၊ အတွေးအမြင်များကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။

ပြည်သူတစ်ဦးဖြစ်သူ ဦးသန်းအေး (အမည်လွှဲ)

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီးအတွင်းက ကျေးရွာမှာနေပါတယ်။ အလုပ်ကတော့ ပန်းရန်လုပ်ငန်းပါ။ အဖွဲ့ထဲမှာက ကျွန်တော်အပါအဝင် သံလက်ကိုင်က ၁၂ ယောက်၊ နောက်လိုက်က ၁၈ ယောက်ရှိပါတယ်။ သံလက်ကိုင်တစ်ယောက်အနေနဲ့ တစ်နေ့ကို ငွေကျပ်တစ်သောင်းရတယ်။ နောက်လိုက်တစ်ယောက်အနေနဲ့တော့ ငွေကျပ်ခြောက်ထောင်ရကြတယ်။ အရင်ကအလုပ်ကများတော့ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး အဖွဲ့ကိုလည်း သုံး၊ လေးဖွဲ့ခွဲပြီး အလုပ်လုပ်ကြရတယ်။ အလုပ်ကလည်း ပုံမှန်လုပ်နေရတော့ ကျွန်တော်အပါအဝင် ကျွန်တော့်အဖွဲ့အားလုံး ပုံမှန်ဝင်ငွေလေးရလို့ မိသားစုစားဝတ်နေရေးအတွက်လည်း အဆင်ပြေကြတယ်။

အခုတော့ ဆန္ဒပြတာတွေကို အကြောင်းပြပြီး အကြမ်းဖက်လုပ်ရပ်တွေက ရှိလာတော့ သွားဖို့၊ လာဖို့အဆင်မပြေ၊ အလုပ်ရှင်တွေအနေနဲ့လည်း အိမ်ဆောက်ပစ္စည်းဝယ်ခြမ်းဖို့ အကျပ်အတည်းကြုံလာလို့ လုပ်ငန်းရပ်ထားရတယ်။ အလုပ်မလုပ်ရတာလည်း တစ်လကျော်ရှိလာလို့ စားဝတ်နေရေးအတွက် အခက်အခဲဖြစ်ရပြီပေါ့ဗျာ။ ကိုယ်တတ်ကျွမ်းတဲ့ အသက်မွေးဝမ်းကျောင်း အလုပ်ကလည်း မလုပ်ရ၊ အခြားအလုပ်ကလည်း မရှိဆိုတော့ ရေရှည်ဆိုရင် မလွယ်ဘူးဗျာ။ တကယ်တော့ ဒီဆန္ဒပြမှုတွေရဲ့ အကျိုးဆက်က ကျွန်တော်တို့လို အခြေခံပြည်သူတွေပဲ တိုက်ရိုက်ခံစားနေကြရတာပါ။ ကျွန်တော်ကတော့ ဒီဆန္ဒပြမှုတွေ အမြန်ဆုံးပြီးဆုံးပါစေ၊ တာဝန်ရှိသူတွေအနေနဲ့လည်း တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို အမြန်ဆုံးဆောင်ရွက်နိုင်ပါစေဆိုပြီး အမြဲဆုတောင်းနေပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ်တတ်ကျွမ်းတဲ့ အသက်မွေးဝမ်းကျောင်း အလုပ်လေးကို အရင်ကလိုပဲ အေးအေးချမ်းချမ်းပျော်ပျော်ရွှင်ရွှင်နဲ့ လုပ်ချင်ပါတယ်။

ပြည်သူတစ်ဦးဖြစ်သူ ဒေါ်ဥမ္မာအောင် (အမည်လွှဲ)

ကျွန်မက ရန်ကုန်ကပါ။ အလုပ်အနေနဲ့ကတော့ အိမ်ရှေ့မှာပဲ ဟင်းသီးဟင်းရွက်ရောင်းတယ်။ အမျိုးသားကတော့ ကြုံရာကျပန်းအလုပ်လုပ်တယ်။ ကျွန်မတို့မှာ အရွယ်မရောက်သေးတဲ့ သမီးလေးနှစ်ယောက်ရှိတယ်။ အရင်ကတော့ မနက် ၆ နာရီဆိုရင် ဈေးထရောင်းတယ်။ ရပ်ကွက်ထဲမှာ နေသူတွေနဲ့ လမ်းသွားလမ်းလာတွေက လာရောက်အားပေးဝယ်ယူကြတော့ အဆင်ပြေတယ်။ တစ်နေ့ကို လေး၊ ငါးထောင်လောက်တော့ အမြတ်ရတယ်။ အမျိုးသားကလည်း တစ်နေ့ကို ရှစ်ထောင်လောက်ရတယ်။ ဘာပဲဖြစ်ဖြစ် နှစ်ယောက်ပေါင်းဝင်ငွေအနေနဲ့ တစ်နေ့ကို တစ်သောင်းနှစ်ထောင်၊ တစ်သောင်းသုံးထောင်လောက်ရတယ်။ ဘာမှ အခက်အခဲမရှိဘူး။

အခုကျတော့ အကြမ်းဖက် ဆန္ဒပြမှုတွေရဲ့ နောက်ကွယ်ကနေ ပြည်သူအချင်းချင်း သွေးကွဲအောင် ရန်တိုက်ပေးတဲ့သူက ရန်တိုက်ပေး၊ ဒလန်တွေ၊ သူလျှိုတွေဆိုတာက ခေတ်စားနေတော့ လုပ်ရကိုင်ရတာကြောက်လန့်နေရသလို ပိုပြီးတော့လည်း ခက်ခဲလာတယ်။ ဥပဒေဆိုတာမရှိတော့သလို ခံစားရတယ်။ လူတိုင်းနီးပါးလုပ်ချင်ရာ လုပ်လို့ရနေချိန်ဆိုတော့ အခုမှ တကယ့်ဒီမိုကရေစီရနေပါလားလို့ အောက်မေ့မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မကျေနပ်ရင် လူသတ်လို့ရတယ်၊ အုပ်စုဖွဲ့အနိုင်ကျင့်လို့ရတယ်၊ ကြည့်မရတဲ့အိမ်တွေကို မီးရှို့ဖျက်ဆီးလို့ရတဲ့အချိန် ဖြစ်နေလို့ပါ။ ဆိုးတာက အမျိုးသားကလည်း အလုပ်မလုပ်ရတာ တစ်လလောက်ရှိနေပြီ။ ဒီကြားထဲ ကျွန်မတို့ကို ဈေးမရောင်းရဘူးဆိုပြီး အတင်းဖိအားပေးတာကလည်း ရှိသေးတယ်။ အဲဒီလိုမျိုးဆိုတော့ နှစ်ယောက်စလုံး ပုံမှန်ဝင်ငွေမရှိတဲ့အပြင် တစ်နေ့ကို သုံး၊ လေးထောင်ရဖို့ကို မနည်းကြိုးစားပြီး ရှာနေရတယ်။ ဒါတောင်တစ်နေ့ကို နှစ်ထောင်လောက်ပဲရတဲ့ နေ့ကရှိသေးတော့ မိသားစုစားဝတ်နေရေး ကျပ်တည်းလာတာပေါ့။ ကျွန်မတို့နှစ်ယောက်ထဲဆိုရင် ပြဿနာက သိပ်မရှိဘူး။ သမီးလေးနှစ်ယောက်နဲ့ဆိုတော့ အခက်ကြုံနေရပါပြီရှင်။

ဒါကြောင့် ထဘီခြုံထဲက လက်သီးပြနေကြတဲ့ လေလှိုင်းပေါ်က မသမာသူတွေရဲ့ အားပေးအားမြှောက် သွေးထိုးလှုံ့ဆော်မှုတွေကို လိုက်လုပ်နေကြသူတွေအနေနဲ့ အမှားနဲ့အမှန်၊ အကောင်းနဲ့ အဆိုးကိုတော့ ခွဲခြမ်းစိတ်ဖြာပေးကြပါ။ အခြေခံပြည်သူတွေမှာ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကြုံတွေ့ခံစားနေကြရတယ်လို့ ပြောပါရစေရှင်။

ပြည်သူတစ်ဦးဖြစ်သူ ဦးဇာနည်ကျော် (အမည်လွှဲ)

ကျွန်တော့်ရဲ့ဇာတိက နယ်ကပါ။ အခုလိုပူပြင်းတဲ့ ရာသီမှာ မန္တလေးကိုတက်လာပြီး မန်ကျည်းဖျော်ရည်၊ ဆီးဖျော်ရည်တို့လို သစ်သီးဖျော်ရည်တွေကို တစ်ရပ်ကွက်ဝင် တစ်ရပ်ကွက်ထွက်ပြီးတော့ တွန်းလှည်းနဲ့ လိုက်ရောင်းတယ်။ အားပေးသုံးဆောင်တဲ့ သူတွေကလည်း များတယ်။ ရောင်းတဲ့နေရာမှာ တစ်ခွက်ကို သုံးရာနဲ့ရောင်းတယ်။ ပါဆယ်နဲ့ဆိုရင်တော့ ငါးရာနဲ့ရောင်းတယ်။ အရင်းအနှီးအနေနဲ့ကတော့ နှစ်သောင်းခွဲ၊ သုံးသောင်းလောက် ရင်းရတယ်။ ဒါကလည်းကိုယ်နိုင်သလောက်ပေါ့။ အဲဒီလောက်ရင်းမယ်ဆိုရင် တစ်သောင်း၊ တစ်သောင်းခွဲလောက် အမြတ်ကျန်တယ်။ ပုံမှန်တော့ မရှိဘူးပေါ့ဗျာ။ မိသားစုအနေနဲ့တော့ အမေနဲ့ ကျွန်တော်နဲ့နှစ်ယောက်ပဲရှိတယ်။ အမေက ရွာမှာပဲနေတယ်။ ကျွန်တော်က အခုလိုပူတဲ့အချိန်မှာ မန္တလေးကို တက်လာပြီး ဖျော်ရည်ရောင်းတယ်။ ဒီကိုရောက်နေချိန်မှာ အမေ့ရဲ့ စားဝတ်နေရေးနဲ့ ကျန်းမာရေးအတွက် နှစ်သိန်းအနည်းဆုံး ပို့နိုင်တယ်။ ကျွန်တော့်ရဲ့ စရိတ်လည်း ချန်ထားရသေးတယ်။ အရင်ကတော့ စားဝတ်နေရေးနဲ့ ကျန်းမာရေးအတွက် အားလုံးအဆင်ပြေတယ်။

အခုကျတော့ ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေက ရှိလာတော့ ဘယ်မှာလာပြီး အဆင်ပြေတော့မှာလဲ။ ဟိုနေ့ဈေးမရောင်းရဘူး၊ ဒီနေ့ဈေးမရောင်းရဘူးဆိုပြီး ဖိအားပေးတာကလည်း ရှိသေးတယ်။ ပြီးခဲ့တဲ့လက ကျွန်တော့်တွန်းလှည်းကိုတောင် အကြမ်းဖက်ဖျက်ဆီးမယ်ဆိုတာမျိုးတွေနဲ့ ကြုံခဲ့ရသေးတယ်။ မနည်းတွန်းပြေးလာရတယ်။ ကျွန်တော်လည်း နောက်ထပ်အဲဒီလိုထပ်ဖြစ်မှာ ကြောက်တာနဲ့ ဈေးမရောင်းတာ၊ ဒီနေ့နဲ့ဆိုရင် တစ်လကျော်နေပြီ။ ရွာကိုတော့ ဒီရက်ပိုင်းအတွင်း ပြန်မှဖြစ်တော့မယ်။ လက်ကျန်ငွေကလည်း နည်းလာပြီ။ ဒီလိုသာ ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေ ဆက်လက်ရှိနေဦးမယ်ဆိုရင် ကျွန်တော်တို့လို ကြုံရာကျပန်းလုပ်စားနေသူတွေ ဘဝဟာ မတွေးရဲစရာပါပဲ။ တကယ်လည်း ဒုက္ခရောက်နေကြရတယ်။ အခြေခံလူတန်းစားတွေရဲ့ဘဝတွေကို မငဲ့ကွက်ဘဲ အခုလို ဆူပူအကြမ်းဖက်မှုတွေကို တာဝန်ရှိသူတွေအနေနဲ့ အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးဖို့ပဲ တောင်းဆိုချင်ပါတယ်။

ပြည်သူတစ်ဦးဖြစ်သူ ဦးအောင်မြင့် (အမည်လွှဲ)

ကျွန်တော်ကတော့ ကျေးလက်နေပြည်သူတစ်ဦး ဖြစ်ပါတယ်။ အလုပ်ကတော့ မြို့ငါးမြို့လောက်မှာရှိတဲ့ လမ်းတွေ၊ တံတားတွေနဲ့ အဆောက်အအုံတွေ စတဲ့ကွန်ကရစ်ခင်းတဲ့ လုပ်ငန်းခွင်တွေမှာ ကျောက်လောင်းတဲ့ အလုပ်လုပ်ပါတယ်။ ကျွန်တော်က ကျောက်လောင်းအဖွဲ့ရဲ့ အလုပ်သမားခေါင်းပါ။ ဒီအဖွဲ့မှာက အမျိုးသား ၂၅ ယောက်နဲ့ အမျိုးသမီး ၃၅ ယောက်ရှိတယ်။ လုပ်အားခအနေနဲ့ တစ်နေ့ကို အမျိုးသားတစ်ယောက်ကို ငွေကျပ် ၁၀၀၀၀ နဲ့ အမျိုးသမီးတစ်ယောက်ကို ငွေကျပ် ၇၀၀၀ ရကြတယ်။ ကျွန်တော်တို့အဖွဲ့က မနက် ၇ နာရီမှာ အလုပ်စလုပ်ချိန်နဲ့ ညနေ ၅ နာရီဆိုရင် ပြန်ချိန်အဖြစ် သတ်မှတ်ထားတယ်။ အဲဒီတော့ ရွာကနေ ဝေးတဲ့မြို့မှာရှိတဲ့ လုပ်ငန်းခွင်ကို သွားဖို့အတွက် မနက် ၃ နာရီမှာ ကားနဲ့စထွက်ပါတယ်။ နီးတဲ့မြို့ဆိုရင်တော့ မနက် ၄ နာရီမှာ စထွက်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့စားဝတ်နေရေးအတွက်ဆိုတော့ မမောနိုင်၊ မပမ်းနိုင်တဲ့အပြင် ပျော်စရာတောင်ကောင်းပါသေးတယ်။ အရင်ကတော့ အလုပ်မရှိဘူးဆိုတဲ့နေ့ မရှိသလောက်ပဲ။ အဲဒီတော့ စားဝတ်နေရေးအတွက် အားလုံးအဆင်ပြေတာပေါ့။

အခုကျတော့ ခေါင်းစဉ်အမျိုးမျိုးနဲ့ ဆူပူအကြမ်းဖက် ဆန္ဒပြတာတွေနဲ့ တချို့ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ ဝန်ထမ်းတွေက CDM လုပ်သွားကြတော့ အလုပ်တွေကလည်း ရပ်နားထားရတယ်။ အဲဒီအကျိုးဆက်က ကျွန်တော်အပါအဝင် အဖွဲ့အားလုံး တစ်နေ့တာ ပုံမှန်ဝင်ငွေမရတော့ အခက်ကြုံရပြီပေါ့ဗျာ။ အလုပ်ကလည်း မသွားရ၊ ရွာမှာကလည်း ဘာမှလုပ်စရာမရှိဆိုတော့ အားလုံးစားဝတ်နေရေးအတွက် ပြဿနာတက်ပြီပေါ့။ ဒီဆူပူအကြမ်းဖက်ဆန္ဒပြမှုတွေကလည်း အတောမသတ်နိုင်ကြသေးဘူး ထင်ပါရဲ့ဗျာ။ ဒီလိုသာရက်တွေကြာရှည်နေဦးမယ်ဆိုရင် အခြေခံပြည်သူတွေ အငတ်ဘေးနဲ့တောင် ရင်ဆိုင်နိုင်ရပါတယ်။ စားဝတ်နေရေးအခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေကြတဲ့ ပြည်သူအားလုံးကိုယ်စား လုပ်ငန်းခွင်ပျက်အောင် ဆူပူအကြမ်းဖက်ဆန္ဒပြမှုတွေမှာ ဦးဆောင်သူတွေနဲ့ လိုက်ပါဆောင်ရွက်နေသူတွေကို ရှုံ့ချပါတယ်။

တွေ့ဆုံမေးမြန်း - မောင်တူဖွား

အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

၇-၄-၂၀၂၁

စဉ်	အကောင့်အမည်	Profile	နေရပ်လိပ်စာ	တရားစွဲဆိုထားသည့်ပုဒ်မ	ဓာတ်ပုံ
၁	TU TU https://www.facebook.com/TUTUsinger	တူးတူး(ခ)ခင်စောဦးသူ TU TU	ကန်တော်လေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၂	Htet Shine Aung https://www.facebook.com/little.shinelay	ထက်ရှိုင်းအောင် Htet Shine Aung	စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၃	Ni Ni Moe https://www.facebook.com/mama.moe.73932	နီနီမိုး Ni Ni Moe	ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး	၅၀၅-က	
၄	Thorn Nay Soe https://www.facebook.com/thornnaysoe	သွန်းနေစိုး Thorn Nay Soe	အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၅	စောချမ်းအေး https://www.facebook.com/100013163021247	သော်ဇင်ဝင်း	လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၆	Su Su Hlaing https://www.facebook.com/susu.hlaing.9480	စုစုလှိုင် Su Su Hlaing	"ရွှေကောင်းကောက်ရွှေစု" အဆောက်အဦ၊ ကြိုပင်ကုန်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၅၀၅-က	
၇	Kolin https://www.facebook.com/kolin.nld	ကိုလင်း Kolin	အမှတ်(၁)ရပ်ကွက်၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်	၅၀၅-က	
၈	Tha Noe Wai https://www.facebook.com/thanoe.wai	သနိုးဝေ Tha Noe Wai	စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၉	Ye Wint Thu https://www.facebook.com/yewintthudub	ရဲဝင့်သူ Ye Wint Thu	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၁၀	Hein A K https://www.facebook.com/arkarhein.mm	အာကာဟိန်း	အမှတ်(၁၉)လမ်း၊ ၁၃ ထပ်ကျော် (၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၁၁	Paing Takhon https://www.facebook.com/PaingTakhonFanPage	ပိုင်တံခွန်(ခ) ဆက်ကိုပိုင်	ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၁၂	Hlaing Min Oo https://www.facebook.com/kohlaingmin.oo	လှိုင်မင်းဦး Hlaing Min Oo	ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ	၅၀၅-က	
၁၃	မောင်ဆောင်းခ - Maung Saungkha https://www.facebook.com/poet.maungsaungkha	စည်သူအောင်	သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၁၄	Bal Kyaw https://www.facebook.com/balkyaw.58	ခင်စန်းရွှေ 	ရွှေသုခိတာအထပ်ကြီးဆိုင်၊ ကြို့ကုန်းလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၁၅	Phyo Theingi Kyaw https://www.facebook.com/phyo.theingi.13	ဖြိုးသိင်္ဂီကျော်	"ဖြိုးအိမ်ကျော်"ယောင်း ပစ္စည်းဆိုင် ဆောင်ဆန်း ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၁၆	Bollyhood Khant https://www.facebook.com/Bollyhood.Khant	အောင်ခန့်လွှမ်း	ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ	၅၀၅-က	
၁၇	Cdm Linn https://www.facebook.com/CDMLinn	ခိုင်လင်းဦး	လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ	၅၀၅-က	
၁၈	Thuta Kyaw https://www.facebook.com/PHOENIXThuta	သုတကျော် 	ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၁၉	Tin Mar Aye https://www.facebook.com/tinmar.aye.986227	တင်မာအေး	Chatrium Hotel Royal Lake Yangon ဝန်ထမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၂၀	အောင် အောင် ဦး (Aung Aung Oo) https://www.facebook.com/profile.php?id=100010591180136	အောင်အောင်ဦး	၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	

အထက်ပါဖြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၁၂၉၁၆ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၁၄၀၇၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၅၅၅၂ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၉၃၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၆၆၈၀ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

စဉ်	မြို့နယ်	မဲရုံပေါင်း	မြို့နယ်ကော်မရှင်စာရင်း	လဝကစာရင်း	နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ	နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ	နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ
၁	လွိုင်ကော်မြို့နယ်	၈၁	၁၀၀၂၆၇	၉၄၅၁၂	၃၃၇၅	၆၅၈	၁၀၀၉၄
၂	ဒီးမော့ဆိုမြို့နယ်	၆၄	၅၆၆၇၄	၆၂၉၀၃	၂၃၉	၂၃၀	၄၇၃၈
၃	ဖရူဆိုမြို့နယ်	၃၇	၁၉၉၅၃	၂၃၂၉၄	၁၅၉	၃၆	၁၀၉၆
၄	ရှားတောမြို့နယ်	၉	၅၆၂၈	၅၀၈၇	၃၉	၃	၁၄၂
၅	ဘောလခဲမြို့နယ်	၁၆	၈၂၀၇	၇၈၆၇	၂၀		၁၄၆
၆	ဖားဆောင်းမြို့နယ်	၁၇	၁၆၉၁၂	၁၅၈၁၄	၁၆၇၅		၃၇၂
၇	မယ်စဲမြို့နယ်	၉	၅၂၇၅	၄၅၉၇	၄၅	၃	၉၂
	ပြည်နယ်ချုပ်	၂၃၃	၂၁၂၉၁၆	၂၁၄၀၇၄	၅၅၅၂	၉၃၀	၁၆၆၈၀

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၂၃၃ ရုံ၊ စုစုပေါင်းထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၃၈၈၀၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ် ဖြတ်ပိုင်းများမှာ ၁၆၂၈၄၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၅၉၅၆၊ မြေပြင်လက်ကျန် ၇၅၂၇၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၄၆၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၁၇၈၈ ဖြစ်သည်။ မြို့နယ်အလိုက်ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

စဉ်	မြို့နယ်	မဲရုံပေါင်း	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့်မဲလက်မှတ်	မြေပြင်လက်ကျန်	ကွာခြားချက်	
							ပျောက်ဆုံး	ပို
၁	လွိုင်ကော်မြို့နယ်	၈၁	၁၀၉၆၃၉	၇၅၇၁၈	၃၃၉၂၁	၃၃၆၂၅	၉၉၄	၆၉၈
၂	ဒီးမော့ဆိုမြို့နယ်	၆၄	၆၄၉၈၄	၄၆၁၃၆	၁၈၆၆၈	၁၈၁၈၈	၆၁၉	၁၃၉
၃	ဖရူဆိုမြို့နယ်	၃၇	၂၃၉၀၉	၁၄၆၄၃	၉၂၆၆	၉၁၉၀	၃၇၄	၂၉၈
၄	ရှားတောမြို့နယ်	၉	၆၁၅၆	၄၃၁၁	၁၈၄၅	၁၈၇၁		၂၆
၅	ဘောလခဲမြို့နယ်	၁၆	၉၇၄၁	၆၉၈၇	၂၇၅၄	၂၅၇၂	၂၄၁	၅၉
၆	ဖားဆောင်းမြို့နယ်	၁၇	၁၈၄၈၄	၁၀၄၃၄	၈၀၅၀	၈၃၇၈	၂၄၀	၅၆၈
၇	မယ်စဲမြို့နယ်	၉	၅၈၉၂	၄၄၄၀	၁၄၅၂	၁၄၅၂		
	ပြည်နယ်ချုပ်	၂၃၃	၂၃၈၈၀၅	၁၆၂၈၄၉	၇၅၉၅၆	၇၅၂၇၆	၂၄၆၈	၁၇၈၈

၆။ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၁၅၈ ဦး လျော့နည်းနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၅၅၅၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **"အခန်း (၆) မဲစာရင်းပြုစုခြင်း"**ပါ ပုဒ်မ ၁၅ (ဂ) တွင် **"မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း ကယားပြည်နယ်၏ မဲဆန္ဒရှင်စာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၉၃၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၆၆၈၀ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ကယားပြည်နယ်၌ မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၏ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၁၆၂၈၅၇ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၂၃၈၈၀၅ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၇၅၉၄၈ စောင် ပိုမိုအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၂၄၆၈ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် မဲလက်မှတ်အပို ၁၇၈၈ စောင် တွေ့ရှိရခြင်း၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ် မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခြင်း၊

(င) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(စ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၉။ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးရာတွင် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ မဲဆန္ဒရှင်ဦးရေထက် ဆန္ဒမဲလက်မှတ်များ ပိုမိုသုံးစွဲထားခြင်းတို့ကို စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ(၄) ရက်မှ (၁၁)ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည် –

(က) **လေ့ကျင့်ခန်းဧရိယာ(၁)**
- (၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်
- (၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(ခ) **လေ့ကျင့်ခန်းဧရိယာ(၂)**
- (၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝ၆ မိနစ်
- (၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
- (၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝ၆ မိနစ်

(ဂ) **လေ့ကျင့်ခန်းဧရိယာ(၃)**
- (၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်
- (၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်
- (၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်
- (၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်း (နှစ်ဖက်တပ်ပါ) လေ့ကျင့်ခန်း-ဆင်ဖြူရှင်(၁/၂၀၂၂) လေ့ကျင့်ခန်းဧရိယာပြပုံ



နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၇
မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် နှိုပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီ ၁၄ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာ တိုင်းရင်းသားကဏ္ဍ အချပ်ပိုကို ဧပြီ ၁၅ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာ အချပ်ပိုကို ဧပြီ ၁၈ ရက်တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည် ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ရွှေကူမြို့နယ် ရွှေအင်းတော်မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းက ရေထွက်ကုန်ပစ္စည်းများ ရောင်းချ

ရွှေကူ ဧပြီ ၇
ကချင်ပြည်နယ် ရွှေကူမြို့နယ် ရေလဲကျေးရွာရှိ ရွှေအင်းတော်မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်က ငါးလုပ်ငန်းဦးစီးဌာန၏ခွင့်ပြုချက်လိုင်စင်ဖြင့် လဟာကြီးအင်းအတွင်းမှ ဖော်ထုတ်ရရှိသည့် ငါးမျိုးစုံပိဿာချိန် ၂၀၇၀ ကို ဒေသခံပြည်သူများ၊ အသင်းသူ အသင်းသားများသို့ ငါးအမျိုးအစားပေါ်မူတည်၍ ငါးတစ်ပိဿာလျှင် အနည်းဆုံး ငွေကျပ် ၁၀၀၀ မှ အများဆုံး ငွေကျပ် ၈၀၀၀ နှုန်းဖြင့် စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် သမဝါယမကဏ္ဍမှ No Profit, No Loss မူဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း ရွှေကူမြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများလှူဒါန်း

နေပြည်တော် ဧပြီ ၇
မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် သောက်သုံးရေရှားပါးသည့်ကာလများတွင် သောက်သုံးရေများ လိုအပ်လျက်ရှိသော သာသနိကကျောင်းများနှင့် ရပ်ကွက်/ ကျေးရွာများအတွက် သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများအား နှစ်စဉ်သွားရောက် ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းရာတွင် ဧပြီ ၆ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် ခင်တဲကျေးရွာရှိ တောင်ဇီလာဘုန်းတော်ကြီး ကျောင်းတိုက်သို့ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ ခန့်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မီးသတ်စခန်းမှတပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ အောင်သီရိဘုန်းတော်ကြီးကျောင်း တိုက်ပွဲရှောင်စခန်းသို့ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ ခန့်နှင့် ပုဏ္ဏားကျွန်းမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့ ရေဖြူကန်တိုက်ပွဲရှောင်စခန်းသို့ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် နှစ်ကြိမ်သွားရောက်၍ သောက်သုံးရေဂါလန် ၃၂၀၀ ခန့်ကို ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်မျိုး

ကျိုင်းတုံမြို့ တူယားကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်

နေပြည်တော် မေ ၇
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ တူယားကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိအား သာသနာတော်ဆိုင်ရာ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းနှင့် ဩဝါဒခံယူခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိ၊ မြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် အမှူးပြုသော သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြ၍ ဆရာတော်ကြီးက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့်ဆိုင်သည့် ဩဝါဒကထာ ချီးမြှင့်ဟောကြားတော်မူသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များက တူယားကျောင်းတိုက်ပဓာနနာယကဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်အား ဆက်ကပ်ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်ကြီးက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား ချီးမြှင့်ဟောကြားတော်မူပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် မေ ၇
တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၂၄၀၀၀၊ အတွင်းလူနာ ၄၄၂၄ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၈၀၄ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၀၂၃ ဦး စုစုပေါင်း ၈၈၂၇ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက် ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၀၆၃ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၇၀၈ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၇၇၇၁ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကိုဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၇
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒိုဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား

စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကိုလိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

● ကျောဖုံးမှ

အလားတူ ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ကျားခုတ်တဲတွင် အိမ်ခြေ ၄၉ အိမ်၊ လူဦးရေ ၂၀၀ ခန့် နေထိုင်လျက်ရှိကာ ဒေသခံကျေးလက်နေပြည်သူများမှာ မြေသားရေလှောင်ကန်နှင့် စက်ရေတွင်းမရှိသည့်အတွက် နှစ်စဉ်သောက်သုံးရေ အခက်ကြုံတွေ့နေရလေ့ရှိကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းက နွေရာသီကာလ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန်နှင့် ရေပြတ်လပ်မှုမရှိစေရေးအတွက် ရည်ရွယ်၍ ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့ကသောက်သုံးရေကုသိုလ်ရှင်များ၏ လှူဒါန်းမှုအစီအစဉ်ဖြင့် အလှူရှင်များကိုယ်စား သွားရောက်၍ ရွာသစ်တောင်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၆၀၀၊ ကျားခုတ်တဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၆၀၀ တို့အား အိမ်ခြေလူဦးရေအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မေ ၇

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများ တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ကလောမြို့၊ ရပ်စောက်မြို့၊ ညောင်ရွှေမြို့၊ ပင်လောင်းမြို့၊ ပင်းတယမြို့၊ ရွာငံမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့၊ ဖယ်ခုံမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၊ ကြံခင်းမြို့၊ ပန်းတနော်မြို့၊ အင်္ဂပူမြို့နှင့် ကန်ကြီးဒေါင့်မြို့၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညို၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

တောင်ကြီးမြို့
မောင်မောင်သန်း(တောင်ကြီး)

ကြာအင်းဆိပ်ကြီးမြို့နယ်
မျိုးမင်းဦး(ပြန်/ဆက်)

ညောင်ရွှေမြို့နယ်
မြို့နယ်(ပြန်/ဆက်)

ကျိုင်းတုံမြို့
ရဲထက်ဦး(ပြန်/ဆက်)

တွံတေးမြို့နယ်
မျိုးလှိုင်(တွံတေး)

ဆီဆိုင်မြို့နယ်
ခွန်ရဲထွေး(ဆီဆိုင်)

ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဘဏ်များ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

နေပြည်တော် ဧပြီ ၇

ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်း ခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ယာဉ်လိုင်းများ နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၇

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၆ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပိန်းမြို့ ဝိသုဒ္ဓိဘုန်းတော်ကြီးကျောင်းတိုက်၊ နားမွန်းလုံကျေးရွာ ဒက္ခိဏာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပုရွက်ဆိတ်ကုန်းကျေးရွာ ပုရွက်ဆိတ်ကုန်းကျောင်းတိုက်များရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ခရစ်တော်၏ သက်သေခံနှစ်ခြင်းအသင်းတော် လူငယ်ပြုစုပျိုးထောင်ရေးဂေဟာသို့ ဧပြီ ၆ ရက် ညနေပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်၍ အဆိုပါ ဂေဟာသို့ စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက တိုင်းရင်းသားလူငယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေး နေ့ညမပြတ် ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ရန်ကုန်မြို့၌ ပြန်လည်တည်ငြိမ်အေးချမ်းလာပြီး စည်ပင်သာယာဈေးများ၊ ကိုယ်ပိုင်ဈေးများ၊ Shopping Mall များ၊ ပုံမှန်လည်ပတ်လျက်ရှိရာ ဧပြီ ၇ ရက်က ဒလမြို့နယ် ကမာကဆစ်ဈေးတွင် ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

သတင်းစဉ်

ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

အကြမ်းဖက်လက်နက်မျိုးစုံ ကိုင်ဆောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုကို တိုက်ခိုက်လာသည့် ဆူပူအကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း

နေပြည်တော် ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် တောင်ဇလပ်ရပ်ကွက် ကျန်စစ်သားလမ်းပေါ်တွင် ဆူပူအကြမ်းဖက်သူများက ယနေ့ နံနက် ၅ နာရီခွဲမှစ၍ အတားအဆီးများဖြင့် လမ်းအား ပိတ်ဆို့ထားရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အတားအဆီးများအား သွားရောက်ဖယ်ရှားရှင်းလင်းခဲ့သည်။

ထိုသို့ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် နံနက် ၈ နာရီတွင် ဆူပူအကြမ်းဖက်သူအင်အား ၁၀၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဟန့်တားနှောင့်ယှက်လာသဖြင့် တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းမပြုလုပ်ရန်နှင့် လူစုခွဲရန် အကြိမ်ကြိမ်သတိပေးပြောကြားခဲ့သည်။ ယင်းသို့ သတိပေးပြောကြားခဲ့သော်လည်း ဆူပူအကြမ်းဖက်သူများအနေဖြင့် လူစုမခွဲသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂက်စ်သေနတ်များ၊ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများ၊ လက်လုပ်သေနတ်များ၊ လေးခွများ၊ ဂျင်ကလိများ၊ ကျောက်ခဲများ၊ မီးပုလင်းများဖြင့် လူအင်အားသုံး၍ ရန်ပြုတိုက်ခိုက်လာခဲ့သဖြင့် ဆူပူအကြမ်းဖက်မှုနှိမ်နင်းရေး လုပ်ထုံးလုပ်နည်း အဆင့်ဆင့်နှင့်အညီ လူစုခွဲခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် လူစုကွဲသွားခဲ့သည်။

ထိုသို့ လူစုခွဲထိန်းသိမ်းစဉ် ဆူပူအကြမ်းဖက်သူများအနက် ရှေ့ဆုံးမှ ဦးဆောင်သူ အမျိုးသား ၁၈ ဦးကို ၎င်းတို့ ကိုင်ဆောင်အသုံးပြုလာသည့် 12 bore ကျည်ဖြင့် ပစ်ခတ်ရသော လုပ်သေနတ် လေးလက်၊ လက်လုပ်သေနတ် ၁၁ လက်၊ ဂက်စ်သေနတ် ၁၂ လက်၊ တူမီးသေနတ် လေးလက်၊ လက်လုပ်ဗုံး ငါးလုံး၊ လက်လုပ်မိုင်း ရှစ်လုံး၊ 12 bore ကျည် ၄၁ တောင့်၊ မီးပုလင်း ရှစ်လုံး၊ ဗိုင်ယာကြိုး ရှစ်ခွေ၊ ဘက်ထရီ တစ်လုံး၊ သတ္တုဒိုင်း လေးခု၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ၏ ရန်ပြုတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ ဝင်အချို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆိုပါ ထိခိုက်ဒဏ်ရာရရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အသက်အန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်များအသုံးပြု၍ လက်နက်ကိုင်အကြမ်းဖက်သည့် (Insurrection) လုပ်ရပ်ဖြင့် အကြမ်းဖက်လာခဲ့သော်လည်း အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး ဖမ်းဆီးရမိသူ ဦးဆောင်သူများအား ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ပါဝင်ပတ်သက်သူများကိုလည်း အမြန်ဆုံးဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ပုလဲမြို့နယ် ကြိုးကြာဥကျေးရွာနှင့် ရွာထင်ကျေးရွာနေ ပြည်သူသုံးဦးအား ဆူပူအကြမ်းဖက်သူများက မီးရှို့သတ်ဖြတ်

နေပြည်တော် ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကြိုးကြာဥကျေးရွာနေ ဦးမောင်နိုင်(ဘ) ဦးဘိုလေးနှင့် ရွာထင်ကျေးရွာနေ ဦးကျော်ဆန်းလင်း(ဘ)ဦးဖေတင့်နှင့် ဦးခင်မောင်ဆွေ (ဘ)ဦးဖေတင့်တို့အား ရွာထင်ကျေးရွာမှ ဆူပူအကြမ်းဖက်သူများက ယနေ့တွင် မီးရှို့သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကြိုးကြာဥကျေးရွာနေ ဦးမောင်နိုင်(ဘ) ဦးဘိုလေးနှင့် ဇနီးဖြစ်သူ ဒေါ်စန်းစန်းဦး(ဘ)ဦးကံသိန်းတို့၏ နေအိမ်အား ယနေ့နံနက် ၄ နာရီခွဲခန့်တွင် ရွာထင်ကျေးရွာနေ ဆူပူအကြမ်းဖက်သူလူတစ်စုက နေအိမ်အား ခဲများဖြင့် ပစ်ပေါက်ခြင်း၊ အိမ်ဝင်းခြံစည်းရိုးအား ဖျက်ဆီး၍ နေအိမ်အတွင်းသို့ ဝင်ရောက်၍ တုတ်၊ ဓားများဖြင့် ဝင်ရောက်ရိုက်နှက်ခဲ့ရာ ဒေါ်စန်းစန်းဦးတွင် နောက်ကျောဘက်ထိုးသွင်းဒဏ်ရာ သုံးချက်ရရှိခဲ့ပြီး ဦးမောင်နိုင်အား ရိုက်နှက်၍ ရွာထင်ကျေးရွာသို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ ထိုသို့ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နံနက် ၉ နာရီခန့်တွင် ရွာထင်ကျေးရွာသို့ သွားရောက်ရှာဖွေရာ ကျေးရွာအတွင်း လူများမတွေ့ရှိရဘဲ ရွာ၏ အနောက်ဘက်ရှိ သင်္ချိုင်းအတွင်း၌ မီးလောင်သေဆုံးနေသည့် အလောင်း သုံးလောင်းအား တွေ့ရှိခဲ့သဖြင့် ရွာသာကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မီးရှို့အသတ်ခံရသူ သုံးဦးမှာ ဦးမောင်နိုင်(ဘ) ဦးဘိုလေးနှင့် ရွာထင်ကျေးရွာသားများဖြစ်သည့် ဦးကျော်ဆန်းလင်း(ဘ) ဦးဖေတင့်နှင့် ဦးခင်မောင်ဆွေ (ဘ)ဦးဖေတင့်တို့၏ အလောင်းများဖြစ်ကြောင်း၊ ဖြစ်စဉ်အား ထပ်မံစုံစမ်းခဲ့ရာ ရွာထင်ကျေးရွာနေ ဦးကျော်ဆန်းလင်းနှင့် ဦးခင်မောင်ဆွေတို့ နှစ်ဦးသည် နေအိမ်၌ ရှိနေစဉ် တစ်ရွာတည်းနေ ဦးကျောက်လုံး(ဘ)ဦးညွန့်ဆောင်၊ ဦးဟိန်းမြင့်ဦး(ဘ) ဦးရွှေ ဒေါ်စုမာဝင်း(ဘ) ဦးညွန့်ဆောင်၊ ဦးကျော်ရှိန်ဦး(ဘ)ဦးဘိုလွင်၊ ဦးဖိုးစိန်(ဘ)ဦးချစ်ပို တို့ ဦးဆောင်သည့် ဆူပူအကြမ်းဖက်သူအင်အား ၂၀၀ ခန့်က ကြိုးကြာဥကျေးရွာနေ မောင်နိုင်ကို ရွာထင်ကျေးရွာအား မီးရှို့သည်ဟု စွပ်စွဲပြောဆို၍ ဖမ်းဆီးခေါ်ဆောင်လာကြောင်း၊ ကျေးရွာအား မီးရှို့စေခိုင်းသူမှာ ဦးကျော်ဆန်းလင်းဖြစ်သည်ဟု စွပ်စွဲပြောဆို၍ နေအိမ်အတွင်း ဝင်ရောက်တိုက်ခိုက်၍ ဦးကျော်ဆန်းလင်းနှင့် ဦးခင်မောင်ဆွေတို့ နှစ်ဦးအား ထပ်မံဖမ်းဆီးပြီး ရွာထင်ကျေးရွာ သင်္ချိုင်းသို့ ခေါ်ဆောင်ကာ မီးရှို့သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အထက်ပါ မင်းမဲ့စရိုက်ဆန်စွာ ရက်ရက်စက်စက် မီးရှို့သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ဦးဆောင်သူများနှင့် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ကျေးရွာအတွင်း တွေ့ရှိခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် အဆိုပါ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခုဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများဖြစ်ရပါမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြား စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၃၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြုအာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့်အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကိုအသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက်အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများကို ဖမ်းဆီးရမိ

နေပြည်တော် မေ ၇

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများကို CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအား ဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ဖြင့်ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူနိုင်ရေး သတင်းထုတ်ပြန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်ထားသည့် Beauty Blogger

ဒေါ်ဝင်းဝင်းမြ

မဝင်းမင်းသန်း

မခရေစုမြတ်ကျော်

မဝင်းမင်းသန်းကို မေ ၆ ရက် ည ၇ နာရီခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ လမ်းမတော်ရပ်ကွက် ဘုရင့်နောင်လမ်းရှိ BH Hotel တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ချောက်မြို့ စံပြမြို့သစ်ရပ် အမှတ်(၁၅)ရပ်ကွက်တွင် နေထိုင်သူ ဒေါ်ဝင်းဝင်းမြကို မေ ၆ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဈေးတောဝရပ်ကွက် အိမ်အမှတ်(၅၀)တွင် နေထိုင်သော ပညာရေးဝန်ထမ်းတစ်ဦးဖြစ်သည့် ခရေစုမြတ်ကျော်(ဘ)ဦးကျော်စွာဝင်းသည် ၎င်း၏ လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သတင်းများ ရေးသား၍ CDM တွင် ပါဝင်လာစေရန် ဦးဆောင်လှုံ့ဆော်ခြင်း၊ ရန်ပုံငွေကောက်ခံခြင်းနှင့် CDM မလုပ်ဆောင်သည့် အခြားပညာရေး ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် မေ ၅ ရက်တွင် ခရေစုမြတ်ကျော်ကို ၎င်းကိုင်ဆောင်သည့် ဖုန်းနှစ်လုံးနှင့်အတူ နေအိမ်၌ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းထားသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းများမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အမေရိကန်စင်တာကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သူအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၇

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းယားလမ်းရှိ အမေရိကန်စင်တာအား မတ် ၂၇ ရက် နံနက် ၇ နာရီတွင် သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသည့်အတွက် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ အမေရိကန်စင်တာ အင်းယားလမ်းလူဝင်ပေါက်လုံခြုံရေးအခန်းရှိ မှန်ချပ်တွင် ထိမှန်ရာ ခုနစ်ချက် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပစ်ခတ်ခဲ့သူအား ဖမ်းဆီးရမိရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အမေရိကန်စင်တာကို CO_2 Gas သေနတ်ဖြင့် ပစ်ခတ်ခဲ့သူဖြစ်သည့် အေးသော်ကောင်း (ဘ)ဦးတင့်လွင် အသက်(၃၄)နှစ် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/ကမရ(နိုင်) ဝ၅၄၅၆၅ ကိုင်ဆောင်သူအား မတ် ၃၀ ရက် နံနက် ၉ နာရီခန့်တွင် အမှတ်(၇၄-ဒီ) သံလွင်လမ်း ဗဟန်းမြို့နယ်နေအိမ်၌ မာစီဒီး ယာဉ်အမှတ် YGN 3P-5569 နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်း၏ ပြောကြားချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် Online မှတစ်ဆင့် ရောင်းချသော Gas လေအိုးဖြင့်ပစ်ခတ်ရသည့် အနက်ရောင်ပစ္စတိုသေနတ်တစ်လက်နှင့် ဆက်စပ်ခဲသီးကျည် ၁၅၀ တို့ကို ငွေကျပ် ၁၉၀၀၀၀ ဖြင့် မှာယူခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ရရှိခဲ့ကြောင်း၊ ယင်းနေ့၌ပင် အနောက်ရွှေဂုံတိုင်လမ်းရှိ ယာဉ်နံပါတ်ပြားအတုပြုလုပ်သောဆိုင်မှ YGN 5P-7463 ကို ငွေကျပ် ၄၀၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး မတ် ၂၆ ရက်တွင် ၎င်းဖခင်ပိုင်ဆိုင်သော မာစီဒီး ယာဉ်အမှတ် YGN 3P-5569 မော်တော်ယာဉ်တွင် နံပါတ်ပြားအတု ပြောင်းလဲတပ်ဆင်ခဲ့ကြောင်း၊ ထို့နောက် အမေရိကန်စင်တာအနီး အင်းယားလမ်းမပေါ်တွင် ၃/၄ ကြိမ်ခန့် မောင်းနှင်ကာ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ရှုခဲ့ကာ မတ် ၂၇ ရက်တွင် နေအိမ်မှ ထွက်ခွာခဲ့ပြီး အမေရိကန်စင်တာအနီးသို့ ရောက်ရှိစဉ် မော်တော်ယာဉ်ကို အရှိန်သတ်၍ ယာဉ်မောင်းဘက်မှ ကားမှန်အား အောက်ချကာ ကားအတွင်းမှ အမေရိကန်စင်တာတွင် ကာရံထားသည့်မှန်အား Gas သေနတ်ဖြင့် ခုနစ်ချက်ခန့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် မတ် ၂၈ ရက် နံနက် ၇ နာရီတွင် Gas သေနတ်၊ ခဲသီး ၁၀၀ ပါရှိသော ဘူးပိုင်းပြား တစ်ဘူး၊ CO_2 Gas အိုးနှစ်ဘူး၊ လိုင်စင်နံပါတ်ပြားအတု တစ်ခုတို့ကို ကြွပ်ကြွပ်အိတ်(အပြာ)ဖြင့် ထုပ်ပိုးပြီး ရုံးလက်ဆွဲအိတ်အကြီးထဲသို့ ထည့်ကာ ငမိုးရိပ်တံတားအလယ်သို့ ရောက်ရှိစဉ် မော်တော်ယာဉ်အား ဖြည်းညင်းစွာ မောင်းနှင်ပြီး ငမိုးရိပ်ချောင်းအတွင်းသို့ ပစ်ချ၍ ဖျောက်ဖျက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အေးသော်ကောင်း အနေဖြင့် NLD ပါတီကို ထောက်ခံသူတစ်ဦးဖြစ်ပြီး ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ရန်ကုန်မြို့တွင်းရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့၊ မြေနီကုန်းလမ်းဆုံ၊ လှည်းတန်းခုံးကျော် တံတားအနီး၊ ကိုရီးယားသံရုံးနှင့် အမေရိကန်သံရုံးရှေ့ ဆူပူဆန္ဒပြမှုများတွင်လည်း ၁၆ ကြိမ်ခန့် ကိုယ်တိုင်လိုက်ပါခဲ့ပြီး အမေရိကန်စင်တာအား Gas သေနတ်ဖြင့် ပစ်ခတ်ရခြင်းမှာ နိုင်ငံရေးအရ ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင်လုပ်ဆောင်ခဲ့သူ အေးသော်ကောင်းကိုဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မိုးကောင်း၊ လောက်ကိုင်၊ တာချီလိတ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၇

မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၆ ရက် နံနက် ၁၀ နာရီတွင် မိုးကောင်းမြို့နယ် အုတ်ကျင်းကျေးရွာ မိုးညှင်း-မိုးကောင်းကားလမ်း (၃)မိုင်လမ်းဆုံအနီးတွင် မဒေါင်မွန်း မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ည ၇ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ အမှတ်(၃)ရပ်ကွက် ချစ်ကြည်ရေးလမ်းနေ မပီချွန်းချန်(ခ) ပီရှောက်ကျူး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျင်းဖူး အားတွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၀၀၊ အိုက်စ် သုည ဒသမ ဝ၉ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၃၄၅ ကီလိုနှင့် ကျင်းဖူးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ တို့ကိုလည်းကောင်း။

ထို့အတူ မေ ၆ ရက် ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ) ပုံလို့လမ်းမပေါ်တွင် စိုင်းဆိုင်လိန်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို

စိုင်းလုံရှဲန်၊ စိုင်းဆမ်ဝမ်း၊ စိုင်းအောင်ခမ်း၊ စိုင်းဆိုင်လိန်၊ စိုင်းမွန်း၊ စိုင်းအေတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ် ရှေ့ခြင်းအတွင်းမှ ဆေးခြောက်ဘလောက်တုံး နှစ်ကီလို သိမ်းဆည်းရမိပြီး ကွင်းဆက်အရ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်နေ စိုင်းဆမ်ဝမ်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းအောင်ခမ်း၊ စိုင်းလုံရှဲန်တို့ကို ဆေးခြောက် သုည ဒသမ ၅ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ပါခုတ်နိုကျေးရွာနေ စိုင်းအေ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းမွန်းကို ဘိန်းဆီခဲ သုည ဒသမ ဝ၆၆ ကီလို၊ ဘိန်းစိမ်း ၁ ဒသမ ၆ ကီလိုနှင့် ထိုင်းဘတ်ငွေ လေးသိန်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ ယင်းနေ့မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် အပင်နှစ်ဆယ်ကျေးရွာအနီး ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ်(၁၀၆/၀)နှင့် (၁၀၆/၁) ကြားတွင် အောင်ခန့်ငြိမ်း(ခ)ဝတုတ် မောင်းနှင်ပြီး အေးမင်း(ခ)ဘီလား လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အောင်ခန့်ငြိမ်း(ခ)ဝတုတ်၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပုသိမ်မြို့နယ် ကမ်းနီကျေးရွာအုပ်စု လှည်းကျော်ကုန်းကျေးရွာအတွင်းရှိ ဧည့်ရိပ်သာ အခန်းအမှတ်(၁၀၉)တွင် ၎င်းတို့နှင့်အတူ တည်းခိုနေထိုင်သူ မသင်းသင်းစိုး(ခ)ဒေါ်စိုးအား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

ရဲမြန်ကြား

ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၇

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်တွင် ကျောက်ပန်းတောင်းမြို့ မြို့မတောင်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း အုတ်တံတိုင်းအနီး၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများကိုလည်းကောင်း၊ မေ ၆ ရက်တွင် ကျောက်မဲမြို့ ရပ်ကွက်(၂) နယ်မြေ(၁၅) သစ်တောလမ်းရှိ ဦးဝေဖြိုးနိုင် ပိုင်ဆိုင်သည့် ရိုးမသံဆိုင်ဂိုဒေါင်အတွင်း၌ အလုပ်သမား မျိုးမြတ်အောင်(ဘ) ဦးခင်မောင်ဝင်းကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ မြောင်းမြမြို့ အမှတ်(၅) ရပ်ကွက် မြိုင်မာလာ (၃)လမ်း အိမ်အမှတ်(၈၁)၌ NLD ပါတီဝင် ဘိုဘိုစင်(ဘ) ဦးမြင့်ဆွေ၊ မျိုးခိုင်(ဘ) ဦးမြင့်သိန်းနှင့် ကြည်စိုးလင်း(ဘ)ဦးလှကြည်တို့ သုံးဦးကို ဆေးခြောက် ၁ ဒသမ ၅ ဂရမ်ခန့်၊ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဖမ်းဆီးထိန်းသိမ်း

အလားတူ ယနေ့တွင် မိုးကောင်းမြို့ လွယ်လီယံကျေးရွာရှိ ဝင်းဦး၏နေအိမ်၌ ၎င်းအား လေသေနတ်သုံးလက်၊ လက်ပစ်ဗုံးတစ်လုံး၊အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ လားရှိုးမြို့ ရပ်ကွက်(၁၁) နယ်မြေ(၁) နမ့်ပါချီးလမ်း၌ ဒေါ်စန္ဒာဇော်(ဘ)ဦးဇော်နောင်ထွေးကို လက်လုပ်ဗုံး ၄၅ လုံး၊ ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ မြိတ်မြို့နယ် သမုတ်-လွတ်လွတ်တံတား၌ ဦးဆန်းဝင်းအောင်(ခ) မောင်မောင်နှင့် ဦးကိုကိုတို့ နှစ်ဦးကို ဂျင်ကလိ ကိုးချောင်း၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ထားဝယ်မြို့ ဆိပ်ကမ်းသာလမ်းနှင့် ဘုတာရုံလမ်းထောင့် ဆားဂိုဒေါင်အနီး၌ ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို တူမီးသေနတ်၊ လက်လုပ်မိုင်းများဖြင့် ရန်ပြုတိုက်ခိုက်လာခဲ့သဖြင့် အမိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ ကြည်မြင့်၊ ဥက္ကာရှိုင်းအောင်၊ ကျော်လွင်၊ သူရသိန်းနှင့် ကျော်စွာတို့ ငါးဦးကို တူမီးသေနတ်သုံးလက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ကျောက်ဆည်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းလမ်းမပေါ်၌ ဆူပူအကြမ်းဖက်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသားသုံးဦးကို ဆိုင်ကယ် ခြောက်စီး၊ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက် ကျောင်းဝန်းလမ်းထိပ်၌ ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား တုတ်၊ ဓား၊ လေးခွ၊ လေသေနတ်၊ မီးပုလင်း၊ ဂျင်ကလိ၊ အုတ်ခဲများဖြင့် ရန်ပြုတိုက်ခိုက်လာသဖြင့် အမိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ ယင်းနေရာမှ ဂျင်ကလိ ၁၀ ချောင်း၊ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဘိုဘိုစင်၊ မျိုးခိုင်နှင့် ကြည်စိုးလင်းတို့ သုံးဦးကို ဆေးခြောက်များ၊ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မဟာအောင်မြေမြို့နယ်ရှိရဲစခန်းမှ ရဲအရာရှိတစ်ဦးကို မီးရှို့သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်သူများအား ထပ်မံဖော်ထုတ်ရရှိ

နေပြည်တော် မေ ၇

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိရဲစခန်းမှ ရဲအရာရှိတစ်ဦးအား မတ် ၂၉ ရက်တွင် ဆူပူအကြမ်းဖက်အဖွဲ့ အင်အား ၂၀၀ ခန့်က ဖမ်းဆီး၍ ရဲအရာရှိတစ်ဦးဖြစ်မှန်းသိလျက်နှင့် ရက်စက်စွာ မီးရှို့သတ်ဖြတ်ခဲ့ကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားချိန်မှစတင်ကာ ဖြစ်မှုတွင် ပါဝင်သူများအား စီစစ်ဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ "တရားဥပဒေအထက်တွင် မည်သူမျှမရှိ၊ ဖြစ်မှုဖြစ်လျှင် လွတ်ရိုးထုံးစံမရှိ" ဟူသည့် ဆိုရိုးစကားများနှင့်အညီ လူသတ်မှုတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သူ ငြိမ်းမင်းသူ(ခ)ကျော်မဲ(ဘ)ဦးမြင့်စိုး၊ သရက်တစ်ပင်ကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူကို မတ် ၃၁ ရက်တွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ရဲအရာရှိကို ဝိုင်းဝန်းသတ်ဖြတ်ရာတွင် ပါဝင်ပတ်သက်သူများအား အပူတပြင်း ဆက်လက်ဖော်ထုတ်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် မတရားမှုကို အလိုမရှိသည့် တာဝန်သိပြည်သူများ၏ သတင်းပေးမှုကြောင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများဖြစ်ကြသည့် အငယ်လေး(၂၀)နှစ်(ဘ) ဦးညွန့်သိန်း၊ ကျော်ဇင်ဝင်း(ခ) သူရဲလေး(၂၅)နှစ် (ဘ) ဦးတင်မြိုင်၊ ဇော်ထွန်းဝင်း(ခ)ဇော်သူဟိန်း(၂၆)နှစ် (ဘ) ဦးအောင်ဝင်းကျော်၊ ဝင်းသူမောင်(ခ)ဝင်းသူ(၂၀)နှစ်(ဘ) ဦးအောင်ဝင်းကျော်တို့ကို ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး အထူးတရားရုံးဖြင့် ထိရောက်မြန်ဆန်စွာ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

၎င်းတို့အား စစ်ဆေးမေးမြန်းချက်များအရ သရက်တစ်ပင်မြောက်ပိုင်းနေ ပွကြီး(၄၅)နှစ်၊ သရက်တစ်ပင်အုပ်စု ရဲထွန့်ရွာနေ ခွေးကြီး(ခ)ငစိုင်း (၂၅)နှစ်၊ သီဟဇော် (ဘ)ဦးဝင်းဇော်၊ ရွှေတိုးမင်းတဲအီကင်းနေ (ပွကြီး၏ညီဖြစ်သူ) သန်းထွန်းဦး (၄၀)နှစ်၊ အာကြီး(၄၅) နှစ်၊ ရန်ရှင်း(၂၅)နှစ်၊ သရက်တစ်ပင်တောင်ပိုင်းနေ ငရဲ(ခ)၊ ရဲဇော်(၂၂)နှစ်နှင့်ဗေလု၀(ခ)ဗေကြီး (၁၉)နှစ်၊ စည်သူအောင် (၃၀)နှစ်တို့ ကိုးဦး ပါဝင်ခဲ့ကြောင်း ထပ်မံသတင်းဖော်ထုတ်ရရှိခဲ့ပြီး ၎င်းတို့ကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ဆူပူအကြမ်းဖက်အဖွဲ့များအသုံးပြုသည့် ဖောက်ခွဲဖျက်ဆီးရေးသုံးပစ္စည်းများ အများအပြားသိမ်းဆည်းရမိ

နေပြည်တော် မေ ၇

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု လုံခြုံအေးချမ်းစေရေးအတွက် လမ်းကြောင်းများ ပိတ်ဆို့ထားသည့် အတားအဆီးများအား ဖယ်ရှားရှင်းလင်းခြင်း၊ ဆူပူအကြမ်းဖက်အဖွဲ့များ၏လူထုအထိတ်တလန့်ဖြစ်စေပြီး သေကျေပျက်စီးစေရန် ရည်ရွယ်လုပ်ဆောင်မှုများကို ကြိုတင်ဟန့်တားနိုင်ရေးအတွက် လုံခြုံရေးပူးပေါင်းအဖွဲ့များသည် လှည့်ကင်း၊ ပတ်ကင်းများ အဆက်မပြတ် ဆောင်ရွက်ကာ ပိတ်ဆို့ရှာဖွေရေး လုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်ခဲ့ရာ မေ ၆ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် မဟာအောင်မြေမြို့နယ် ၄၁ လမ်းနှင့် ၈၂ လမ်း လမ်းဆုံ၌ မဟာအောင်မြေမြို့နယ် သံလျှပ်မော်ရပ်ကွက်နေ ရန်နိုင်အောင်(၂၂)နှစ် (ဘ)ဦးဟန်ဝင်းနှင့် ဟိန်းထက်အောင် (၁၇)နှစ် (ဘ) ဦးစိုးနိုင်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းတို့နှင့်အတူ ပါရှိလာသည့် ဖုန်းမှတ်တမ်းနှင့် စာရွက်စာတမ်း အထောက်အထားများအရ သတင်းကွင်းဆက် ဆက်လက် ဖော်ထုတ်ခဲ့ရာ ဇင်ကိုကိုအောင် (ခ)ဇင်ကို (၂၅) နှစ် (ဘ) ဦးကျော်နိုင်နှင့် ဟိန်းထက်အောင် (၁၉)နှစ် (ဘ) ဦးအောင်မင်းသိန်းတို့ နှစ်ဦးကို ထပ်မံတွေ့ရှိ ထိန်းသိမ်းစစ်ဆေးခဲ့ရာ လက်လုပ်သေနတ် ရှစ်လက်၊ လက်လုပ်မိုင်း အလုံး ၇၀၊ အရှည်သုံးပေရှိ ကော်ပိုက် ၁၂ လုံး၊ အရှည် ငါးလက်မခန့်ရှိ ကော်ပိုက် ၄၀၊ မီးရှူးမီးပန်းများ၊ ကျည်ကာအင်္ကျီ ငါးထည်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ လေးဦးကို ထပ်မံစစ်ကြောချက်အရ မေ ၇ ရက် နံနက် ၉ နာရီတွင် သတင်းကွင်းဆက်ရရှိထားသည့် ပုသိမ်ကြီးမြို့နယ် ဘိုတပ်ကုန်းကျေးရွာ (၄၄)လမ်း၊ မဇ္ဈူလမ်းနှင့် ခတ္တာလမ်းကြားရှိ ဦးကျော်မြင့်(ခ) ဇောင်ကျားစိန် (စီစစ်ဆဲ) ပိုင်ဆိုင်သည့် ဒိုင်းမွန်းအုတ်စက်လုပ်ငန်းခြံဝင်းအတွင်း ထပ်မံရှာဖွေခဲ့သည်။

အသေးစိတ် ရှင်းလင်းစဉ် ခြံစောင့်ဖြစ်သူ စိုင်းဆာအောင်(၂၂) နှစ် (ဘ) ဦးစံကျိုင်းကို တွေ့ရှိပြီး ဂိုဒေါင်အတွင်းမှ လက်လုပ်သေနတ် ၁၅ လက်၊ လက်လုပ်မိုင်းမျိုးစုံ ၂၃၄ လုံး၊ ဒူလေး ၁၁ လက်၊ မြားတံအချောင်း ၁၀၀၊ ကျည်ကာအင်္ကျီ ခုနစ်ထည်၊ ဂျင်ကလိအချောင်း ၁၀၀၊ ဓာတ်ငွေ့ကာမျက်နှာဖုံး ၃၇ ခု၊ ဓာတ်ဆီပုလင်း အလုံး ၅၀ နှင့် ဆက်စပ်ပစ္စည်း အများအပြား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုအား အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ နိုင်ငံတော်ပိုင် အဆောက်အအုံများကို လက်လုပ်မိုင်း၊ မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တပ်စခန်းများအား နှောင့်ယှက်ပစ်ခတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံနှင့် ယာဉ်များအား လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်လာသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်

နေပြည်တော် ဧပြီ ၇
ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ ပါရမီကားဝင်းအတွင်း၌ ဧပြီ ၆ ရက် ညနေ၆ နာရီ ၁၀ မိနစ်ခန့်တွင် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီပိုင် ယာဉ်မောင်း ဦးကျော်မင်းထိုက် (ဘ)ဦးစိုးသိန်း မောင်းနှင်သည့် YUTONG အမျိုးအစား YBS ယာဉ်ပေါ်မှ အချိန်ကိုက်စနစ်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး အနီးရှိ မော်တော်ယာဉ် ၁၁ စီး မှန်များပျက်စီးခဲ့ကြောင်း သိရှိရသည်။

မီးလောင်ပျက်စီး

အလားတူ ဧပြီ ၆ ရက် ည ၁၀ နာရီခွဲတွင် အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် အောင်ဇေယျလမ်းဘေး၌ ရပ်တန့်ထားသော အဆိုပါရပ်ကွက်နေ အမျိုးသား တစ်ဦးပိုင်ဆိုင်သည့် Wish အမျိုးအစား ယာဉ်အား အမျိုးသား သုံးဦး(စိစစ်ဆဲ)က မီးရှို့နေသည်ကို တွေ့ရှိရသဖြင့် ယာဉ်ပိုင်ရှင်ဖြစ်သူက အော်ဟစ်ဟန့်တားခဲ့ရာ မီးရှို့ဖျက်ဆီးသူများမှာ ထွက်ပြေးသွားခဲ့ပြီး ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကာ မီးလောင်မှုကြောင့် တန်ဖိုးငွေကျပ် ခုနစ်သိန်းခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

ထို့အတူ ဧပြီ ၆ ရက် ည ၁၂ နာရီ ၄၅ မိနစ်တွင် ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား အကြမ်းဖက်သူ အမျိုးသားတစ်ဦးက မီးပုလင်းဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါမီးပုလင်းမှာ အုပ်ချုပ်ရေးမှူးရုံးအောက်လမ်းဘေးရှိ ဈေးရောင်းရန် ပြုလုပ်ထားသော မိုးကာထီးပေါ်သို့ ကျရောက်ပေါက်ကွဲမီးလောင်ခဲ့ပြီး မိုးကာထီး နှစ်ချောင်း မီးလောင်ပျက်စီးခဲ့ကြောင်း။

မီးလောင်ဆုံးရှုံး

အလားတူ ယနေ့မွန်းလွဲ ၁ နာရီမိနစ် ၄၀ ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်ရှိ ယာယီရပ်သိမ်းထားရှိသည့် မြေလင်းရဲကင်းစခန်းအား အကြမ်းဖက်သူအင်အား ၂၀ ခန့်က မီးရှို့ခဲ့ရာ အချုပ်ခန်းပါ ရဲစခန်းရုံးအဆောက်အအုံ တစ်လုံး၊ နေအိမ်လိုင်းခန်းအဆောက်အအုံ သုံးလုံးနှင့် သက်သေခံ ပစ္စည်းမော်တော်ယာဉ် ၃၂ စီးတို့အား မီးလောင်ကျွမ်းခဲ့ပြီး နံနက် ၆ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကာ မီးလောင်မှုကြောင့် ရဲစခန်းရုံး အဆောက်အအုံ လေးလုံးနှင့် မော်တော်ယာဉ် ၃၂ စီးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

ထို့အတူ ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ဝင်းရပ်ကွက် ဖောင်တော်ပြန်လမ်းရှိ သတင်းရဲတပ်ဖွဲ့စုရုံးအား အမျိုးသား ငါးဦးက ဒီဇယ်၊ ခတ်ဆီများ ထည့်ထားသည့် ပုလင်းများကို မီးရှို့ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါမီးပုလင်းများမှာ ရုံးရှေ့ကွင်းပြင်ပေါ် ကျရောက်ပေါက်ကွဲခဲ့ပြီး လူ/ပစ္စည်း ထိခိုက်ပျက်စီးမှု

တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားစဉ်။

မရှိကြောင်း။

အလားတူ ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် ကျောက်တံတားမြို့နယ် အမှတ်(၄)ရပ်ကွက် ပန်းဆိုးတန်းလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အမှတ်(၁၀) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး မျက်နှာစာ ဝင်ပေါက်အနီး ဝဲဘက်အခြမ်းရှိ Flower Box အတွင်း၌ လည်းကောင်း၊ နံနက် ၇ နာရီ မိနစ် ၄၀ တွင် စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက် ဒဂုံစင်တာ(၂)ရှေ့ မြေနီကုန်းခုံးကျော်တံတားအောက် အများပြည်သူအပန်းဖြေသည့်နေရာ၌ လည်းကောင်း လက်လုပ်မိုင်း နှစ်လုံး ပေါက်ကွဲခဲ့ပြီး အဆိုပါပေါက်ကွဲမှုများကြောင့် လူ၊ ပစ္စည်းထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း။

လက်လုပ်မိုင်းဖြင့် ပစ်ပေါက်

၎င်းအပြင် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အနောက်ရပ်ကွက် လမ်း ၃၀ နှင့် လမ်း ၉၀ ထောင့်ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးအား အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ပေါက်ကာ လမ်း ၉၀ ဘက်သို့မောင်းနှင်ထွက်ပြေးသွားခဲ့ရာ အဆိုပါမိုင်းမှာ ယာဉ်ထိန်းရုံးရှေ့ လမ်းမပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံထိခိုက်ပျက်စီးမှုမရှိကြောင်း။

ထို့အတူ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ဒဂုံမြို့နယ် ပြည်လမ်းအနောက်ရပ်ကွက်ရှိ အဏ္ဏဝါရိပ်သာအနီး ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဗဟိုလမ်းအတိုင်း မောင်းနှင်လာသည့် ဟွန်ဒိုင်းယာဉ် တစ်စီးသည် အဏ္ဏဝါရိပ်သာအနီး ရောက်ရှိရပ်တန့်ပြီး ယာဉ်ပေါ်မှ အကြမ်းဖက်သူ အမျိုးသားတစ်ဦး ဆင်းလာကာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းသို့ လက်ပစ်ဗုံးသုံးလုံး ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါလက်ပစ်ဗုံး သုံးလုံးမှာ လွှတ်တော်ဝင်းအတွင်း ကျရောက်ခြင်းမရှိဘဲ ခြံစည်းရိုး သံဆန်ခါအား ထိမှန်ကာ အဏ္ဏဝါရိပ်သာ ခြံစည်းရိုးအပြင်ဘက် သစ်ပင် နှစ်ပင်ကြားတွင် နှစ်လုံး၊ အဏ္ဏဝါရိပ်သာဝင်းအတွင်း လမ်းပေါ်၌ တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း။

လက်လုပ်မိုင်းနှစ်လုံးဖြင့် ပစ်ပေါက်

အလားတူ ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ကျိုင်းဝိုင်းဘုရားလမ်းမကြီးဘေးရှိ ခြံအမှတ် (၁၉) Gate Way ကုမ္ပဏီ(လုပ်ငန်း-စိစစ်ဆဲ)ရုံးအား ရှစ်မိုင်လမ်းဆုံဘက်မှ ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း မောင်းနှင်လာသည့် Ertiga ယာဉ်ပေါ်မှ လက်လုပ်မိုင်းနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်လုပ်မိုင်းနှစ်လုံးမှာ ခြံစည်းရိုး အုတ်တိုင်နှင့် တံခါးအနီး ကျရောက်၍ တစ်လုံးပေါက်ကွဲခဲ့ပြီး ကျန်တစ်လုံးမှာ ပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းခဲ့ရာ သဘော်ခဲဆေးဘူးအတွင်း ယမ်းနှင့် ဘောလစ်များ ထည့်၍ ပြုလုပ်ထားသော လက်လုပ်မိုင်းဖြစ်ကြောင်း သိရှိရပြီး အဆိုပါပေါက်ကွဲမှုကြောင့် ကုမ္ပဏီ ကွန်ကရစ်လှေခါးနှင့် ခြံစည်းရိုးအုတ်တိုင်တို့ အနည်းငယ်ပျက်စီးခဲ့ကြောင်း။

ထို့အတူ ယနေ့နံနက် ၅ နာရီ မိနစ် ၅၀ ခန့်တွင် ဒဂုံမြို့နယ် နယ်မြေခံတပ်မတော်ဆေးရုံအနီး ပေါက်ကွဲသံကြားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ရွှေတိဂုံဘုရားလမ်းနှင့် ဇီဝကလမ်းထောင့်ရှိ ဇီဝကအိမ်ထောင်သည် လိုင်း၊ တိုက်(၁)ရှေ့ အုတ်တံတိုင်းတွင် လက်လုပ်အသံမိုင်း တစ်လုံး၊ မြို့နယ်စည်ပင်ရုံးရှေ့ အမှိုက်ပုံးတွင် လက်လုပ်အသံမိုင်း တစ်လုံး၊ တိုက်(၅)ရှေ့ ဇီဝကလမ်းပေါ်ရပ်ထားသော Hyundai Creata အမျိုးအစား မော်တော်ယာဉ်၏ လေကာမှန်ပေါ်တွင် လက်လုပ်အသံမိုင်း တစ်လုံးတို့ ပေါက်ကွဲခဲ့သည်ကို စစ်ဆေးတွေ့ရှိရပြီး မော်တော်ယာဉ်အမှတ်၊ NPT – 4B/------- ယာဉ်ပေါ်တွင် မပေါက်ကွဲသေးသည့် လက်လုပ်အသံမိုင်း တစ်လုံးကို တွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်နိုင်ခဲ့ကြောင်း။

လက်လုပ်အသံမိုင်း

အလားတူ ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား ဆူပူအကြမ်းဖက်သူတစ်ဦးက ဗားကရာလမ်းအတိုင်း အနောက်ဘက်မှ လာရောက်၍ လက်လုပ်အသံမိုင်း တစ်လုံးအား ပစ်ချထွက်ပြေးသွားကြောင်း၊ အဆိုပါလက်လုပ်အသံမိုင်း ပေါက်ကွဲမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း။

ထို့အတူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဟေမဝန်လမ်းနှင့် ကန်သာယာလမ်းထောင့်ရှိ အမှတ်(၂၄)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား ယနေ့နံနက် ၅ နာရီခွဲခန့်တွင် လည်းကောင်း၊ ယနေ့နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စစ်တောင်းလမ်းနှင့် သမိန်ဗဟန်းလမ်းထောင့် အမှတ်(၃၀) ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား လည်းကောင်း ဆူပူအကြမ်းဖက်လူတစ်စုက မီးပုလင်းများဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် မီးလောင်မှုများဖြစ်ပွားခဲ့ရာ အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့ကြောင်း။

စုံစမ်းဖော်ထုတ်လျက်ရှိ

အထက်ပါမီးလောင်မှုများကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ရုံးများအတွင်းရှိ ပရိဘောဂများ၊ မျက်နှာကြက်များနှင့် စာရွက်စာတမ်းအချို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရပြီး ဖြစ်စဉ်အား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဗန္ဓုလမ်းနေရာရှိ မြဝတီဘဏ်အား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူနှစ်ဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဘဏ်အတွင်းသို့ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ထွက်ပြေးသွားကြောင်း၊ အဆိုပါလက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် ဘဏ်၏အောက်ထပ် ပြတင်းပေါက်မှန် ငါးချပ်ကွဲသွားခဲ့ပြီး အုတ်နံရံများ ဗုံးစထိမှန်ပျက်စီးခဲ့ကြောင်းနှင့် လူ ထိခိုက်မှုမရှိကြောင်း။

အထက်ပါဖြစ်စဉ်များတွင် မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သူများနှင့် ပါဝင်ပတ်သက်သူများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အမြန်ဆုံး ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် ဧပြီ ၇
တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့၊ ကျောင်းကုန်းမြို့နှင့် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ဧပြီ ၆ ရက်တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၃၂ လက်၊ လေသေနတ် ၁၁ လက်နှင့် လက်လုပ်သေနတ် ၂၅ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲကျင်းပ

ဘားအံ ဧပြီ ၇
ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘားအံမြို့နယ်ရုံးက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီခန့်က ဘားအံမြို့ လှာကမြင်(ကွက်သစ်) ပြည်နယ်ကျေးလက်ရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမျိုးမင်းနောင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းတွင် ထူးချွန်ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော သင်တန်းသူသုံးဦးအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ အဖွဲ့ဝင်(၄) ဦးစောခင်မောင်မြင့်၊ အဖွဲ့ဝင် (၅) ဦးဇော်ဝင်းတို့က မော်တာအပ်ချုပ်စက်တစ်လုံးစီကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြကာ ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းကာလအတွင်း ချုပ်လုပ်ထားသော သင်တန်းဆင်းသင်တန်းသူများ၏ လက်ရာများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့သင်တန်းဆင်းသည့် အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းသို့ သင်တန်းသူ ၁၇ ဦး သင်ယူပြီးမြောက်ခဲ့ပြီး ထိုသင်တန်းသူများသည် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ အခြေခံမော်တာအပ်ချုပ်စက်သင်တန်းကို ရက်သတ္တလေးပတ်ကြာ သင်ယူပြီးမြောက်ခဲ့၍ အဆင့်မြင့် မော်တာအပ်ချုပ်စက်သင်တန်းကို ရက်သတ္တလေးပတ်ခန့် ထပ်မံတက်ရောက်စေခဲ့ကာ အခြေခံမော်တာအပ်ချုပ်စက်ဘာသာရပ်ခြောက်မျိုး၊ အဆင့်မြင့်မော်တာအပ်ချုပ်စက်ဘာသာရပ်ခုနစ်မျိုး စုစုပေါင်းစက်ချုပ်ဘာသာရပ် ၁၃ မျိုးကို ကျွမ်းကျင်တတ်မြောက်ပြီး၍ အိမ်တွင်းမှုအတတ်ပညာဖြင့် မိသားစုဝင်ငွေရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သော စက်ချုပ်လုပ်ငန်းကိုလုပ်ကိုင်ရင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လုပ်ကိုင်နိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း
(မြန်/ဆက်)

ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်ဆောင်ရွက်

ကျိုက်မရော ဧပြီ ၇
မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ အေးချမ်းသာယာမှုရှိစေရေးတို့အတွက် ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များပူးပေါင်းကာ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ယာဉ်များစစ်ဆေးခြင်းကို ယနေ့နံနက် ၈ နာရီတွင် ကျိုက်မရော-မော်လမြိုင်သွားကားလမ်းမပေါ်ရှိ မြို့အဝင်ထန်းပင်တန်း၌ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာ၌ မော်တော်ယာဉ်များတွင် နံပါတ်ပြားများတပ်ဆင်ထားခြင်းရှိ-မရှိ၊ ယာဉ်မောင်းလိုင်စင်ပါ-မပါကိုလည်းကောင်း၊ မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်များဆောင်းထားမှုရှိ-မရှိ၊ ဆိုင်ကယ်ဘောက်များအတွင်း အန္တရာယ်ရှိစေနိုင်သည့် တုတ်၊ ဓားလက်နက်များပါရှိခြင်းရှိ-မရှိကိုစစ်ဆေးမေးမြန်း၍ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့်သွားလာနိုင်စေရန် အသိပညာပေးဆွေးနွေးခြင်းများကို မြို့နယ်ရဲတပ်ဖွဲ့တာဝန်ရှိသူများက ခရီးသွားပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး (မြန်/ ဆက်)

မိတ္ထီလာမြို့နယ်မီးသတ်ဦးစီးဌာနမှ သောက်သုံးရေလှူဒါန်း

မိတ္ထီလာ ဧပြီ ၇
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးဌာနမှ သောက်သုံးရေ လိုအပ်လျက်ရှိသော တောင်ဖီလာကျေးရွာနှင့် သရက်တန်းကျေးရွာတို့ရှိဘုန်းတော်ကြီးကျောင်းများအား ဧပြီ ၇ရက်နံနက်က သောက်သုံးရေများ သွားရောက်ဖြန့်ဝေလှူဒါန်းသည်။

ယင်းသို့ မီးသတ်ဦးစီးဌာနမှ သောက်သုံးရေလိုအပ်လျက်ရှိသောဘုန်းတော်ကြီးကျောင်းများအား သောက်သုံးရေများဖြန့်ဝေလှူဒါန်းလျက်ရှိရာ မတ် ၂၂ ရက်မှ ဧပြီ ၇ ရက်အထိ တောင်ဖီလာ၊ သရက်တန်း၊ တောင်ပုလု၊ ဂန္ဓကုန်း၊ ညောင်ပင်လှို (အရှေ့)၊ ညောင်ပင်လှို (အနောက်) သစ္စာပြုတောင်၊ ကြာပေါက်ကျေးရွာနှင့် ဆပ်ပြာကျင်း ကျေးရွာတို့ရှိ ဘုန်းတော်ကြီးကျောင်းများအား မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းထံမှ သိရသည်။

သိန်းမြင့်ကျော်
(မိတ္ထီလာ)

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်း ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ မြို့မဈေး၊ ပရပ်ကြယ်ဈေး၊ မထီးစံပြဈေး၊ ချောင်းနက်ဈေး၊ ဆတ်သွားဈေး၊ ကုက္ကိုခွဈေးနှင့် ဈေးဝယ်စင်တာများတွင် ဈေးရောင်းဈေးဝယ်များဖြင့် ပြန်လည်စည်ကားလျက်ရှိရာ ပြည်သူအများ စိတ်အေးချမ်းသာစွာ ရောင်းဝယ်ဖောက်ကားနေသည်ကို တွေ့ရစဉ်။ ပီတောက်ဝါ

ငါ့သရောက်မြို့ တောင်ကုန်းကျေးရွာထွက် အတာသင်္ကြန်အိုးများ ရောင်းအားကောင်း

ညောင်ဦး ဧပြီ ၇
မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအကြို ငါ့သရောက်မြို့ တောင်ကုန်းကျေးရွာထွက် အတာသင်္ကြန်အိုးများ ရောင်းအားကောင်းနေကြောင်း တောင်ကုန်းကျေးရွာ အတာသင်္ကြန်အိုးရောင်းနေသည့် ဦးနေလင်းထံမှ သိရသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်နှင့်အတူ ယှဉ်တွဲသိထားသည့် ပိတောက်ပန်းများ၊ ရွှေပုပ္ပားကစံကားဝါပန်းများနှင့်အတူ သင်္ကြန်အတာအိုးများထဲတွင် ပန်းများထိုးကာ မြန်မာ့ရိုးရာမဟာသင်္ကြန်ကို ကြိုဆိုကြကြောင်း သိရသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်အိုးများကို ထန်းဆွဲမြေအိုးတစ်ဝက်လောက်သာ ပြုလုပ်ကြပြီး ဖေဖော်ဝါရီလမှ စတင်ပြုလုပ်ရောင်းချကြပြီး ဧပြီလပထမပတ်အထိ ပြုလုပ် ရောင်းချကြကြောင်း ဦးနေလင်းက ရှင်းပြသည်။

မြန်မာ့ ရိုးရာအတာသင်္ကြန်အိုးများကို အိမ်တိုင်းဝယ်ယူကြလေ့ရှိကာ သင်္ကြန်မရောက်မီတစ်ရက်အလိုမှစ၍ ကြိုတင်ကာ ရေသန့်စင်ပြီး ရာသီပေါ်ပန်းများထိုးကာ မြန်မာ့ရိုးရာမဟာသင်္ကြန်ကို ကြိုဆိုလေ့ရှိကြောင်း၊ အတာအိုးထဲတွင် မပါမရှိထည့်သင့်သည့် မြေစာမြက်၊ တမာ၊ အောင်သပြေပန်း၊ အုန်း၊ ခံပန်း၊ မေမြို့ပန်းတို့ဖြစ်ပြီး အခြားအဆင်ပြေရာပန်းများကို ရောထိုးထားကြကြောင်း ညောင်ဦးမြို့ အမှတ်(၁)ရပ်နေ ဦးတင်မောင်ဝင်းက ရှင်းပြသည်။

မကြာမီရောက်ရှိလာတော့မည့် မြန်မာ့ရိုးရာမဟာသင်္ကြန်အတွက် အတာသင်္ကြန်အိုးများ ရောင်းအားကောင်းနေကြောင်း တောင်ကုန်းကျေးရွာ အတာသင်္ကြန်အိုးပြုလုပ်ရောင်းချနေသူများထံမှ သိရသည်။

ညောင်ဦးခရိုင်
(မြန်/ဆက်)

■

မေ ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၈ ဦး တွေ့ရှိ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၆-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၆၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၄၇,၈၅၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၅၅၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၃၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၃၁၅၆၂၁၀၇	၂၄၁၂၂၅၂၈	၅၇၀၂၇၉
၂။	ဘရာဇီး	၁၃၁၀၆၀၅၈	၁၁၅၅၈၇၈၄	၃၃၇၃၆၄
၃။	အိန္ဒိယ	၁၂၈၂၃၄၆၈	၁၁၇၉၉၃၀၆	၁၆၆၃၁၂
၄။	ပြင်သစ်	၄၈၄၁၃၀၈	၃၀၁၂၉၉	၉၇၂၇၃
၅။	ရုရှား	၄၆၀၆၁၆၂	၄၂၂၉၄၈၀	၁၀၁၄၈၀
၆။	ဗြိတိန်	၄၃၆၄၅၂၉	၃၉၂၂၆၃	၁၂၆၈၈၂
၇။	အီတလီ	၃၆၈၆၇၀၇	၃၀၁၉၂၅၅	၁၁၁၇၄၇
၈။	တူရကီ	၃၅၇၉၁၈၅	၃၁၅၉၄၇၅	၃၂၆၆၇
၉။	စပိန်	၃၃၁၇၉၄၈	၃၀၈၀၄၆၆	၇၅၉၁၁
၁၀။	ဂျာမနီ	၂၉၁၄၄၄၀	၂၆၁၄၅၀၀	၇၇၉၀၉

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၁၅၄၇၃၇၆	၁၃၉၁၇၄၂	၄၂၀၆၄
၂။	ဖိလစ်ပိုင်	၈၁၉၁၆၄	၆၄၆၄၀၄	၁၄၀၅၉
၃။	မလေးရှား	၃၅၄၄၆၈	၃၃၉၀၆၇	၁၃၀၄
၄။	မြန်မာ	၁၄၂၅၅၉	၁၃၁၈၃၄	၃၂၀၆
၅။	စင်ကာပူ	၆၀၅၅၄	၆၀၂၆၀	၃၀
၆။	ထိုင်း	၂၈၉၀၅	၂၈၀၆၉	၉၅
၇။	ကမ္ဘောဒီးယား	၂၉၁၅	၁၈၂၄	၂၂
၈။	ဗီယက်နမ်	၂၆၅၉	၂၄၂၉	၃၅
၉။	ဘရူနိုင်း	၂၁၄	၁၉၇	၃
၁၀။	လာအို	၄၉	၄၇	၀

အနုပညာ

Penthouse 2 ရဲ့ နောက်ဆက်တွဲရုပ်ရှင်ကို ပရိသတ်များ မျှော်လင့်

တောင်ကိုရီးယားမှာ မကြာသေးမီက ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်တဲ့ Penthouse 2 ဇာတ်လမ်းတွဲဟာ စတင်ပြသချိန်မှာ ကြည့်ရှုသူများပြားခဲ့ပြီး ဇာတ်သိမ်းပိုင်းမှာတော့ အပြိုင်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူအများဆုံး ဇာတ်လမ်းတွဲအဖြစ် မှတ်တမ်းတင်ခဲ့ပါတယ်။ ဇာတ်သိမ်းပိုင်းမှာ ဇာတ်ကောင်တွေရဲ့ အဖြစ်တွေကြောင့် ယင်းဇာတ်လမ်းတွဲအတွက် ရာသီသစ်မှာ ထုတ်လွှင့်မယ့်အပိုင်းသစ်တွေကို ပရိသတ်တွေအနေနဲ့ အတော်လေး စိတ်ဝင်စားနေကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂ ရက်မှာ အဆိုပါဇာတ်လမ်းတွဲရဲ့ နောက်ဆုံးအပိုင်းကို ထုတ်လွှင့်ခဲ့ပါတယ်။ နောက်ဆုံးအပိုင်းမှာတော့ ယင်းဇာတ်လမ်းတွဲမှာ ပါဝင်ထားကြတဲ့ အဓိကဇာတ်ကောင်တွေဟာ ပြစ်ဒဏ်အသီးသီးကျခံခဲ့ရတာကြောင့် ထောင်ကျနေတဲ့ ဇာတ်ကောင်တွေဟာ နောက်ဆက်တွဲရုပ်ရှင်တွေမှာ တစ်စုံတစ်ဦးကြောင့် ထောင်မှလွတ်မြောက်မှာလား၊ ပြစ်ဒဏ်ကျခံရချိန်တွေကို ကျော်လွှန်ကာ ဇာတ်လမ်းသစ်ကို ရှေ့ဆက်မှာလားဆိုတဲ့ အပေါ် ပရိသတ်တွေ စိတ်ဝင်စားမှုအတော်လေး မြင့်တက်လာခဲ့ပါတယ်။

Penthouse ရဲ့ နောက်ဆက်တွဲရာသီကို လာမယ့်ဇွန်လအတွင်း စတင်ပြသဖို့ရာ စီစဉ်ထားပါတယ်။ တတိယမြောက် Penthouse ဇာတ်လမ်းတွဲရုပ်ရှင်မှာ အပိုင်း ၁၂ ပိုင်း ပါဝင်မှာဖြစ်ပြီး ထုတ်လွှင့်ပြသရာမှာ ယခင်ပြသနေကျပုံစံအတိုင်း တစ်ပတ်ကို နှစ်ကြိမ် ပြသခြင်းမျိုးထက် တစ်ပတ်ကိုတစ်ကြိမ်သာ ထုတ်လွှင့်ပြသဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

ချန်ယိုးရဲ့ တေးသီချင်းသစ် အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ချန်ယိုးဟာ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာတော့ သူဟာ တစ်ကိုယ်တော်တေးသီချင်းသစ်ကို စတင်ထုတ်လွှင့်ခဲ့ပြီး အဆိုပါ တေးသီချင်းဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အိုင်ကျွန်းတေးဂီတဇယားအချို့မှာ ထိပ်ဆုံးမှာ ရပ်တည်နိုင်တာကိုတွေ့ရကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၆ ရက်မှာ ချန်ယိုး သီဆိုထားတဲ့ တေးသီချင်းသစ် Tomorrow ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ အဆိုပါ တေးသီချင်းဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ အိုင်ကျွန်းတေးဂီတ ဇယားတွေမှာ နံပါတ်တစ်နေရာ ရရှိထားတာကိုလည်း တွေ့ရပါတယ်။

အဆိုပါ တေးသီချင်းကို ချန်ယိုးက သူ့အနေနဲ့ စစ်မှုမထမ်းဆောင်မီကတည်းက ပရိသတ်တွေအတွက် ရည်ရွယ်ပြင်ဆင်ခဲ့တာပါ။ ချန်ယိုးဟာ ပြီးခဲ့တဲ့ မတ် ၂၉ ရက်မှာ စစ်မှုစတင်ထမ်းဆောင်ခဲ့ပြီး သူစစ်မှုထမ်းဆောင်နေဆဲအချိန်မှာ သူ့ရဲ့ တေးသီချင်းသစ်ကို စတင်ထုတ်လွှင့်ပေးခဲ့တာလည်း ဖြစ်ပါတယ်။ ချန်ယိုးရဲ့ စစ်မှုထမ်းရက်တွေဟာ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ပြီးဆုံးမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

ခရစ်စတယ်ရဲ့ရုပ်ရှင်သစ် ပြသမယ့်ရက် ကြေညာ

ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ ခရစ်စတယ်ရဲ့ ရုပ်ရှင်သစ် ရုံတင်ပြသမယ့်ရက်ကို လတ်တလောမှာ ထုတ်ပြန်ကြေညာခဲ့ပြီဖြစ်ပါတယ်။ အဆိုပါ ရုပ်ရှင်ကို လာမယ့် ဇွန် ၄ ရက်မှာ စတင်ပြသသွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ရုပ်ရှင်ကို Sweet and Sourလို့ အမည်ပေးထားပြီး ခရစ်စတယ်နဲ့အတူ ချာဆိုးဘင်နဲ့ ဂျန်ကီယွန်းတို့က အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်ထားကြတာပါ။ အဆိုပါ ရုပ်ရှင်ဟာ အချစ်ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းတစ်ပုဒ်အပေါ် မတူညီတဲ့ ခံစားမှုတွေကို အလေးပေးပုံဖော်သွားမှာလည်း ဖြစ်ပါတယ်။

ယင်းရုပ်ရှင်မှာ မင်းသမီး ချာဆိုးဘင်နဲ့ မင်းသား ဂျန်ကီယွန်း တို့ပါဝင်ထားတဲ့ ဇာတ်ကောင်နှစ်ဦးဟာ မြင်မြင်ချင်းချစ်မိသွားခဲ့ပြီး နောက်ပိုင်းမှာတော့ တဖြည်းဖြည်း ဝေးကွာသွားခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ဂျန်ကီယွန်းရဲ့ ဇာတ်ကောင်ဟာ ပတ်ဝန်းကျင်သစ်က အမျိုးသမီးတစ်ဦးနဲ့ ထပ်မံတွေ့ဆုံကာ ခံစားချက်အသစ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒီရုပ်ရှင်မှာ ခရစ်စတယ်ရဲ့ ဇာတ်ကောင်ဟာ ဂျန်ကီယွန်းရဲ့ အချစ်သစ်အဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သားသမီး ၊ ဘုရားဒါယကာ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာပြီးစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ဖူးမြော်ခြင်းဖြင့် ဒေသတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ ထိုင်ရင်းသာစည်သူတို့၏ ငွေလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင် ဘုရားဒါယကာ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်ဆုကိုမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၇၉၉၁၀၈၉၀၀၊ ၀၄၆-၃၀၀၀၅

(၂) ဒေါ်စောစောအေးကြည် ၀၉-၄၂၈၁၂၁၂၇၄၊ ၀၉-၂၅၅၈၂၈၂၈

အလှူငွေရှာဖွေရေးလုပ်ငန်းကော်မတီ

ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း

ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်း ၂၀၂၅ ခုနှစ်အထိ ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆို

ပရီမီယာလိဂ်ကလပ်မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းဟာ အီတီဟက်ဒ်မှာ ၂၀၂၅ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းဟာ မန်စီးတီးအသင်းနဲ့အတူ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့တာကြောင့် အရင်က ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းထက် နှစ်နှစ်ကျော်မက မန်စီးတီးအသင်းမှာ ဆက်ရှိနေတော့မှာလည်း ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဒီဘရိုင်းဟာ ၂၀၁၅ ခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက ဂျာမန်ဘွန်ဒက်လီဂါကလပ် ဝုလ်ဖ်ဘာ့ဂ်အသင်းကနေ မန်စီးတီးအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားနှစ်ကြိမ်၊ အက်ဖ်ဒေဖလားတစ်ကြိမ်၊ အီးအက်ဖ်အယ်လ်ဖလား လေးကြိမ်တို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ၃၃၃ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးရှစ်ဂိုး သွင်းယူပေးထားပြီး ဂိုးဖန်တီးမှု ၁၆ ကြိမ်အထိ ပြုလုပ်ပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား ဒီဘရိုင်းဟာ လက်ရှိမှာ မန်စီးတီးအသင်းမှာ ဆက်ရှိရေးအတွက် နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

❒ ချန်ပီယံလိဂ်မှ

ဧပြီ ၁၀ ရက်မှာ အက်စ်တွန်ဗီလာအသင်းနဲ့ ပရီမီယာလိဂ်ပွဲစဉ် ယှဉ်ပြိုင်ကစားရမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် အဆင့်ရဲ့ အခြားသောပွဲစဉ်တစ်ပွဲဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ ဒေါ့မွန်အသင်းတို့ ပွဲစဉ်မှာတော့ မန်စီးတီးအသင်းက ဒေါ့မွန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၁၉ မိနစ်မှာ ကီဗင်ဒီဘရိုင်းနဲ့ ပွဲကစားချိန် မိနစ် ၉၀ မှာ ဖီးလ်ဖိုဒန်တို့က သွင်းယူပေးခဲ့ပြီး ဒေါ့မွန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၈၄ မိနစ်မှာ မာကိုရူးစ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

အမ်းမြို့နယ်အတွင်းရှိ နေရပ်ပြန်မည့် တိုက်ပွဲရှောင်ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်၊ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်

နေပြည်တော် ဧပြီ ၇

ရခိုင်ပြည်နယ် အမ်းမြို့ရှိ တိုက်ပွဲရှောင်စခန်းအသီးသီးမှ နေရပ်ပြန်မည့် တိုက်ပွဲရှောင်ဒေသခံပြည်သူများအား ထောက်ပံ့ငွေ၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲကို ဧပြီ ၆ ရက်နံနက်ပိုင်းတွင် အမ်းမြို့ အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တိုက်ပွဲရှောင် ဒေသခံကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ခေတ္တတိုက်ပွဲရှောင်စခန်းအသီးသီးမှ ဒေသခံပြည်သူများအား ၎င်းတို့၏ နေရပ်ဒေသများဖြစ်သည့် ကျေးရွာခြောက်ရွာသို့ တပ်မတော်နှင့် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီတို့မှ စီစဉ်ပေးသည့် ယာဉ်များဖြင့် လိုက်ပါပို့ဆောင်ပေးပြီး ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲရှောင်စခန်းများမှ ဒေသခံပြည်သူများ မိမိတို့နေရပ်အသီးသီးသို့ နေထိုင်နိုင်ရေး နေရာအလိုက် စုဖွဲ့ပြင်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၂၀/F)ဟုခေါ်သည့် (၀.၀၅၇)ဧကအကျယ်ရှိမြန်(ဂရ)ရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၉/B)မြကန်သာလမ်း (၁၈)ရပ်ကွက် လှိုင်မြို့နယ်ဟုခေါ်တွင်သည့်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက် ဒေါ်ခင်နွဲ့အေး(၁၂/အလန(နိုင်)၀၀၉၂၄၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေများ

ဒေါ်စန္ဒာမြင့်ချိန်	ဒေါ်ဟင်းရည်မွှေး	ဦးစိုးသီဟ
LL.B,D.B.L	LL.B,LL.M	LL.B
(စဉ် - ၁၀၃၀၁)	(စဉ် - ၁၈၆၉၁)	(စဉ် - ၃၁၃၉၃)

ရုံးချုပ် ➢ အမှတ်(၇၁)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စိမ်းလဲ့မြိုင်ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
☎ ➢ 01 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ ➢ အမှတ်(၂၈၅)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ဓါးထက်ကြီးဘုရားရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်။
☎ ➢ 01 - 552742, 01- 559320, 09 5060940, 09 5060938, 09 73500535
Email - soesanrealestate@gmail.com

အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။

facebook

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိက ဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာ မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်-၆၃၂(တ) ထပ်နေ ဦးဆုနိုင်ကျော်မား (၉/မရမ(နိုင်)၀၉၁၅၄၃)နှင့် ဦးမောင်မောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဆုနိုင်ကျော်မား (ခ) မောင်မောင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

တော တောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇမ္ဗူသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၂၃၇၃) ဒေါ်ယယ်ယယ်လွင် [၁၂/ဗဟန(နိုင်)၀၂၇၁၃၀] အဖအမည် ဦးမောင်ရင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးစနည်လှိုင် [၁၄/ဓနဖ(နိုင်)၀၉၁၀၂၆] အဖအမည် ဦးစိန်လှိုင်မှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၆၂/၂၀၂၀) တင်ပြ၍ ဦးတင်မောင်လှ [၁၂/ဝကတ(နိုင်)၀၂၂၃၁၂]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၇၈၊ မြေကွက်တည်နေရာအမှတ်-၇၈၊ ဓနယျာဒီပလမ်းနှင့် ဓနယျာနဒီလမ်းထောင့်၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစိုးမွန်အောင်[၁၂/ဗဟန(နိုင်)၀၉၂၉၀၂]၊ ဒေါ်ယဉ်ယဉ်ဝင်း[၁၂/ဝမတ(နိုင်)၀၂၉၉၂၅] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိုးမွန်အောင်၊ ဒေါ်ယဉ်ယဉ်ဝင်းတို့မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ၂၀၁၈ခုနှစ်တွင် ထုတ်ယူခဲ့သော ဘဏ်ငွေချေးရန် မြေပုံကူးမှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၈ခုနှစ်တွင် ထုတ်ယူခဲ့သော ဘဏ်ချေးမြေပုံမူရင်းသည် အသိမ်းလွှန်အထားမှုကာလ ပျောက်ဆုံးနေသည်မှာမှန်ကန်ကြောင်း၊ ကျမ်းကျိန်လွှာတင်ပြလာပါသဖြင့် ဦးစိုးမွန်အောင်၊ ဒေါ်ယဉ်ယဉ်ဝင်းတို့မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁^က/ဥတ္တရသီရိတောင်ရပ်၊ ဇမ္ဗူသီရပ်ကွက်မှ မြေဧရိယာ(၀.၉၁၈)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၁၀၈၄)၏ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဦးသိန်းဆွေ[၁၂/ဒဂန(နိုင်)၀၁၀၄၃၇] အဖအမည် ဦးအေးမောင်မှ မြေငှားစာချုပ်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းမိတ္တူ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း တင်ပြပြီး နှစ်(၃၀) မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ပျောက်ဆုံးသွားသော နှစ်(၃၀)မြေငှားစာချုပ်မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် (၅၃၈)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦရှိ အကျယ်အဝန်းပေ(၁၇×၅၄)ရှိ (၄)လွှာခေါင်းရင်းခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးသော်ဇင်နိုင်(KCGN-၀၄၆၄၂၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန့်ဇော်ဝင်းဖြိုး(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၂၇)
အမှတ်(၁၀၆)၊ ပထမထပ်(ယာ)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၆၅၁၈၀၁၁၊ ၀၉-၂၅၀၀၆၀၃၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကြော်ငြာစာအမှတ် (၁/၂၀၂၂)

၁။ တရားရေးဝန်ထမ်းအဆင့်(၄)ရာထူးနေရာများ ရွေးချယ်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့)နှင့် ၉-၅-၂၀၂၂ ရက် (တနင်္လာနေ့)များတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို မိမိတို့လျှောက်လွှာတင်သွင်းခဲ့သော တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အောက်ပါအစီအစဉ်အတိုင်း **ရုံးချိန်အတွင်း ဖြေဆိုမည့်သူကိုယ်တိုင်** လာရောက်ထုတ်ယူရမည်-

	စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရမည့်နေရာ	ထုတ်ယူရမည့် နေ့ရက်
ကချင်၊ကယား၊ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း	တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး	၄-၅-၂၀၂၂ မှ ၇-၅-၂၀၂၂ ထိ
ကရင်၊တနင်္သာရီ၊ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ	တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး	၄-၅-၂၀၂၂ မှ ၇-၅-၂၀၂၂ ထိ

(စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ လာရောက်ထုတ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း ပြသရမည်ဖြစ်ပါသည်။)

၃။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ ဥပဒေ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်(၄)ခု ဖြေဆိုရမည်ဖြစ်ပြီး တစ်ဘာသာလျှင် ၂ နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပါသည်။

၄။ ခုံအမှတ်စာရင်း၊ စာမေးပွဲအချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၄-၅-၂၀၂၂ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးတို့တွင် ကြော်ငြာထားပါမည်။

မှတ်ချက်။ (စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို စာပိုဒ် ၂ ပါ သတ်မှတ်ရက်များအတွင်း လာရောက်ထုတ်ယူရန်ဖြစ်သည်။ သတ်မှတ်ရက်ကျော်လွန်ပါက ထုတ်ပေးမည်မဟုတ်ပါ။)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ဒေါ်ညိုညို [၉/မနမ(နိုင်) ၀၃၄၀၂၉]နှင့် အများသိသာစေရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-E)။ မြေကွက်အမှတ်(၄၅-A²/၄-A²)။ မြေအမျိုးအစား (မြေပိုင်ဂရန်မြေ)။ မြေဧရိယာ (၀.၀၈၄) ဧကရှိသော ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရေကူးကန်လမ်း အမှတ်(၂၈-A/၁)ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ညိုညို[၉/မနမ (နိုင်)၀၃၄၀၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံမှ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချ၊ ပေါင်နှံပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ ငှားရမ်း၊ အာမခံထားခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန် အများသိသာစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးညွန့်တင်
[၁၄/ပသန(နိုင်)၁၇၃၂၉၂]

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးထွန်းနိုင်အောင် (LL.B,C.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၃၆)
အခန်း (၅၀၂)၊ တိုက် (၃)၊ သမိုင်းဘူတာရုံလမ်း၊ ရွှေထီးအိမ်ရာ၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၄၄၃၁၈၈၈၀၈၄

ဦးတင်ဦး (ခ) ခါလူာမိုဟီဒင်အား လွှဲအပ်ထားခဲ့သည့် မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာကို အပြီးအပိုင် ရုပ်သိမ်းပယ်ဖျက်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာချက်

ဒေါ်မြသန်း (S/OKA- ၀၅၃၀၉၃)မှ ဦးတင်ဦး(ခ)ခါလူာမိုဟီဒင်အား လွှဲအပ်ထားသည့် လွှဲစာအမှတ်- ၃၁၆၂၄/(၂၈-၁၁-၂၀၁၄) (GP) ၁-စောင် ကိစ္စနှင့်ပတ်သက်၍ အခြားမည်သည့်ကိစ္စရပ်များကိုမျှ အသုံးပြုရန်မရှိတော့ပါသဖြင့် (မောင်အရင်း) ဦးတင်ဦးမှ အထက်အမည်ပါ အစ်မအရင်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်နှင့် (GP) ၁-စောင်ကို ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းပယ်ဖျက်လိုက်ပြီးဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(ရုပ်သိမ်းပယ်ဖျက်ကြောင်းကြေညာသူ)
၁။ ဦးတင်ဦး (ခ) ခါလူာမိုဟီဒင် [၁၂/ဥကတ(နိုင်)၀၀၇၈၉၀]
အမှတ် (၃၁၀/ခ)၊ ရတနာလမ်း၊ ၁၁-ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၄၈၀၀၀၆၂၅

အများသိစေရန်ကြော်ငြာ

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ကွက်သစ်၊ အပိုင်း(င) ဦးပိုင်အမှတ်-(၅၅၄+၅၉၀) ဗိုလ်မှူးသိန်းနိုင်-ဒေါ်ခင်ပြုံးရွှေတို့ အမည်ပေါက်သောမြေဖြစ်ပါသည်။

အဆိုပါမြေအား အမှတ်-၈/၁၀၃၊ ဆန်ဆိုင်း(ခ)၊ ဟံသာဝတီ(၆)လမ်း တာချီလိတ်မြို့နေသူ ဦးဌေးဝင်း(ဘ)ဦးလှကြည်(၇/ပတန(နိုင်)၁၃၅၈၈၅)၏ အမည်သို့ ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါသည်။ အမည်ပြောင်း လျှောက်ထားလာခြင်းအား တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
တရားလွှတ်တော်ရှေ့နေ -ဒေါ်ကေသွယ်မိုး
(LL.B)(D.B.L) စဉ်-၉၈၈၈(၂၇-၅-၂၀၁၄)၊ ဖုန်း-09-402509522
သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။

စာအုပ်စာပေ လူ့မိတ်ဆွေ

ဦးမောင်မောင်
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုခမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊ အမှတ်(၆၆၅)နေ (ခေါင်းဆောင်ကျွန်း ဆရာတော် အသျှင် သီဠ္ဌ)(ခ) ဦးသန်းစိန်-ဒေါ်လှကြည်)တို့၏သား။ (ဦးညွှန့်စိန်-ဒေါ်ခင်နု)တို့၏သားသမက်၊ (ဦးမောင်မောင်အောင်)-ဒေါ်နီနီသန်း၊ ဦးသန်းဝင်း- ဒေါ်တင်တင်သန်း။ (ဦးလှသန်း)-ဒေါ်သန်းသန်းလှတို့၏ ညီ/မောင်၊ (ဦးသန်းအောင်(ခ)ဦးသံချောင်း)၊ ဦးမြင့်ဆွေ-ဒေါ်စိုးစိုးလှတို့၏အစ်ကို၊ မခင်ခင်ကေခိုင်၊ ကိုကျော်ဇင်-မပွင့်ကြူသင်းတို့၏ ဖခင်၊ မဟာနိုင်ငံသားအိမ်၏အဘိုး၊ ဒေါ်ခင်နွဲ့(ခ)ဒေါ်ပင်စီ(လျှပ်စစ်ဦးစီးဌာန၊ ဆ.လ.ရ)၏ ခင်ပွန်း ဦးမောင်မောင်သည် ၂၇-၃-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပျောက်ဆုံးခြင်း

ကျွန်တော်ရဲထွန်းဦး (CDC) (70531)၏ (All In One) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၀၄၉၅၇၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါ်ပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/သမုံနှာ-၂)မြေကွက်အမှတ်(၁/၆၄)ရှိ ယာ(၂၅'×၅၀')=(၁၂၅၀)စတုရန်းပေ=(၀.၀၂၈)ဧကမြေကွက်တည်နေရာအမှတ်(၁/၆၄)စေတီတော်လမ်း(၁)မြို့မလမ်းသမုံနှာ(၂)ရပ်ကွက်ဒေါပုံမြို့နယ်၊ ဒေါ်ဆိုးကြွ(၁၂/ဒပန(နိုင်)၀၁၇၃၄၁)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားတရားလိုဦးကျော်မြဲ ထွန်းမှ တရားပြိုင်ဒေါ်ဆိုးကြွ၊ ဒေါ်သန်းသန်းဝင်း၊ ဦးသောင်းဝင်း၊ ဒေါ်အေးအေးဝင်း၊ ဦးခင်လှိုင်၊ ဒေါ်မြင့်မြင့်တင်၊ ဦးဝင်းထိန်၊ ဒေါ်စန်းစန်းဝင်း၊ ဦးမျိုးအောင်တို့အပေါ် ဒေါ်ပုံမြို့နယ်တရားရုံး၊ ၂၀၁၈ ခုနှစ်တရားမကြီးမှုအမှတ်-၂၄ဖြင့်မြေနှင့်အိမ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုရာ(၃-၇-၂၀၁၉)ရက်စွဲပါအနိုင်ဒီကရီ၊ ဒေါ်ပုံမြို့နယ်တရားရုံး၊ ၂၀၁၉ခုနှစ်တရားမအဆင့်ဆင့်မှုအမှတ်-၁၄၈(၁၃-၁၁-၂၀၁၉)ရက်စွဲပါ တရားရုံးအစုစည်းမှတ်တမ်းဒေါ်ပုံမြို့နယ်တရားရုံး၏ ၅-၈-၂၀၂၀ရက်စွဲပါစာအမှတ် ၂၄၄(က)/၁၃-၁/၂၀၂၀ပါ ဘိုလ်ပိုင်ရှင်အဖြစ်ရယူ ပြုလုပ်ထားသည့် [illegible] လှူဒါန်း(၁၂/ဒပန(နိုင်)၀၂၈၉၁၃)မှတရားရုံး [illegible] ကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)မြေကွက်အမှတ်(၃၁၀/က)မြေကွက်တည်နေရာအမှတ်(၃၁၀/က)၊ [illegible] တောင်ဥက္ကလာပမြို့နယ် [illegible] ၀၄၄၁၀၀၊ အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား [illegible] ၁၃-၁၁-၂၀၁၂ ရက်စွဲ [illegible] ၂၂-၁၁-၂၀၁၂ ရက်စွဲ [illegible] ဒေါ်မြင့်မြင့် စန်း(၁၂/တကန(နိုင်)၀၅၉၉၅၄) [illegible] ကျမ်းကျိန်လွှာအမှတ် - ၁၂/၂၅၁၄/၂၀၂၀ (၂၅-၁၂-၂၀၂၀) [illegible] ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းကိရိယာများဝယ်ယူရေး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၏ အထွေထွေပိုလျှံရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

တည်ဆောက်ရေးလုပ်ငန်းများ

စဉ်	Lot	မြို့နယ်	လုပ်ငန်းအမျိုးအမည်	အရေအတွက်
(က)	Lot-1	ပခုက္ကူမြို့နယ်	ကမ္ဘနယ်မြေမီးသတ်စခန်း (၄၅×၅၀×၂၆)ပေ (၂)ထပ်(ပြင်ပရေ/မီးအပါ)	(၁)လုံး
(ခ)	Lot-2	ရေစကြိုမြို့နယ်	ကြက်ဆူကျင်းနယ်မြေမီးသတ်စခန်း (၄၅×၅၀×၂၆)ပေ (၂)ထပ်(ပြင်ပရေ/မီးအပါ)	(၁)လုံး
(ဂ)	Lot-3	မင်းလှမြို့နယ်	လက်ပံတံခါးနယ်မြေမီးသတ်စခန်း (၄၅×၅၀×၂၆)ပေ (၂)ထပ်(ပြင်ပရေ/မီးအပါ)	(၁)လုံး
(ဃ)	Lot-4	မင်းဘူးမြို့နယ်	ရွာသာယာနယ်မြေမီးသတ်စခန်း (၄၅×၅၀×၂၆)ပေ (၂)ထပ်(ပြင်ပရေ/မီးအပါ)	(၁)လုံး
(င)	Lot-5	ပွင့်ဖြူမြို့နယ်	ကျောင်းတော်ရာနယ်မြေမီးသတ်စခန်း (၄၅×၅၀×၂၆)ပေ (၂)ထပ်(ပြင်ပရေ/မီးအပါ)	(၁)လုံး

စက်ပစ္စည်းကိရိယာများဝယ်ယူရေး

စဉ်	Lot	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Lot-1	အမြှုပ်မီးသတ်ဆေးရည် AFFF(3%)	(၈၇)ပီပါ
(ခ)	Lot-2	Intellienge Lifebuoy	(၂၅)ခု
(ဂ)	Lot-3	Leader Mix	(၂၅)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၄-၂၀၂၂ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၇-၅-၂၀၂၂ရက် (၁၆:၀၀) နာရီတွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ (၀၆၃-၂၃၂၃၁၊ ၀၆၃-၂၈၆၈၆) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါဗဟိုကော်မတီ

ဒေါ်ဖြူဖြူထွေးနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၇)လမ်း၊ အေး တိုက်(၂)၊ အခန်း(၀၀၁)နေ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၆/ပလန(နိုင်)၀၀၃၁၁၃]ကိုင်ဆောင်သူ ဦးကိုကိုကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ ပစ္စည်းများသည် ဦးကိုကိုကျော်နှင့် ဒေါ်ဖြူဖြူထွေး[၆/သရခ(နိုင်)၀၄၃၃၈၀]တို့နှစ်ဦးပိုင် ပစ္စည်းများအဖြစ်တည်ရှိနေသော ပစ္စည်းများဖြစ်ပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၇)လမ်း(A)၊ တိုက်-၂ အခန်း-၀၀၁ရှိတိုက်ခန်း။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကွင်းအမှတ်-၄၄၃၊ ဦးပိုင်အမှတ်-၁၂/၃၊ လယ်ယာမြေ။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်-၁၉၆၊ ၇၈-ရပ်ကွက်၊ အိမ်ခြံမြေ။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဓာတ်မြေရပ်ကွက်၊ ဆရာစံ(၄)လမ်း၊ အိမ်အမှတ်-၆၇၁/ခ၊ အိမ်ခြံမြေ။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းမြို့နယ်၊ ကွမ်းခြံလမ်း(အိမ်ခြံမြေ)။

၆။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကျွဲစပ်ကျေးရွာ၊ ကွင်းအမှတ်-၃၉၃-ဘီ၊ ဦးပိုင်အမှတ်-၁၄၉၊ အိမ်ခြံမြေ/ဥယျာဉ်ခြံမြေ။

၇။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ သိမ်ချောင်းရပ်ကွက်၊ ကွင်းအမှတ်-၄၄၃၊ ဦးပိုင်အမှတ်-၁၂/၃ရှိ ပေ(၂၀×၈၀)၊ လယ်ယာမြေ။

၈။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ သိမ်ချောင်းရပ်ကွက်၊ ကွင်းအမှတ်-၄၄၃၊ ဦးပိုင်အမှတ်-၁၂/၃ ရှိ ပေ(၁၅×၈၀)၊ လယ်ယာမြေ။

၉။ မော်တော်ယာဉ်အမှတ်-2K-5838, HondaFit မော်တော်ယာဉ်(၁)စီး။

၁၀။ မော်တော်ယာဉ်အမှတ်-3M-9573, Jin Bei Haise မော်တော်ယာဉ်(၁)စီး။

အဆိုပါပစ္စည်းများအပြင် အခြားရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းများအား ဦးကိုကိုကျော်၏ သဘောတူညီချက်မရဘဲ အခြားသူတစ်ဦးဦးထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ လက်ဝယ်ထိန်းသိမ်းထားခြင်းမပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ်ကြောင်း စုံစမ်းစစ်ဆေးသိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေါ်ဖြူဖြူထွေးနှင့်ပတ်သက်၍ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များသည်လည်း ဦးကိုကိုကျော်နှင့်သက်ဆိုင်ခြင်းမရှိဘဲ ၎င်းကိစ္စရပ်များကိုလည်း ဦးကိုကိုကျော်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကိုကိုကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်မြင့်(ကနောင်)	**ဒေါ်ဆွေသီလင်း**
LL.B, WIPO (Switzerland) စဉ်-၂၇၁၆/၁၉၈၄	**(LL.B) စဉ်-၁၅၆၁၀/၂၀၁၉**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ ၃၅-လမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၀၈၇၅၄၊ ၀၉-၇၈၀၀၀၁၉၅၁၊ ၀၉-၈၆၁၀၄၁၆

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစိန်သောင်း (မော်လမြိုင်)
ဦးစီးအရာရှိ (ငြိမ်း)
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၄၇၃)နေ (ဦးအုန်းရွှေ-ဒေါ်မွှားသီ) တို့၏ ချစ်လှစွာသောသား၊ (ဦးငွေခင်-ဒေါ်လှမြိုင်)တို့၏သားသမက်၊ ဒေါ်စန်းမြင့်(ခ) ဒေါ်မြင့်မြင့်စန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မိမိစိန် (ဒုတိယညွှန်ကြားရေးမှူး၊ အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန)၊ ဦးရဲထွဋ်-ဒေါ်သန်းသန်းဆွေ၊ (ဗိုလ်တင်ထွဋ်)၊ ဦးအောင်မိုး-ဒေါ်ဝင့်သူသူထွန်း၊ (ဦးသောင်းထိုက် (ဗဟိုတရားလွှတ်တော်ရှေ့နေ)-ဒေါ်ဥမ္မာ)၊ ဒုရဲမှူးဆန်းညွှန့်အောင် (မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)- ဒေါ်မြင့်မြင့်စိန်(ခ) ချောချောတို့၏ ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၅-၄-၂၀၂၂ (တနင်္လာနေ့) ည ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၂၂ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အေးတင် (စာရေးဆရာမ နှမ့်ခမ်းအေး)
စာပေဗိမာန်၊ စာတည်း(ငြိမ်း)
အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက်ဟောင်း (၁)၊ အခန်း(၁၆)နေ (ဦးဘသိန်း-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးခင်သန်း)၏ချစ်လှစွာသောဇနီး၊ (ဦးကျော်ဇေသန်း)၊ ဦးကျော်ရှိန်သန်း (စစစ-ငြိမ်း)-ဒေါ်အေးအေးမွန်၊ (ဦးကျော်သူသန်း)၊ ဒေါ်ခင်ဆွေဆွေသန်း (ထူးထရေးဒင်း ကုမ္ပဏီ)၊ ဦးကျော်လွင်သန်း (DCIA)-ဒေါ်စောယုအေး တို့၏ကျေးဇူးရှင်မိခင်၊ Dr. စုယမင်း၊ မသဉ္ဇာအေးတို့၏ချစ်လှစွာသော အဘွားသည် ၆-၄-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အဲလ်ဟာဂျီဦးဟာရွန်းမူဟာမက်အီဆက်(ခ)
ဦးကျော်ကျော်လွင်
အသက်(၅၄)နှစ်
လွင်မင်္ဂလာ-ဓာတ်ငွေ့ရောင်းဝယ်ရေး
(အောင်မင်္ဂလာ အဝေးပြေးဝင်း)မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၃)လမ်းနေ [ဟာဂျီ ဦးမူဟာမက်အီဆက်(ခ) ဦးမောင်မောင်လွင်]-ဟာဂျီမ ဒေါ်နုနု (လွင်မိသားစု)တို့၏ သား၊ ပြင်ဦးလွင်မြို့နယ်၊ ရွှေစည်းခုံရပ်ကွက်နေ [ဦးယူစွဖ်အချား-ဒေါ်ရပ်ဟီမား(ခ) ဒေါ်ပူတူး]တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၃၇/၃၉)၊ ရွှေသိရိကွန်ဒို၊ (၅၆)လမ်းနေ ဟာဂျီမဒေါ်မော်မော်ထွေး၏ ခင်ပွန်း၊ အမင်၊ အအေးရ်၊ အမာန်းတို့၏ ဖခင်သည် ၅-၄-၂၀၂၂(တနင်္လာနေ့) နံနက် (၄:၄၅)တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၅-၄-၂၀၂၂ (တနင်္လာနေ့) ဇုဟိုရ်နမာဇ်အပြီး ရေဝေးစွန်နီကဘာရ်တွင် ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
(၃/၂၀၂၁-၂၀၂၂)ကြိမ်မြောက်
စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **သစ်မာ သစ်လုံး/ခွဲသားများ တန်(၈၃၀၀)ခန့်**ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ကြိုတင်ကာကွယ်ရေးအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးလျက် Online စနစ်ဖြင့် အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်နေ့ရက်နှင့် အချိန် - (၂၃-၄-၂၀၂၂)ရက် နံနက်(၉:၃၀)နာရီမှ စတင်မည်

(ခ) ရောင်းချမည့်ဒေသများ - စစ်ကိုင်းတိုင်းဒေသကြီး (အနောက်)

(ဂ) ရောင်းချမည့်နေရာ - ယင်းမာခန်းမ၊ အမှတ်(၇၂/၇၄)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော **www.mte.com.mm** တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်

ဦးအောင်ကြီး
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ၁၀၂(က) မြေဝတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးစိန်ဖေ- ဒေါ်ခင်စောနွဲ့)တို့၏သားငယ်၊ (ဦးကျော်မြင့်)- ဒေါ်ခင်ဝင်းတို့၏ သားသမက်၊ (ဦးခင်ဖေဦး)၊ ဦးမင်းလွင်-ဒေါ်စန္ဒာလွင်(Florida,USA)တို့၏ညီငယ်၊ ဒေါ်သီတာမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မခင်သီဂီအောင်-မောင်ဖြိုးဝေဉာဏ်သိန်း၊ မောင်ရန်မျိုးအောင်၊ မမြသက်ချယ်-မောင်မြင့်မြတ်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မနှင်းဝတ်ရည်ဦး-မောင်အောင်ပြည့်စုံဖြိုး၊ မကြည်စင်သန့်လွင် (Crystal,USA)တို့၏ ချစ်လှစွာသော ဦးလေး ဦးအောင်ကြီးသည် ၅-၄-၂၀၂၂ (တနင်္လာနေ့) ည ၇:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၆-၄-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကိုမောင်(ခ)ကိုကျော်သူဝေမောင်
အသက်(၅၃)နှစ်

အမှတ်(၉၂)၊ ပထမထပ်၊ ကျွန်းတောလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ [ဗိုလ်မှူးချုပ် မြင့်မောင်(ငြိမ်း)]-ဒေါ်တင်မာဝေတို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသား၊ (ဦးစိုးတင့်)-ဒေါ်စိန်လှ၊ (ဦးကျော်တင့်)-ဒေါ်မြမြအေး၊ (ဦးတင်အောင်)၊ ဒေါ်ခင်မြင့်ကြည်၊ ဦးခင်မောင်စိုး-ဒေါ်တင့်တင့်ဆွေ၊ ဦးသန်းထွန်းဦး-(ဒေါ်မြင့်မြင့်သန်း)၊ ဒေါ်ကံတာဝင်းမြင့်အောင်-ဒေါ်ဝင်းဝင်းထွေး၊ (ဦးစိုးစိုးလှိုင်-ဒေါ်မိမိစန်း)၊ ဦးမျိုးသန့်ဆွေ၊ ဦးမင်းဇော်လှိုင်-ဒေါ်စန္ဒာထွေးတို့၏တူ၊ (ကိုအောင်ကျော်ဦး)-မခင်စန်းဝင်းတို့၏ ညီ၊ ညီ/ညီမ ၁၄ ယောက်တို့၏ အစ်ကိုကြီးသည် ၄-၄-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၄-၂၀၂၂(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးရဲထွဋ်(ခ) ဦးဂျင်မီအုန်းစိန်
အသက်(၇၄)နှစ်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်၊ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်- ဒေါ်ဝင်းသန္တာ တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးရဲထွဋ်(ခ) ဦးဂျင်မီအုန်းစိန်သည် ၆-၄-၂၀၂၂ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲ ရပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုကော်မတီဝင်များ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဉာဏ်ထွန်း
အသက်(၆၉)နှစ်

မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများ အသင်းချုပ် (Federation of MLCA) မှဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးဖြစ်သူ ဒေါ်လှဲ့ရည်ဝင်း၏ဖခင် ဦးဉာဏ်ထွန်းသည် ၅-၄-၂၀၂၂ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအမှုဆောင်ကော်မတီဝင်များ
မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂ မြေကွက်အမှတ်-၁၈၁၃ မြေကွက်တည်နေရာအမှတ်(၁၈၁၃)မဟာဆွေလမ်း(၄၂)ရပ်ကွက်ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်မလေး(CE-၀၂၀၂၂၆)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား [illegible] တရားရုံး [illegible] အမှတ်-၃၂/၂၀၂၂ [illegible] (၈-၆-၂၀၂၀)ရက် [illegible] အမှတ်-၁၈/၂၀၂၀ [illegible] ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြမြေစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းက မှာယူထားသည့် လေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိ

နေပြည်တော် ဧပြီ ၇
အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)က မှာယူထားသည့် Air Bus A320-214 XY-ALR လေယာဉ်သစ်သည် ဧပြီ ၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

Air Bus A320-214XY-ALR လေယာဉ်တွင် Business Class ထိုင်ခုံ ရှစ်ခုံနှင့် Economy Class ထိုင်ခုံ ၁၆၂ ခုံပါရှိပြီး ခရီးသည်စုစုပေါင်းဦးရေ ၁၇၀ တင်ဆောင်နိုင်မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ယင်းလေယာဉ်သစ်ကို ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီကတည်းက မှာယူထားခြင်းဖြစ်ပြီး ယခုအချိန်မှသာ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - ကိုညီလေး

ကြေးမုံ ယနေ့ ဖတ်စရာ

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ကလေးငယ်များအပေါ် ထိရောက်မှု ရှိ၊ မရှိ စမ်းသပ်မှုပြုလုပ်ခြင်းကို ယာယီရပ်ဆိုင်း
စာမျက်နှာ » ၁၁

ဗြိတိန်နိုင်ငံ၌ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်
စာမျက်နှာ » ၁၂

အရွယ်ရောက်ပြီးသူ အမေရိကန်နိုင်ငံသားများအတွက် ကာကွယ်ဆေးထိုးနှံပေးမည့်ရက်ကို ဧပြီ ၁၉ ရက်သို့ ပြောင်းလဲသတ်မှတ်
စာမျက်နှာ » ၁၃

စာပေဗိမာန်စာမူဆု နှစ် ၅၀ ကျော်ခရီးတစ်ခု
စာမျက်နှာ » ၁၅

ညောင်ဦးမြို့နယ် ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

ညောင်ဦး ဧပြီ ၇
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာနှင့် တောင်ဇင်းကျေးရွာအုပ်စု ကျားခုတ်တဲတိုက်ရှိ ဒေသခံကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်နှင့် ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာသည် အိမ်ခြေ ၁၆၅ အိမ်၊ လူဦးရေ ၈၀၀ ကျော် နေထိုင်လျက်ရှိပြီး ဒေသခံပြည်သူများမှာ ကျေးရွာရှိ စက်ရေတွင်းမှထွက်ရှိသောရေမှာ ထုံးဓာတ်များ ပါဝင်နေသဖြင့် နှစ်ရက်ခန့်ထားပြီးမှသာ သုံးစွဲနေရ၍ ယခုလို နွေကာလတွင် သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရကြောင်း၊ မိုးတွင်းကာလများတွင်သာ သောက်သုံးရေအတွက် အဆင်ပြေကြကြောင်း အဆိုပါ ရွာသစ်တောင်ကျေးရွာရှိ ဒေသခံပြည်သူများထံမှ သိရသည်။ စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ●

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်က လီဗာပူးကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိ

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ လီဗာပူးအသင်းတို့ ယမန်နေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက လီဗာပူးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂၇ မိနစ်နဲ့ ၆၅ မိနစ်တို့မှာ ဗီနီစီးယပ်ဂျူနီယာက နှစ်ဂိုးနဲ့ ပွဲကစားချိန် ၃၆ မိနစ်မှာ အဆန်နီစီယိုက တစ်ဂိုးအသီးသီး သွင်းယူပေးခဲ့တာဖြစ်ပြီး လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ တိုက်စစ်မှူး ဆာလာက ပွဲကစားချိန် ၅၁ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဆာလာဟာ အခုနှစ် ဘောလုံးရာသီမှာ လီဗာပူးအသင်းနဲ့အတူ သွင်းဂိုးစုစုပေါင်း ၂၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ အဆန်စီယိုကတော့ အခုနှစ်ဘောလုံးရာသီမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ လေးပွဲဆက်တိုက်ဂိုးသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းတစ်ရပ်ကို စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် ဧပြီ ၁၀ ရက်မှာ ဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး လီဗာပူးအသင်းကတော့ လာမယ့်ပွဲစဉ်အဖြစ် စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❐